# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


## မပြစ်မှားမိအောင် သတိပြု

မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို တုတ်၊ ဓား၊ လှံ စသည် လက်နက်တို့ဖြင့် ပြစ်မှားသောသူမှာ ဆင်းရဲ၏။ ပြင်းထန်သော ဝေဒနာခံစားရ၏။ ဥစ္စာပစ္စည်းဆုံးရှုံး၏။ ကိုယ်အင်္ဂါ ပျက်စီး၏။ အနာစွဲကပ်၏။ ရူးသွပ်၏။ စိတ်ပျံ့လွင့်၏။ အစွပ်စွဲခံရ၏။ ဆွေမျိုးတို့ ပျက်စီး၏။ ပကတိမီး၊ လောင်မီးတို့ လောင်ခြင်းခံရ၏။ သေသော် ငရဲသို့ ကျရောက်ရ၏။ (မပြစ်မှားအပ်သော ပုဂ္ဂိုလ်တို့ကို မပြစ်မှားမိအောင် သတိပြုဆင်ခြင်သင့်၏။)

ဒဏ္ဍဝဂ်(ဓမ္မပဒ-၁၄၀)


၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၃ ရက် | ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၂၀ ရက်၊ အင်္ဂါနေ့ | အတွဲ (၆၂)၊ အမှတ် (၀၈၁)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်အားပေးချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၁၉

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့်တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိဘောလုံးကွင်း၌ ကျင်းပရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြည့်ရှုအားပေးကြပြီး ဆုများ ပေးအပ်ချီးမြှင့်သည်။

### ကြည့်ရှုအားပေး

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ *စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား တံခွန်စိုက်ဖလား ပေးအပ်ချီးမြှင့်စဉ်။


**ယနေ့ ဖတ် စ ရာ**

NUG/PDF အဖွဲ့တို့၏ ရက်စက်ယုတ်မာသော တမှုးအကြမ်းဖက်မှုဖြစ်စဉ် — ဆောင်းပါး စာ - ၆

ဂျပန်နိုင်ငံ တိုဟိုကူတောင်ပိုင်းနှင့် နီဂါတာမြို့၌ နှင်းများ စံချိန်တင်ကျရောက် — နိုင်ငံတကာသတင်း စာ - ၁၃

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက် (၅) ရပ်

၁။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို အမျိုးသားရေးလုပ်ငန်းစဉ်များအဖြစ် အစွမ်းကုန် ကြိုးစားဆောင်ရွက်ရေး။

၃။ နိုင်ငံအကျိုး၊ တိုင်းရင်းသားပြည်သူလူထုအကျိုးကို ရှေးရှုပြီး "ရှေ့သို့ချီမည်၊ ပန်းတိုင်ဆီ" (Keep Moving Forward to Achieve Our Goal) ဆောင်ပုဒ်အတိုင်း ပိုမိုကောင်းမွန်သော နိုင်ငံတော်နှင့် လူမှုစီးပွားဘဝတည်ဆောက်ရေး။

၄။ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ခိုင်မာသည့် သန္နိဋ္ဌာန်ဖြင့် ကြိုးပမ်းဆောင်ရွက်ရေး။

၅။ လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပရေးနှင့် တိုင်းရင်းသားအားလုံး အချိုးကျကိုယ်စားပြု ပါဝင်နိုင်သည့် ရွေးကောက်ပွဲစနစ်ဖြစ်ပေါ်လာစေရေး။

## မြန်မာ့အလင်း

# အကြမ်းဖက်လုပ်ရပ် အမြစ်ဖြတ်ရှင်းလင်း

ပန်းဆိုးတန်း – ဒလ ကူးတို့ရေယာဉ် ချယ်ရီ (၂)ကို PDF အကြမ်းဖက်တို့ မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ ခရီးသွား ၁၇ ဦးတို့ မိုင်းစထိမှန်ဒဏ်ရာရရှိခဲ့သည့် ဖြစ်စဉ်က အကြမ်းဖက်သမားတို့၏ ရက်စက်ယုတ်မာမှုနှင့် အသိဉာဏ်နိမ့်ကျမှုတို့ကို နောက်ထပ် သက်သေပြလိုက်ခြင်းပင်ဖြစ်သည်။ ပြည်တွင်းရေကြောင်းပိုင် အဆိုပါ ကူးတို့ရေယာဉ်များသည် ရန်ကုန်မြစ်တစ်ဖက်ကမ်းတွင် နေထိုင်ကြသော ပြည်သူလူထု နေ့စဉ်နှင့်အမျှ ကူးသန်းသွားလာကြရာတွင် အဓိကမှီခိုအားထားကြရသော ရေယာဉ်များဖြစ်သည်။ ဒလ၊ တွံတေး၊ ကွမ်းခြံကုန်း အစရှိသည့် ဒေသများမှ ပြည်သူများ၊ ရုံးသူရုံးသား ဝန်ထမ်းများ၊ ကျောင်းသူ ကျောင်းသားများ၊ ဈေးရောင်း ဈေးဝယ်၊ ခေါင်းရွက် ဗျပ်ထိုးများ၊ ရဟန်းရှင်လူ ခရီးသည်များနှင့် ပြည့်နှက်နေလေ့ရှိသည့် ရေယာဉ်ကို လက်လုပ်မိုင်းထောင် ဖောက်ခွဲတိုက်ခိုက်သူတို့၏ တော်လှန်ရေးအတွေးအခေါ်မှာ အံ့ဩဖွယ်ရာဟုပင် ဆိုရမည်ဖြစ်သည်။

အလားတူ ရန်ကုန်– မော်လမြိုင် ခရီးသွားလာမှုများပြေးလာခြင်းအပေါ် အဆင်ပြေစေရန်အတွက် ရန်ကုန်–မော်လမြိုင် ညရထားခရီးစဉ်ကို ဒီဇင်ဘာ ၁၁ ရက်တွင် စတင်ခဲ့ပြီးနောက် ဒီဇင်ဘာ ၁၃ ရက်တွင် သထုံမြို့နယ်အတွင်း ကုန်ရထားတစ်စင်း မိုင်းခွဲတိုက်ခိုက် ခံခဲ့ရသည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။ ထိုဖြစ်စဉ်ကြောင့် ကုန်ရထားတွဲဆိုင်းများ လမ်းချော်တိမ်းမှောက်ကာ ရထားပေါ်ပါ အိမ်ဆောက်ပစ္စည်းများ ပျက်စီးဆုံးရှုံးခဲ့ရသည့်အပြင် ရထားလမ်းပျက်စီးသွားသဖြင့် ရန်ကုန် – မော်လမြိုင် အစုန်– အဆန် ရထားခရီးစဉ်များ ဖျက်သိမ်းလိုက်ရပြီး ခရီးသွားပြည်သူ ၄၅၀၀ ခန့် အခက်အခဲကြုံတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံ ပြိုလဲပျက်စီးရေးအတွက် ပြည်ပမှ ပေးအပ်လာမည့် အထောက်အပံ့များကို မျှော်ကိုးနေကြရသည့် အကြမ်းဖက်မှုကို လိုလားသူများ၊ အကြမ်းဖက်သမားများအနေဖြင့် တပ်မတော်တပ်စခန်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို တိုက်ခိုက်ခြင်းမပြုနိုင်ဘဲ အကာအကွယ်မဲ့ ပြည်သူများနှင့် ယာဉ်ရထားများ၊ လမ်းတံတားများ၊ ဆက်သွယ်ရေးတာဝါတိုင်နှင့် ဓာတ်အားပို့ဆောင်သည့် ကေဘယ်လိုင်းများ၊ ဓာတ်တိုင်များ စသည်တို့ကိုသာ အကြမ်းဖက်တိုက်ခိုက် ဖျက်ဆီးနေကြပြီး ပြည်ပအခြေစိုက် အကြမ်းဖက်လက်ဝေခံ မီဒီယာများနှင့် မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်လိုကြသည့် နိုင်ငံအချို့က နောက်မှနေ၍ မြှောက်ပင့်အားပေးနေကြခြင်းဖြစ်သည်။

၎င်းတို့အနေဖြင့် အကြမ်းဖက်လူသတ်ဝါဒကို စွဲကိုင်ထားသည့် NUG၊ CRPH၊ PDF အကြမ်းဖက်အဖွဲ့အစည်းများအား မည်သို့ပင် အမွှမ်းတင်၊ အရောင်တင်ပေးနေကြစေကာမူ တစ်နေ့ထက်တစ်နေ့ ပိုမိုထင်ရှားလာသည့် အကြမ်းဖက်ဝါဒ၏ ဆိုးရွားလှစွာသော ရက်စက်ကြမ်းကြုတ်မှုများမှာ တစ်ခုပြီး တစ်ခု ဖုံးမရ ဖိမရအောင် ပေါ်ထွက်လာလျက်ရှိနေသည်။ တစ်ဖက်တွင်လည်း ဒေသတည်ငြိမ်အေးချမ်းမှုကို လိုလားပြီး အကြမ်းဖက်အဖျက်လုပ်ရပ်များနှင့် လူသတ်ဝါဒတို့ကို ရွံရှာမုန်းတီးကြသည့် တိုင်းရင်းသားပြည်သူလူထုများက တိကျစွာ သတင်းပေးမှုများကြောင့် နိုင်ငံကို စစ်မီးတောက်လောင်စေရန် ပြည်ပအထောက်အပံ့များမှတစ်ဆင့် ပြည်တွင်းသို့ ဝင်ရောက်လာနေသည့် လက်နက်ခဲယမ်းများကို ပမာဏကြီးမားလှစွာ ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။

အကြမ်းဖက်သတ်ဖြတ် ဖျက်ဆီးမှုများကြောင့် နိုင်ငံရေးရည်မှန်းချက်များ အောင်မြင်ပေါက်မြောက်မှုဟူသည် မည်သည့်အခါကမျှ မရှိခဲ့ဖူးသည့်အပြင် အကြမ်းဖက်ဝါဒဟူသည် လူသားတို့၏ ဆန့်ကျင်ရှုတ်ချမှုကြောင့် ကျဆုံးရစမြဲ။ ပြည်သူများအပေါ် အကြောက်တရားဖြင့် လွှမ်းမိုးနိုင်ရေးအတွက် အကြမ်းဖက်ဝါဒကို လက်နက်သဖွယ် အသုံးပြုမှုများ ထပ်မံမပေါ်ပေါက်ရေး လူတိုင်းက ဝိုင်းဝန်းဖော်ထုတ်တားဆီးကာကွယ်နိုင်ကြပါစေကြောင်း။ ။

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ အတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများ ခန့်ထားခြင်း**

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများကို အစမ်းခန့်ကာလ (၁) နှစ် ပြည့်မြောက်သည့် နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်–

| | အမည် | ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးရဲရင့်လွင် | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး<br>ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် |
| (ခ) | ဦးသိန်းဆွေ | ညွှန်ကြားရေးမှူးချုပ်<br>အကောက်ခွန်ဦးစီးဌာန<br>စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန |
| (ဂ) | ဒေါက်တာမြင့်မြင့်သန်း | ညွှန်ကြားရေးမှူးချုပ်<br>ပြည်သူ့ကျန်းမာရေးဦးစီးဌာန<br>ကျန်းမာရေးဝန်ကြီးဌာန |

၂။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်–

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဒေါ်ခင်ခင်သီ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| (ခ) | ဒေါ်သန္တာလေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>စစ်ဆေးရေးဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး | ညွှန်ကြားရေးမှူးချုပ်<br>စီမံရေးရာ၊ လေ့ကျင့်ရေးနှင့် သုတေသနဦးစီးဌာန<br>ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |

# စိန်ရတုလွတ်လပ်ရေးနေ့ (အကြို) အလွတ်တန်း ဖူဆယ် ဘောလုံးပြိုင်ပွဲကျင်းပ

**ငါးသိုင်းချောင်း ဒီဇင်ဘာ ၁၉**

ကျုံပျော်ခရိုင် ငါးသိုင်းချောင်းမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ကျင်းပသော (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့(အကြို) မြို့အုပ်ချုပ်ရေးမှူးဖလား အလွတ်တန်း ဖူဆယ်(ဂိုးလတ်) ဘောလုံးပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ငါးသိုင်းချောင်းမြို့ ဘောလုံးအားကစားကွင်း၌ ကျင်းပရာ မြို့အုပ်ချုပ်ရေးမှူး ဦးရဲထက်အောင်က အမှာစကားပြောကြားပြီး အားကစားကြီးကြပ်မှုကော်မတီအဖွဲ့ဝင်တစ်ဦးက ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို အသိပေးပြောကြားသည်။

အဆိုပါ အလွတ်တန်း ဖူဆယ်(ဂိုးလတ်)ဘောလုံးပြိုင်ပွဲတွင် ရပ်ကွက်/ ကျေးရွာများမှ ဘောလုံးအသင်း ၃၃ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အုပ်စု ရှစ်စုခွဲကာ ယနေ့နံနက်ပိုင်းမှစ၍ တစ်ရက်လျှင် ပွဲစဉ်လေးပွဲကစားသွားမည်ဖြစ်ကြောင်းနှင့် လူငယ်လူရွယ်များ၊ မိဘပြည်သူများ ပျော်ရွှင်စွာဖြင့် ပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်အားပေးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အရှေ့ပိုင်းဒေသများတွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနေမည်။

**မိုး/ဇလ**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) အသက် (၁၈) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲအဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

❐ *ရှေ့ဖုံးမှ*

နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယ ဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားအသင်းများအလိုက် အုပ်ချုပ်သူများ၊ နည်းပြများနှင့် အားကစားသမားများ၊ ဝန်ကြီးဌာန များမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ အားကစား ဝါသနာရှင်ပြည်သူများ တက်ရောက်ကြည့်ရှုအားပေး ကြသည်။

### နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိ

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) အသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ အဆိုပါအသင်းများသည် ဗိုလ်လုပွဲသို့ တက်ရောက်လာကြသည့် အသင်းများဖြစ်သည်နှင့်အညီ တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ဖိအားပေး အကြိတ်အနယ်ယှဉ်ပြိုင်ကြပြီး ပွဲကစားချိန် ၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက အဖွင့်ဂိုးရရှိခဲ့သည်။ ယင်းနောက် နှစ်ဖက်အပြန်အလှန် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြပြီး မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

### ဂုဏ်ပြုဆုတံဆိပ်များ ချီးမြှင့်

ယင်းနောက် ဆုချီးမြှင့်ခြင်း အခမ်းအနားကို ဆက်လက်ကျင်းပရာ အကောင်းဆုံးအားကစားသမားဆုရရှိခဲ့ကြသည့် အားကစားသမားများကို ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးစိုင်းလုံးဆိုင်၊ ဦးမောင်းဟာ၊ Jeng Phang နော်တောင်နှင့် ဒေါ်အေးနုစိန်တို့က ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် အသင်းလိုက် စတုတ္ထဆုရရှိသည့် ကချင်ပြည်နယ်အသင်းအား ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းက လည်းကောင်း၊ တတိယဆုရရှိသည့် ဧရာဝတီတိုင်းဒေသကြီးအသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက လည်းကောင်း၊ ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား ကောင်စီဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦးကလည်းကောင်း တစ်ဦးချင်းဆုတံဆိပ်၊ ဂုဏ်ပြုဆုနှင့် ချီးမြှင့်ငွေများကို ပေးအပ်ချီးမြှင့်ကြသည်။*စာမျက်နှာ ၄ သို့*





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးစိုင်းလုံးဆိုင် အကောင်းဆုံးအားကစားသမားဆုရရှိခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် Jeng Phang နော်တောင် အကောင်းဆုံးအားကစားသမားဆုရရှိခဲ့သူ တစ်ဦးအား ဂုဏ်ပြုဆုတံဆိပ်နှင့် ချီးမြှင့်ငွေ ပေးအပ်စဉ်။

*စာမျက်နှာ ၃ မှ*

ဆက်လက်၍ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းအား ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးက တစ်ဦးချင်းဆုတံဆိပ်များကို ပေးအပ်ချီးမြှင့်သည်။

**ရင်းရင်းနှီးနှီးနှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေနှင့် တံခွန်စိုက်ဖလားတို့ကို ပေးအပ်ချီးမြှင့်ကြပြီး အားကစားသမားများကို ရင်းရင်းနှီးနှီးနှုတ်ဆက်ကြသည်။

**အနိုင်ရဗိုလ်စွဲပြီး တံခွန်စိုက်ဒိုင်းဆုကိုရရှိ**

မြန်မာ့ဘောလုံး အားကစားလောက အဆင့်အတန်း တိုးတက်မြင့်မားလာစေရန်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ထူးချွန်ထက်မြက်သည့် မျိုးဆက်သစ်(အမျိုးသမီး)ဘောလုံးအားကစားသမားများစွာ ပေါ်ထွက်လာစေရန်ရည်ရွယ်၍ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်း၍ ၂၀၂၃ ခုနှစ် (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌဖလား ပြည်နယ်နှင့် တိုင်းဒေသကြီး (အလွတ်တန်းဖိတ်ခေါ်) U – 18 (အမျိုးသမီး) ဘောလုံးပြိုင်ပွဲ ပွဲစဉ်များကို ဒီဇင်ဘာ ၅ ရက်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယနေ့တွင် ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ရှမ်းပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီး အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ခြင်းဖြစ်ကာ မန္တလေးတိုင်းဒေသကြီးအသင်းက အနိုင်ရဗိုလ်စွဲပြီး တံခွန်စိုက်ဒိုင်းဆုကို ရရှိခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းအား ဂုဏ်ပြုချီးမြှင့်ငွေ ပေးအပ်ချီးမြှင့်စဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း စတုတ္ထဆုရရှိသည့် ကချင်ပြည်နယ်အသင်းအား ချီးမြှင့်ငွေ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်ချုပ်ကြီး မြထွန်းဦး ဒုတိယဆုရရှိသည့် ရှမ်းပြည်နယ်အသင်းအား ချီးမြှင့်ငွေ ပေးအပ်စဉ်။

## ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်များအတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယူနီဖောင်းများ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်နှင့် ဇလွန်မြို့နယ်များအတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ယူနီဖောင်းများ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခြင်းကို ယနေ့မွန်းလွဲပိုင်းတွင် ဟသ်ာတမြို့ရှိ နယ်မြေခံတပ်ရင်းခန်းမ၌ ပြုလုပ်ရာ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကြည်ခိုင်နှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက အဖွင့်အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် ယူနီဖောင်းများ၊ ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပြည်သူ့စစ် (ဌာနေ)တပ်ဖွဲ့ဝင်များအား နယ်မြေခံဆေးအဖွဲ့က လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်နေမှုများကို တိုင်းမှူးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီး အသင်းအား တစ်ဦးချင်းဆုတံဆိပ် ပေးအပ်ချီးမြှင့်စဉ်။ (သတင်း-ရှေ့ဖုံး)




ပထမဆုရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်း ဆုဖလားနှင့်အတူ အောင်ပွဲခံနေစဉ်။ (သတင်း-ရှေ့ဖုံး)

# ဆောင်းနေကြာ စိုက်ပျိုးရာသီကုန်ကာလနီးပြီဖြစ်၍ လျာထားကေပြည့်မီရေး ဝိုင်းဝန်းကြိုးပမ်းကြရန်လို

**နေပြည်တော်  ဒီဇင်ဘာ ၁၉**

စားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံများ တိုးချဲ့စိုက်ပျိုးရေး ကော်မတီ၏ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးဝင်းရှိန်၊ ဦးလှမိုး၊ ဦးအောင်နိုင်ဦး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။





အစည်းအဝေးတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ အချိန်တိုအတွင်း တိုးချဲ့စိုက်ပျိုးနိုင်ပြီး တစ်ဧကဆီထွက်နှုန်းကောင်းမွန်သည့် နေကြာသီးနှံ တိုးချဲ့စိုက်ပျိုးရေးစီမံကိန်းကို ရေးဆွဲဆောင်ရွက်လျက်ရှိရာ ဆောင်းနေကြာ စိုက်ပျိုးရာသီကုန်ကာလ နီးပြီဖြစ်၍ လျာထားကေပြည့်မီရေး ဝိုင်းဝန်းကြိုးပမ်းကြရန်လိုကြောင်း၊ နေကြာသီးနှံ စိုက်ပျိုးဧရိယာ တိုးချဲ့ရေးသာမက တောင်သူများ စီးပွားရေးအရ တွက်ခြေကိုက်ရန် တစ်ဧကအထွက်နှုန်း တိုးတက်ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးနည်းစနစ် မှန်ကန်ရေး၊ ချေးငွေနှင့် သွင်းအားစုများ အချိန်မီ ရရှိရေးနှင့် ထိရောက်စွာ အသုံးပြုနိုင်ရေး၊ စိုက်ပျိုးရေရရှိရေးတို့ကို အလေးထား ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်၍စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က နိုင်ငံတော်မှ စီမံကိန်းလုပ်ငန်းများ အောင်မြင်စေရေးအတွက် ခွင့်ပြုပေးထားသော ရန်ပုံငွေကို ထိထိရောက်ရောက် သုံးစွဲနိုင်ရေး၊ စိုက်ပျိုးစရိတ်ချေးငွေ ထုတ်ချေးနိုင်သည့် ရာခိုင်နှုန်း နည်းရသည့်အကြောင်းရင်းကို စိစစ်သုံးသပ်ပြီး ထိရောက်မြန်ဆန်စွာ သုံးစွဲနိုင်သည့် စနစ် ပြောင်းလဲကျင့်သုံးနိုင်ရေး ဆောင်ရွက်ရန် ဆွေးနွေးပြောကြားသည်။

အလားတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက ထွက်ရှိလာသော နေကြာအပါအဝင် ဆီထွက်သီးနှံများ ဈေးကွက်ရရှိရေးနှင့် အရည်အသွေးပြည့်ဝသော စားသုံးဆီ ထုတ်လုပ်နိုင်ရေးအတွက် ဆီစက်များ အရည်အသွေးမြှင့်တင်ရေး၊ ဈေးကွက်ရရှိမှုဖော်ဆောင်ပေးခြင်းဖြင့် တောင်သူများ၏ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးလိုမှု မြှင့်တင်ပေးနိုင်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုနှင့် စိုက်ပျိုးစရိတ်ချေးငွေ၊ မျိုးစေ့၊ မြေဩဇာနှင့် စိုက်ပျိုးရေ စသည့် စီမံကိန်းအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် သွင်းအားစုများ အချိန်မီရရှိနိုင်ရေး၊ ဆီစက်များ အဆင့်မြှင့်တင်ရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးများက ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးရေး စီမံကိန်းကို အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရေးအတွက် လက်ရှိစိုက်ပျိုးသည့် နေကြာစိုက်ဧရိယာနှင့် သီးနှံထွက်ရှိမှု၊ ဈေးကွက်အလားအလာတို့၏ အားနည်းချက်၊ အားသာချက်များကို လေ့လာသုံးသပ်ပြီး ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်း အစီအစဉ်များကို အသေးစိတ်ရေးဆွဲရန်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များ၊ တောင်သူများနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များအားလုံးတို့က ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**


## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“တရားမဝင်ကုန်သွယ်မှုသတင်းများ”**နှင့်ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၃ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၄၀၄၃၃၉၉၆၉ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၆ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeinfo@gmail.com |

## အသိပေးကြေညာချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၁၀.၁၂.၂၀၂၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၆၆/၂၀၂၁ ဖြင့် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီး တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **“ကုန်သွယ်မှုဆောင်ရွက်ရာတွင် ဌာနဆိုင်ရာအဖွဲ့အစည်းများမှ ငွေကြေးတောင်းခံမှုသတင်းများ”**နှင့် ပတ်သက်၍ အောက်ဖော်ပြပါ တယ်လီဖုန်း၊ ဖက်စ်ဖုန်းနှင့် အီးမေးလ်လိပ်စာတို့ကို လုံခြုံစိတ်ချစွာ တိုင်ကြားနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

**ဆက်သွယ်ရန်**

| | | |
|---|---|---|
| အော်တိုတယ်လီဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၁ |
| လက်ကိုင်ဖုန်းနံပါတ် | - | ၀၉ ၆၉၉၆၁၁၁၆ |
| ဖက်စ်ဖုန်းနံပါတ် | - | ၀၆၇ ၄၁၀၉ ၈၈၇ |
| အီးမေးလ်လိပ်စာ | - | antiillegaltradeoffice@gmail.com |

# NUG/PDF အဖွဲ့တို့၏ ရက်စက်ယုတ်မာသော တမူးအကြမ်းဖက်မှုဖြစ်စဉ်

မင်းခန့်

ယခုလတ်တလော လူမှုကွန်ရက်မှာ လူအများ စိတ်ဝင်စားနေတဲ့သတင်းကတော့ အကြမ်းဖက်အဖွဲ့အဖြစ် သတ်မှတ်ထားတဲ့ NUGနဲ့ သူတို့ ဖွဲ့စည်းထားတဲ့ PDF ဆိုတဲ့ အဖွဲ့တွေရဲ့ လူမဆန်စွာ အကြမ်းဖက်သတ်ဖြတ်မှုတစ်ခုက ဖုံးမရဖိမရ ပေါ်ပေါက်လာခဲ့တဲ့ ဗီဒီယိုဖိုင်တစ်ခုဖြစ်ပါတယ်။ **၂၀၂၂ ခုနှစ် ကုန်ဆုံးတော့မယ့် ဒီဇင်ဘာလအစမှာပဲ တမူးက PDF အကြမ်းဖက်အဖွဲ့တွေက မအေးမာထွန်းလို့ခေါ်တဲ့ အပြစ်မဲ့ အမျိုးသမီးငယ်တစ်ဦးကို အများပြည်သူ အသုံးပြုတဲ့ လမ်းမပေါ်မှာ လက်ထိပ်ခတ်ရိုက်နှက်ပြီး သေနတ်နဲ့ ဦးခေါင်းကို အထပ်ထပ်အခါခါ ပစ်သတ်လိုက်တဲ့ ဗီဒီယိုဖိုင်ဟာ ဆိုရှယ်မီဒီယာပေါ်မှာ သာမက နိုင်ငံတကာသတင်းမီဒီယာများကိုပါ ပျံ့နှံ့ခဲ့ပါတယ်။**

NUG ကဖွဲ့စည်းထားတဲ့ တမူး PDF တပ်ရင်း ၄ ကလည်း ဒီလုပ်ရပ်ကို သူတို့လုပ်တာဖြစ်ပြီး NUG ရဲ့ စေခိုင်းချက်အတိုင်း ဆောင်ရွက်တာဖြစ်ကြောင်း အဆိုပါအကြမ်းဖက်မှုဖြစ်စဉ်မှာ ပါဝင်ခဲ့တဲ့ အကြမ်းဖက်သမားများ ကိုယ်တိုင် အင်တာဗျူးထုတ်လွှင့်ခဲ့တာကို တွေ့ရပါတယ်။ ဒါ့အပြင် **NUGအကြမ်းဖက်အဖွဲ့က ဒီကိစ္စနဲ့ပတ်သက်ပြီး စုံစမ်းစစ်ဆေးမယ်လို့ပြောနေတာက သူ့လက်အောက်ခံ PDF အဖွဲ့တွေ လုပ်တာမှန်တယ်လို့ ဝန်ခံနေတာပဲဖြစ်ပါတယ်။ ဒီလိုရိုင်းစိုင်းယုတ်မာပြီး လူမဆန်တဲ့သတ်ဖြတ်မှုကို ကျူးလွန်ခဲ့ကြောင်း သူတို့ကိုယ်တိုင်ဝန်ခံပြီး လူမှုကွန်ရက်ပေါ်ထုတ်ပြန်ခဲ့တာဖြစ်တဲ့အတွက် ဒီဖြစ်စဉ်ရဲ့ တရားခံတွေဟာ NUG အဖွဲ့နဲ့ သူ့လက်ဝေခံ တမူး PDF အဖွဲ့ဖြစ်တယ်ဆိုတာ ခိုင်မာတဲ့ သက်သေတွေပဲ ဖြစ်ပါတယ်။**

ဒီအကြမ်းဖက်မှုမှာ အသတ်ခံခဲ့ရတဲ့ အမျိုးသမီးငယ်လေးက အသက် ၂၂ နှစ်အရွယ်သာရှိသေးပြီး တမူးမြို့ မြို့မ(၁၂) ရပ်ကွက်မှာနေထိုင်ကာ ကျပန်းအလုပ်လုပ်ကိုင်သူတစ်ဦးသာဖြစ်ကြောင်း သိရှိရပါတယ်။ ၂၀၂၂ ခုနှစ် မေလ ၈ ရက်နေ့ အလုပ်လုပ်ရာက ပြန်လာစဉ်မှာ PDF အကြမ်းဖက်အဖွဲ့တွေရဲ့ ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး အသတ်ခံရတဲ့နေ့ကိုတော့ အတိအကျ မသိရဘူးလို့ ဆိုပါတယ်။ ဒီလိုဖြစ်စဉ်တွေက အခုမှ ထွက်ပေါ်ခဲ့တာမဟုတ်ဘဲ ၂၀၂၂ ခုနှစ် ဇွန်လအတွင်းမှာလည်း မြိုင်မြို့နယ်က PDF တွေက မနန္ဒာဆိုတဲ့ အမျိုးသမီး တစ်ဦးကို လက်ပြန်ကြိုးတုပ်၊ ဒူးထောက်ခိုင်းပြီး ဇက်ပိုးကို ဓားနဲ့ခုတ်ပြီး သတ်ခဲ့တဲ့ ဗီဒီယိုဖိုင်တစ်ခု ထွက်ပေါ်လာပါတယ်။ ဒီလိုထွက်ပေါ်ပြီး နှစ်လအကြာ စက်တင်ဘာလအတွင်းမှာလည်း PDF အဖွဲ့တွေက အမျိုးသမီးတစ်ဦးကို ဒလန်လို့စွပ်စွဲပြီး မျက်နှာကို အဝတ်စည်း၊ လက်ပြန်ကြိုးတုပ်ကာ လည်ပင်းလှီးသတ်နေတဲ့ ဗီဒီယိုဖိုင်တစ်ခုထွက်လာပါသေးတယ်။

ယခု သုံးခုမြောက်ထွက်ပေါ်လာတဲ့ ဗီဒီယိုဖိုင်မှာတော့ အမျိုးသမီးငယ်လေးဟာ နောက်ဆုံးထွက်သက်အထိ သူသည် ဒလန်မဟုတ်ကြောင်း ငြင်းဆိုသွားခဲ့တာကို တွေ့ရပါတယ်။ ဒါတွေကိုကြည့်ရင် **NUGရဲ့ စေခိုင်းချက်နဲ့ PDF အဖွဲ့တွေရဲ့ သတ်ဖြတ်မှုဖြစ်စဉ်တွေ ဘယ်လောက်များများ ရှိနေတယ်ဆိုတာ မှန်းဆလို့မရနိုင်အောင် ဖြစ်ရပါတယ်။ ဒီလို လူမဆန်မှုတွေက ကမ္ဘာမှာ အော်ကြောလန်နေတဲ့ အရှေ့အလယ်ပိုင်းက အကြမ်းဖက်တွေရဲ့ လုပ်ရပ်တွေ ထက်တောင် ဆိုးရွားလွန်းနေသေးတယ်လို့ မြန်မာပြည်သူလူထုအကြား မှတ်ချက်ပြုနေကြတာကို တွေ့ရှိရပါတယ်။** မြန်မာ့နိုင်ငံရေးအပြောင်းအလဲကို အခွင့်ကောင်းယူပြီး အစွန်းရောက် စိတ်ဓာတ်သွတ်သွင်းခြင်း ခံထားရတဲ့ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ ရက်စက်မှု၊ လူမဆန်မှုတွေက ပြည်သူလူထုအကြားမှာ မသတီစရာ ရွံရှာစက်ဆုပ်ဖွယ်ရာဖြစ်လာခဲ့တာ နှစ်နှစ်နီးပါးရှိပြီဖြစ်ပါတယ်။ သို့သော်လည်း လက်ရှိ မြန်မာနိုင်ငံရဲ့တည်ဆဲအစိုးရကို နိုင်ငံရေးအရ တစ်ဖက်သတ်ဖိအားပေးချင်တာနဲ့ပဲ PDF အကြမ်းဖက်တွေရဲ့ လုပ်ရပ်တွေကို မြန်မာပြည်သူတွေနဲ့ ကမ္ဘာ့လူ့အဖွဲ့အစည်းတွေ အကြားကို ကျယ်ကျယ်ပြန့်ပြန့် မရောက်ရှိအောင် အမေရိကန် ဦးဆောင်တဲ့အနောက်အုပ်စုက လူအား၊ ငွေအား၊ မီဒီယာ အင်အားနဲ့ ပိုင်းဝန်းဖုံးဖိထားခဲ့ကြပါတယ်။

**ဒီအချက်တွေကိုကြည့်ရင် မြန်မာနိုင်ငံကို အနောက်အုပ်စုက ငွေအား၊ လူအား၊ နည်းပညာအားနဲ့ မီဒီယာ အင်အားသုံးပြီး မှိုင်းတိုက်နေတယ်၊ သတင်းတွေ ထိမ်ချန်ဖော်ပြနေတယ်ဆိုတဲ့အချက်ကို နိုင်ငံတကာ အဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေအနေနဲ့ သတိပြုမိစေချင်ပါတယ်။ ဒီလိုအကြမ်းဖက်မှု လမ်းစဉ်ကို တရားဝင်ကိုင်စွဲထားပြီး ရက်စက်မှုအပေါင်းသရဖူဆောင်းနေတဲ့ ပရမ်းပတာ NUG နဲ့ PDF လို အကြမ်းဖက်အဖွဲ့တွေကို ထိတွေ့ဆက်ဆံပြီး အသိအမှတ်ပြုဖို့ ထောက်ခံပံ့ပိုးပေးနေတဲ့လူပုဂ္ဂိုလ်တွေ၊ ကြားနေပါတယ်ဆိုတဲ့ အဖွဲ့အစည်းတွေအနေနဲ့ ဒီလိုအကြမ်းဖက် လုပ်ရပ်တွေနဲ့ ပတ်သက်ပြီး ဘယ်လို သဘောထားရှိကြမလဲဆိုတာကို သိချင်မိပါတယ်။**

ဒီလိုဆိုးရွားရက်စက်တဲ့ ဖြစ်စဉ်ကြောင့် စစ်ကိုင်းတိုင်း ကလေးမြို့က ပြည်သူတွေကတော့ ဒီဇင်ဘာလ ၄ ရက်နေ့မှာ "လူသတ်အကြမ်းဖက် PDF အလိုမရှိ၊ CRPH၊ NUG၊ PDF အကြမ်းဖက်အဖွဲ့များ ဆန့်ကျင်ကြ"ဆိုတဲ့ ဆိုင်းဘုတ်တွေကိုင်ပြီး ဆန္ဒထုတ်ဖော်ခဲ့ကြပါတယ်။ အလားတူပဲ တမူးမြို့ ဈေးတန်း (၄) ရပ်ကွက်မှာလည်း "အကြမ်းဖက်သတ်ဖြတ်ခြင်းခံရသော မအေးမာထွန်း ကောင်းရာဘုံဘဝရောက်ပါစေ၊ PDF အကြမ်းဖက်သမားများ ကျဆုံးရေး-ဒို့အရေး၊ အကြမ်းဖက်လုပ်ရပ်မှန်သမျှ ဆန့်ကျင်ကြ"စတဲ့ ဆိုင်းဘုတ်တွေ ကိုင်စွဲပြီး ပြည်သူတွေ ဆန္ဒဖော်ထုတ်ခဲ့ကြပါတယ်။

**ဆိုရှယ်မီဒီယာတွေမှာလည်း နိုင်ငံရေးအရောင်အသွေး ဝါ၊ စိမ်း၊ နီ၊ ပြာ မရွေး အားလုံးတစ်သံတည်းထွက်ပြီး PDF တွေရဲ့ အကြမ်းဖက်မှုတွေကို ရှုတ်ချခဲ့ကြတာကို တွေ့နေရပါတယ်။ သို့သော်လည်း ဒီလိုဖြစ်စဉ်တွေကို အနောက်အုပ်စုက ခေါင်းစဉ်မျိုးစုံနဲ့ထောက်ပံ့ထားတဲ့ ဝါဒဖြန့် ပြည်ဖျက်မီဒီယာတွေမှာ လုံးဝဖော်ပြတာ မတွေ့ရပါဘူး။ BBC ကတော့ အကြမ်းဖက် NUG အဖွဲ့က ဒီကိစ္စနဲ့ပတ်သက်ပြီး စစ်ဆေးမယ်ဆိုတဲ့ သတင်းကို တာဝန်ကျေဝိနည်းလွတ်ရေး တင်ခဲ့တာ တွေ့ရပါတယ်။ မြန်မာနိုင်ငံနဲ့ ပတ်သက်ရင် ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး ကြေညာချက်အမျိုးမျိုးထုတ်ပြန်နေတဲ့ အမေရိကန် သံရုံးက ဒီတစ်ခါလည်း မျက်စိကန်းပြီး နားပင်းနေတာကို တွေ့ရပါတယ်။**

လုံခြုံရေးတပ်ဖွဲ့ဝင်တွေ အနေနဲ့ အကြမ်းဖက်အဖွဲ့တွေကို ဥပဒေနဲ့အညီ အရေးယူမှုတွေ ဆောင်ရွက်ရင် လူ့အခွင့်အရေးစံနှုန်းတွေနဲ့ယှဉ်ပြီး ထုတ်ပြန်ချက်အမျိုးမျိုးထုတ်နေတဲ့သံရုံးတွေက ဒီလို NUG/PDF တွေရဲ့ ငြင်းမရတဲ့အကြမ်းဖက်မှုတွေ ဘူးပေါ်သလိုပေါ်လာတော့ ဘာသံမှမထွက်နိုင်ဘဲ ရေငုံနှုတ်ပိတ်ပြီးနေကြတာကို အံ့သြဘနန်းဖြစ်ရပါတယ်။ မြန်မာနိုင်ငံအပေါ် သဘောထား မမှန်သူတွေရဲ့ ထုံးစံအတိုင်း ဘယ်လိုပဲမျက်စိပိတ်နားပိတ်ပြီး နေနိုင်ကြသည်ဖြစ်စေ ဒီလိုအကြမ်းဖက်မှုတွေကို မြင်တွေ့နေရတဲ့မည်သူမဆို အကြောင်းမဲ့ အနိုင်ကျင့် သတ်ဖြတ်ခံရသူတွေအတွက် လွန်စွာစိတ်ထိခိုက်နေကြရပါတယ်။

ဒါ့ကြောင့်လည်း အကြမ်းဖက်မှုတွေကို မလိုလားဘဲ အမှန်တရားကို မြတ်နိုးတဲ့ မြန်မာပြည်သူတွေရဲ့ အသံတွေကို Facebook ၊Twitter၊ Telegram၊ VK စတဲ့ဆိုရှယ်မီဒီယာပေါ်မှာ ပျံ့နှံ့နေတာကိုလည်း တွေ့ရှိနေရပါတယ်။

အကြမ်းဖက်ဝါဒ သို့မဟုတ် အကြမ်းဖက်မှုတွေနဲ့ ပတ်သက်ပြီး ကမ္ဘာ့ကုလသမဂ္ဂနဲ့ နိုင်ငံကြီးတွေရဲ့ ပြဋ္ဌာန်းချက်တွေ၊

*စာမျက်နှာ ၇ သို့*




NUG/PDF တို့ ရက်စက်စွာသတ်ဖြတ်ခဲ့သော ဆရာတော် ဦးတေဇိန္ဒဖြစ်စဉ် Facebook တွင်ပျံ့နှံ့နေပုံ




NUG/PDF ၏ ကျေးရွာမီးရှို့မှုဖြစ်စဉ်များ Twitter တွင်ပျံ့နှံ့နေပုံ





NUG/PDF တို့ မိုင်းဆွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ကလေးငယ် ၁ ဦးသေဆုံးခဲ့သည့် ဖြစ်စဉ် Telegram တွင်ပျံ့နှံ့နေပုံ




NUG/PDF တို့ ရက်စက်စွာသတ်ဖြတ်ခဲ့သော မအေးမာထွန်းဖြစ်စဉ် VK တွင်ပျံ့နှံ့နေပုံ

❑ ဒီအချက်တွေကိုကြည့်ရင် မြန်မာနိုင်ငံကို အနောက်အုပ်စုက ငွေအား၊ လူအား၊ နည်းပညာအားနဲ့ မီဒီယာအင်အားသုံးပြီး မှိုင်းတိုက်နေတယ်၊ သတင်းတွေ ထိမ်ချန်ဖော်ပြနေတယ်ဆိုတဲ့ အချက်ကို နိုင်ငံတကာအဖွဲ့အစည်းတွေ၊ လူပုဂ္ဂိုလ်တွေ အနေနဲ့ သတိပြုမိစေချင်ပါတယ်။ ဒီလိုအကြမ်းဖက်မှု လမ်းစဉ်ကို တရားဝင်ကိုင်စွဲထားပြီး ရက်စက်မှုအပေါင်း သရဖူဆောင်းနေတဲ့ ပရမ်းပတာ NUG နဲ့ PDF လို အကြမ်းဖက်အဖွဲ့တွေကို ထိတွေ့ဆက်ဆံပြီး အသိအမှတ် ပြုဖို့ ထောက်ခံပံ့ပိုးပေးနေတဲ့ လူပုဂ္ဂိုလ်တွေ၊ ကြားနေပါ တယ်ဆိုတဲ့ အဖွဲ့အစည်းတွေအနေနဲ့ ဒီလိုအကြမ်းဖက် လုပ်ရပ်တွေနဲ့ ပတ်သက်ပြီး ဘယ်လိုသဘောထားရှိကြ မလဲဆိုတာကို သိချင်မိပါတယ်





မြန်မာ့ရိုးရာ ရှင်ပြုအလှူပွဲ

# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ် အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ်ရှိ ရွှေမြိုင်ကျောင်းတိုက်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ မြို့မရွှေကြာရုံကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ တိပိဋက ကမ္ဘောဇပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ သဒ္ဓမ္မဇောတိကာရုံကျောင်းတိုက်၊ ရွှေပြည်သာမြို့နယ်ရှိ မဟာဝိစိတ္တာရုံကျောင်းတိုက်၊ လှိုင်မြို့နယ်ရှိ ဝါယာလက်ကျောင်းတိုက်နှင့် အင်းစိန်မြို့နယ်ရှိ ရွှေညောင်ပင်တောရ ပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ ဓမ္မောဒယကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ဇောင်းကြမ်းပင်ကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ငှက်သိုက်တောရကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်ရှိ ရေဝတီပရဟိတ ဟသံာတရွှေကျောင်းတိုက်နှင့် အောင်မြေသာစံမြို့နယ်ရှိ ဖောင်တော်ဦးပရိယတ္တိစာသင်တိုက်၊ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ တောင်ကျောင်းကြီးကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၆ မှ*

သတ်မှတ်ချက်တချို့ကို ထုတ်နုတ်တင်ပြလိုပါတယ်။ ၁၉၉၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့က ထုတ်ပြန်တဲ့ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အထွေထွေညီလာခံဆုံးဖြတ်ချက် (၄၉/၆၀)မှာ အကြမ်းဖက်ဝါဒ/လုပ်ရပ်တွေနဲ့ပတ်သက်ပြီး ဖော်ပြထားတာက "Criminal acts intended or calculated to provoke a state of terror in the general public, a group of persons or particular persons for political purposes are in any circumstance unjustifiable, whatever the considerations of a political, philosophical, ideological, racial, ethnic, religious or any other nature that may be invoked to justify them" လို့ ဆိုပါတယ်။ ဒါကြောင့် အကြမ်းဖက်လုပ်ရပ်တွေဆိုတာ နိုင်ငံရေး၊ လူမျိုးရေး၊ ဘာသာရေး ဘယ်လိုအကြောင်းပြချက်မျိုးနဲ့မဆို နိုင်ငံရေးရည်မှန်းချက်အတွက် လူထုကြားမှာ အထိတ်တလန့်ဖြစ်စေဖို့ ကျူးလွန်တဲ့ ရာဇဝတ်မှုတွေ ဖြစ်တယ်လို့ ဆိုထားတာဖြစ်ပါတယ်။

**နောက်ထပ်ထင်ရှားတဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက်တစ်ခုကတော့ ကမ္ဘာပေါ်က အကြမ်းဖက်လုပ်ရပ်တွေကို မှတ်တမ်းတင်နေတဲ့ University of Maryland က Global Terrorism Database (GTD) ရဲ့ အဓိပ္ပာယ်ဖွင့်ဆိုချက် ဖြစ်ပါတယ်။ GTD ကတော့ အကြမ်းဖက်ဝါဒဆိုတာ နိုင်ငံတော်မဟုတ်တဲ့အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေက နိုင်ငံရေးရည်မှန်းချက်အတွက် ပြည်သူလူထုကို သွေးထွက်သံယိုမှုဖြစ်စေခြင်း အကြောက်တရားသွင်းတဲ့ လုပ်ရပ်တွေဖြစ်တယ် (acts of violence by non-state actors, perpetrated against civilian populations, intended to cause fear, in order to achieve a political objective)လို့ဆိုပါတယ်။**

ဒါ့ကြောင့် ဒီအဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို ခြုံငုံလေ့လာကြည့်မယ်ဆိုရင် နိုင်ငံရေးရလိုမှုကို နိုင်ငံရေးအရ အဖြေမရှာဘဲ လက်နက်ကိုင်မဟုတ်တဲ့ အပြစ်မဲ့ပြည်သူတွေကို ပစ်မှတ်ထားပြီး အကြောက်တရားသွင်းဖို့ ခြိမ်းခြောက်တာတွေ၊ အကြမ်းဖက်သတ်ဖြတ်နေတာတွေက ကမ္ဘာ့လူ့အဖွဲ့အစည်းတွေအားလုံး လက်ခံထားတဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေပဲဖြစ်တယ်ဆိုတာကို ရှင်းရှင်းလင်းလင်း တွေ့နိုင်ပါတယ်။ ယခု မြန်မာနိုင်ငံမှာ PDFအကြမ်းဖက်တွေ ဆောင်ရွက်နေကြတာက အပြစ်မဲ့အရပ်သားစစ်စစ်တွေကို လုပ်ကြံသတ်ဖြတ်ခြင်း (Targeted Assassinations of Civilians or Non-combatants)၊ ဥပဒေပြင်ပလူသတ်တရားစီရင်ခြင်း(Extrajudicial Killing) တွေသာဖြစ်တယ်ဆိုတာ သာမန်မျက်စိနဲ့ကြည့်ရင်ကို မြင်နိုင်ပါတယ်။ လူ့အခွင့်အရေး ချိုးဖောက်မှုဆိုတာတွေထက် အဆပေါင်းများစွာ ဆိုးရွားတဲ့ အကြမ်းဖက်ဝါဒ(Terrorism)သာဖြစ်ပါတယ်။



❖ **နောက်ထပ် သတိပြုစရာတစ်ခုက ရန်၊ ငါ၊ စည်းပြတ်လာကြတဲ့ ကမ္ဘာ့နိုင်ငံရေးအခြေအနေအရ အကျိုးစီးပွားအုပ်စု တချို့ဟာ အရှေ့တောင်အာရှနဲ့ အာရှပစိဖိတ်ဒေသဆီကို နိုင်ငံရေးကွာဟမှု၊ လူမျိုးရေးကွာဟမှု၊ ဘာသာတရားကွာဟမှုတွေကို အခြေခံပြီး အစွန်းရောက်ဝါဒ (Extremism) သွတ်သွင်းနေကြတယ်ဆိုတာကို သတိပြုဆင်ခြင်စရာဖြစ်ပါတယ်။ ထိုအုပ်စုတွေအတွက် မြန်မာနိုင်ငံလို ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့နေရာအပါအဝင် အရှေ့တောင်အာရှနဲ့ အာရှ-ပစိဖိတ်ဒေသမှာ မတည်မငြိမ်ဖြစ်နေစေဖို့ ၎င်းတို့ ကြိုးဆွဲရာကို လိုက်ပါလာစေဖို့ ဆန္ဒရှိနေကြပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံမှာ သူတို့ကြိုးဆွဲရာကို လိုက်ပါခြင်းမရှိဘဲ အခြေခံဥပဒေအရ ခေတ္တအာဏာထိန်းထားရတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဘက်ပေါင်းစုံက ဖိအားပေးနေကြတာဖြစ်ပါတယ်။ ဒီလို ဖိအားပေးလိုတာနဲ့ပဲ NUG/PDF တွေရဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မသိချင်ယောင်ဆောင်ပြီး ဖုံးဖိနေကြတာကတော့ အင်မတန်မှရုပ်ဆိုးအကျည်းတန်လှပါတယ်။**

နောက်ထပ် သတိပြုစရာတစ်ခုက ရန်၊ ငါ၊ စည်းပြတ်လာကြတဲ့ ကမ္ဘာ့နိုင်ငံရေးအခြေအနေအရ အကျိုးစီးပွားအုပ်စု တချို့ဟာ အရှေ့တောင်အာရှနဲ့ အာရှပစိဖိတ်ဒေသဆီကို နိုင်ငံရေးကွာဟမှု၊ လူမျိုးရေးကွာဟမှု၊ ဘာသာတရားကွာဟမှုတွေကို အခြေခံပြီး အစွန်းရောက်ဝါဒ (Extremism) သွတ်သွင်းနေကြတယ်ဆိုတာကို သတိပြုဆင်ခြင်စရာဖြစ်ပါတယ်။ ထိုအုပ်စုတွေအတွက် မြန်မာနိုင်ငံလို ပထဝီနိုင်ငံရေးအရ အချက်အချာကျတဲ့နေရာ အပါအဝင် အရှေ့တောင်အာရှနဲ့ အာရှ - ပစိဖိတ်ဒေသမှာ မတည်မငြိမ်ဖြစ်နေစေဖို့၊ ၎င်းတို့ ကြိုးဆွဲရာကို လိုက်ပါလာစေဖို့ ဆန္ဒရှိနေကြပါတယ်။ ဒါကြောင့်လည်း မြန်မာနိုင်ငံမှာ သူတို့ကြိုးဆွဲရာကိုလိုက်ပါခြင်းမရှိဘဲ အခြေခံဥပဒေအရ ခေတ္တအာဏာထိန်းထားရတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဘက်ပေါင်းစုံက **ဖိအားပေးနေကြတာဖြစ်ပါတယ်။ ဒီလို ဖိအားပေးလိုတာနဲ့ပဲ NUG/PDF တွေရဲ့ အကြမ်းဖက်ဝါဒနဲ့ အကြမ်းဖက်လုပ်ရပ်တွေကို မသိချင်ယောင်ဆောင်ပြီး ဖုံးဖိနေကြတာကတော့ အင်မတန်မှရုပ်ဆိုးအကျည်းတန်လှပါတယ်။**

မည်သို့ပင်ဆိုစေကာမူ တမူးက အသက် ၂၂ နှစ်အရွယ် သာရှိသေးတဲ့ အမျိုးသမီးငယ်လေး အကြမ်းဖက်ခံရတဲ့ဖြစ်စဉ်ဟာ မြန်မာလူ့အဖွဲ့အစည်းအတွင်းမှာသာမကဘဲ ဒေသတွင်းနဲ့ ကမ္ဘာ့လူ့အဖွဲ့အစည်းအတွက် တပ်လှန့်သံဖြစ်ပါတယ်။ နိုင်ငံရေးရည်မှန်းချက်ကို အကြမ်းဖက်နည်းလမ်းနဲ့ ရယူဖို့ ဆောင်ရွက်နေတဲ့ အမှားသရုပ်ပြကို ဝိုင်းဝန်းတားဆီးကြဖို့ ပျက်ကွက်ကြရင် ဒေသတွင်းမှာ အလားတူပြဿနာတွေ ရင်ဆိုင်လာရနိုင်တယ်ဆိုတာ သတိချပ်သင့်ပါတယ်။ ဒါ့ကြောင့် တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ပြည်သူလူထု အနေနဲ့ အနောက်အုပ်စု လွှမ်းမိုးထားတဲ့ နိုင်ငံတကာ မီဒီယာအမည်ခံတွေမှာ မဖော်ပြတဲ့ NUG/PDF အဖွဲ့တွေရဲ့ အကြမ်းဖက်မှုဝါဒ၊ လူမဆန်မှု ဖြစ်ရပ်မှန်တွေကို ဖော်ထုတ်သုံးသပ်ပြီး NUG အဖွဲ့ရဲ့ အကြမ်းဖက်လမ်းစဉ်ကို ဝိုင်းဝန်းကာကွယ်တားဆီးကြပါလို့ တိုက်တွန်းနှိုးဆော်လိုက်ရပါတယ်။ ။

ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ပုဏ္ဏမာရာမဈေးကျောင်းတိုက်၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြသဓာဘိဝံသ အား ဖူးမြော်ကြည်ညိုစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်အား ပန်းလှိုင်မြစ်ကူးတံတား ဆောက်လုပ်ရန် လျာထားမှုကို တံတားဦးစီးဌာန တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁) ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွေးက ရှင်းလင်းတင်ပြစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် ညောင်တုန်းမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**ညောင်တုန်း ဒီဇင်ဘာ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ယနေ့ နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့နယ်သို့ ရောက်ရှိပြီး ညောင်တုန်းမြို့ အတုလမာရဇိန် ကြေးသွန်းဘုရားကြီးအား ဖူးမြော်ပူဇော်၍ ဗိုလ်ချုပ်လမ်းရှိ ပုဏ္ဏမာရာမဈေးကျောင်းတိုက်၏ ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တသြသဓာဘိဝံသ အား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်သည် ညောင်တုန်းမြို့ အမှတ်(၁) ရပ်ကွက်ရှိ တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တံတားဦးစီးဌာန တံတားတည်ဆောက်ရေး အထူးအဖွဲ့(၁) ညွှန်ကြားရေးမှူး ဦးကျော်ဇင်ထွေးက ပန်းလှိုင်မြစ်ကူးတံတား ဆောက်လုပ်ရန်လျာထားမှုကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဆင်ထုံးကျေးရွာအုပ်စု ကြိမ်ပင်ဆယ်ကျေးရွာရှိ ရွှေဟသာ်ရွှေကျင် ကျောင်းတိုက်ခွဲသို့ ရောက်ရှိပြီး ကျောင်းတိုက်ဆရာတော် ဦးပညာဇောတအား ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် လူငယ်နှင့်စာပေအနုပညာပြပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

(၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



အစည်းအဝေးသို့ စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် လူငယ်နှင့် စာပေအနုပညာပြပွဲ ကျင်းပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်၊ လုပ်ငန်းကော်မတီအဖွဲ့ဝင် နေပြည်တော်ကောင်စီ ကောင်စီဝင် ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ လူငယ်နှင့် စာပေအနုပညာပြပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်က ပြခန်းပြသမည့် ဝန်ကြီးဌာန ရှစ်ခုသည် ဒီဇင်ဘာ ၂၃ ရက်မှစတင်၍ ပြင်ဆင်နိုင်ပြီဖြစ်ပါကြောင်း၊ အတတ်နိုင်ဆုံး အကောင်းဆုံး ပြသနိုင်အောင် ဆောင်ရွက်ကြစေလိုပါကြောင်း၊ အခြေခံ ပညာကျောင်းများမှ ဖျော်ဖြေရေးအဖွဲ့၊ လေ့လာရေးအဖွဲ့၊ စာလုံးဖော် ကျောင်းသားကျောင်းသူများနှင့် ကြီးကြပ်သူဆရာ ဆရာမများပါ လာရောက်ကြည့်ရှုနိုင်ရေးအတွက် စီစဉ်ထားပါကြောင်း၊ ပြပွဲသို့ ဝန်ကြီးဌာနများမှ ဝန်ထမ်းများ လာရောက် ကြည့်ရှုနိုင်ရန်အတွက် ဖိတ်ကြားသွားမည်ဖြစ်ပါကြောင်း၊ လူငယ်နှင့် စာပေအနုပညာပြပွဲတွင် ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ ပါဝင်သည့်အတွက် လုံခြုံရေးကိစ္စရပ်များကို အထူးဂရုပြု ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း ပြောကြားသည်။(**အပေါ်ပုံ**)

ထို့နောက် ကျင်းပရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင် နေပြည်တော်ကောင်စီ ကောင်စီဝင် ဦးမြင့်စိုးက ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က စာပေဆိုင်ရာပြသမည့် အစီအစဉ်များ၊ အနုပညာဆိုင်ရာပြသမည့် အစီအစဉ်များ၊ ပြခန်းများ ပြသမည့် အစီအစဉ်များ၊ လုပ်ငန်းကော်မတီမှ စီစဉ်ဆောင်ရွက်ပေးမည့်ကိစ္စရပ်များ၊ ကူညီဆောင်ရွက်ပေးရန် လိုအပ်သည့်ကိစ္စရပ်များ၊ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများ၊ လိုအပ်ချက်များ၊ ဆောင်ရွက်ရန်ကျန်ရှိမှုများနှင့်ထပ်မံဖြည့်စွက်လိုသည်များကို ရှင်းလင်းတင်ပြပြီး တက်ရောက် လာကြသူများက ပြပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး အတွက် ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ဆွေးနွေးချက်များအပေါ် ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးရဲတင့်က ဖြည့်စွက်ဆွေးနွေး မှာကြားပြီး နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ပြပွဲတွင် မူခင်းလျော့ကျရေး၊ မူးယစ်ဆေးဝါးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး သရုပ်ပြသခြင်း၊ သမိုင်းဝင်ပုဂ္ဂိုလ်များနှင့် စာချုပ်စာတမ်းများ၊ မှတ်တမ်းများ ခင်းကျင်းပြသခြင်း၊ လေကြောင်းပညာရပ်ဆိုင်ရာ သရုပ်ပြသခြင်း၊ သစ်တောသစ်ပင်စိုက်ပျိုးရေး အသိပညာပေး သရုပ်ပြသခြင်း၊ ကျန်းမာရေး အသိပညာပေး သရုပ်ပြသခြင်းနှင့် လူငယ်ရေးရာလှုပ်ရှားမှု ဓာတ်ပုံ၊ စာအုပ်၊ စာတမ်း၊ မှတ်တမ်းများပြသခြင်း၊ ကလေးငယ် တစ်ဦးချင်းပြိုင်ပွဲများအဖြစ် စကားပုံဆက်၊ အရုပ်ဆက်၊ ဆေးရောင်ခြယ်၊ အိမ်ဆောက်ကစားခြင်း၊ အဖွဲ့လိုက်ပြိုင်ပွဲများ အပါအဝင် ကြီးမြတ်သော မြန်မာသူ့ကျွန် မခံပြီ၊ ဘေ ရုပ်ရှင်ကားများ ပြသမည့် အစီအစဉ်များကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-2) ၌ ဒီဇင်ဘာ ၂၆ ရက်မှ ၂၈ ရက်အထိ သုံးရက်ကြာ စည်ကားသိုက်မြိုက်စွာ ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# ဟိုပုံးမြို့နယ်၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး အသိပညာပေး

**ဟိုပုံး ဒီဇင်ဘာ ၁၉**

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် ယာဉ်မတော်တဆ ထိခိုက်မှုများကြောင့် ယာဉ်စီးနင်းသူများ ထိခိုက်မှုအန္တရာယ် မဖြစ်ပေါ်စေရေးအတွက် မော်တော်ယာဉ်မောင်းနှင်သူနှင့် လိုက်ပါစီးနင်းသူများအားလုံး အသက်ကယ်ထိုင်ခုံခါးပတ် တပ်ဆင်မောင်းနှင်ရေး အသိပညာပေးခြင်းကို တာဝန်ရှိသူများက ဒီဇင်ဘာ ၁၇ ရက်တွင် ဟိုပုံး-ဆီဆိုင် သွားလမ်း မြို့အဝင်ဂိတ်၌ စစ်ဆေးဆောင်ရွက်သည်။ (**ဝဲပုံ**)

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့နှင့် တာဝန်ရှိသူများက ဟိုပုံး-ဆီဆိုင် လမ်းမကြီးပေါ်တွင် သွားလာနေကြသော မော်တော်ယာဉ်များကို ရပ်တန့်စစ်ဆေး၍ ယာဉ်များတွင်ပါရှိသည့် ထိုင်ခုံ ခါးပတ်တပ်ဆင်ခြင်း အလေ့အကျင့်ကို စွဲမြဲစွာကျင့်သုံးလိုက်နာကြရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်နှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် နှာခေါင်းစည်းများ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ပအိုဝ်းဒေသ(ပြန်/ဆက်)**

# (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဒေါ်သန်းသန်းလင်း၊ ဦးရဲတင့်၊ ဦးဇော်ဝင်း၊ ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး၊ အမြဲတမ်း အတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ အကဲဖြတ်ဒိုင်အဖွဲ့များနှင့် ဆုရရှိသူများ တက်ရောက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် “လှပသာယာပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ယခုပြိုင်ပွဲကို လွတ်လပ်ရေး၏ အနှစ်သာရကို ဖော်ကျူးပြသနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ပါကြောင်း၊ ယခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်များနှင့် ဝါသနာရှင် ၁၃၉ ဦးက ဓာတ်ပုံပေါင်း ၇၅၁ ပုံ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပါကြောင်း၊ ဓာတ်ပုံသည် သမိုင်းမှတ်တမ်းဖြစ်သကဲ့သို့ အနုပညာလည်းဖြစ်ပါကြောင်း၊ ဓာတ်ပုံများမှတစ်ဆင့် ပြည်သူလူထုအတွင်း မိမိနိုင်ငံအပေါ် တန်ဖိုးထား ဂုဏ်ယူလိုစိတ်၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို လေးစားတန်ဖိုးထားတတ်သည့် စိတ်များ စိမ့်ဝင်ပျံ့နှံ့လာလိမ့်မည်ဟု ယုံကြည်ပါကြောင်း ။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပထမဆုရရှိသည့် ဦးစိုင်းထွန်းနေလှိုင်အား ဆုချီးမြှင့်စဉ်။

ပြိုင်ပွဲဝင်ဓာတ်ပုံများကို အကဲဖြတ်ပညာရှင်ကြီးများက ဓာတ်ပုံတစ်ပုံ၏ အလင်းအမှောင်၊ အယူအဆ၊ ရိုက်ကွင်းရိုက်ကွက်နှင့် ဖော်ညွှန်းသည့် အကြောင်းအရာ၊ ဓာတ်ပုံကောင်းတစ်ပုံ၏ အင်္ဂါရပ်များနှင့်အညီ အကြိမ်ကြိမ် စိစစ်အကဲဖြတ်ပြီး ဆုရဓာတ်ပုံများအဖြစ် ရွေးချယ်သတ်မှတ်ပေးခဲ့ပါကြောင်း။

ယနေ့ မြန်မာနိုင်ငံ၏ ကောင်းမွန်သည့် ပုံရိပ်များကို ရိုက်ကူးပုံဖော်ပေးခဲ့သည့် ဓာတ်ပုံကောင်းများအား နိုင်ငံတော်နှင့် ပြည်သူအတွက် အကျိုးဖြစ်ထွန်းစေမည့် ဆောင်ရွက်ချက်များတွင် ဖော်ထုတ်ပြသပေးသွားမည်ဖြစ်ပါကြောင်း၊ ရောင်စုံဓာတ်ပုံပြိုင်ပွဲဝင်များအနေဖြင့်လည်း နိုင်ငံတော်ကို တစ်ဖက်တစ်လမ်းမှ အကျိုးပြုသူများအဖြစ် မိမိကိုယ်ကိုယ် ဂုဏ်ယူနိုင်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဆုရွေးချယ်စိစစ်ရေး ဒိုင်အဖွဲ့ဥက္ကဋ္ဌ ဒါရိုက်တာ ပန်းချီစိုးမိုးက ဆုများရွေးချယ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က “လှပသာယာ ပြည်မြန်မာ” ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် အထူးဆု (၄)ရရှိသည့် ဦးကျော်မျိုးသီဟနှင့် အထူးဆု (၅)ရရှိသည့် ဦးကျော်သူတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်က အထူးဆု(၁)ရရှိသည့် ဦးမောင်မောင်လွင် (မုဒုံ)၊ အထူးဆု (၂) ရရှိသည့် ဒေါ်ချိုသက်လင်းနှင့် အထူးဆု (၃) ရရှိသည့် ဦးဇော်ဖြိုးအောင်တို့ကို ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ပထမဆုရရှိသည့် ဦးစိုင်းထွန်းနေလှိုင်၊ ဒုတိယဆုရရှိသည့် ဦးမောင်မောင်လွင်(မုဒုံ)နှင့် တတိယဆုရရှိသည့် ဒေါ်စန်းစန်းဝေတို့ကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဆုရရှိသူများကိုယ်စား ပထမဆုရရှိသည့် ဦးစိုင်းထွန်းနေလှိုင်က ကျေးဇူးတင်စကား ပြောကြားပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက ရောင်စုံဓာတ်ပုံပြိုင်ပွဲတွင် ဆုရရှိသည့် ဓာတ်ပုံများနှင့် ခင်းကျင်းပြသထားသော ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုကြသည်။

**သတင်းစဉ်**

## “တတိယအကြိမ်မြောက် ပရိဘောဂဒီဇိုင်းပြိုင်ပွဲအစီအစဉ်”

**နေပြည်တော် ဒီဇင်ဘာ ၁၉**

ဂျပန်နိုင်ငံ ဟိုကိုင်းဒိုးပြည်နယ်ရှိ ဓာတ်ပုံမြို့တော်ဖြစ်သော ဟီရရှီခါဝါမြို့နှင့် ဗိသုကာပညာရှင် Mr.Kuma Kengo တို့မှ ဦးစီး၍ “Furniture Fits in the Open Air” ခေါင်းစဉ်ဖြင့် “တတိယအကြိမ်မြောက် ပရိဘောဂဒီဇိုင်းပြိုင်ပွဲ” ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါ ပြိုင်ပွဲတွင် ပရိဘောဂပြိုင်ပွဲသို့ မည်သည့်နိုင်ငံသားမဆို သက်ဆိုင်ရာကျောင်း ( သို့မဟုတ်) တက္ကသိုလ် တက်ရောက်နေသည့် အသက် (၃၀)နှစ်အောက် ကျောင်းသားကျောင်းသူများ ပါဝင်ယှဉ်ပြိုင်နိုင်ပြီး တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။

ပြိုင်ပွဲတွင် ပေးအပ်မည့် ဆုများအနေဖြင့် Kuma Kengo ဆု တစ်ဆု၊ ထူးချွန်ဆု သုံးဆုနှင့် နှစ်သိမ့်ဆု ခြောက်ဆုတို့ဖြစ်သည်။

ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လိုသူများအနေဖြင့် အခမဲ့စာရင်းပေးသွင်းနိုင်မည်ဖြစ်ပြီး လျှောက်လွှာတင်သွားရာ၌ ဒီဇိုင်းခေါင်းစဉ်၊ ဒီဇိုင်း၏ ဦးစားပေးအကြောင်းအရာ၊ ရှင်းလင်းဖော်ပြချက်၊ ပုံကြမ်း၊ ပုံချော၊ CG ပုံစံ (သို့မဟုတ်)ဓာတ်ပုံ အစရှိသည်များကို A3 ဆိုဒ်၊ စာရွက်တစ်မျက်နှာတွင် အလျားလိုက် ရေးဆွဲကာ pdf ဖိုင်ဖြင့် ပေးပို့ရမည်ဖြစ်သည်။ ဒီဇိုင်း၏ ရှင်းလင်းဖော်ပြချက်အား အင်္ဂလိပ်ဘာသာ (သို့မဟုတ်)ဂျပန်ဘာသာဖြင့် ပေးပို့ရမည်ဖြစ်သည်။ ပြိုင်ပွဲဝင်များအနက် ဆန်ခါတင်အဆင့် ပြိုင်ပွဲတွင် ၁၀ ဦးအား ရွေးချယ်၍ ဆုပေးပွဲအခမ်းအနားသို့ တက်ရောက်ခွင့်ရရှိမည်ဖြစ်ပြီး ၎င်းတို့အတွက် လေယာဉ်စရိတ်၊ အသွား/အပြန်နှင့် တည်းခိုစရိတ်များကို ပြိုင်ပွဲဖြစ်မြောက်ရေး ကော်မတီမှ ကျခံ ပေးသွားမည်ဖြစ်သည်။ ဆုပေးပွဲအခမ်းအနားသို့ အဖွဲ့လိုက် ပြိုင်ပွဲဝင်များအတွက် ကိုယ်စားပြု ပြိုင်ပွဲဝင်တစ်ဦးကိုသာ ဖိတ်ကြားသွားမည်ဖြစ်သည်။

အဆိုပါ ပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်လိုသူများ အနေဖြင့် Website https://www.kagu.higa shikawa.jp တွင် ၂၀၂၃ခုနှစ် ဖေဖော်ဝါရီ ၂၈ရက် နောက်ဆုံးထား၍ ကြိုတင်စာရင်း ပေးသွားရမည်ဖြစ်ပြီး ပရိဘောဂဒီဇိုင်း လျှောက်လွှာများအား ၂၀၂၃ခုနှစ် မတ် ၃၁ ရက်တွင် နောက်ဆုံးထား လျှောက်ထားရမည်ဖြစ်သည်။

အသေးစိတ် သိလိုသည့် အချက်အလက်များကို KAGU Design Competition Executive Committee Office, Mail: official @kagu– higashikawa.jp သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ကျုံပျော်၌ မဲစာရင်းများ စိစစ်ခြင်းလုပ်ငန်းဆိုင်ရာများ ရှင်းလင်းဆွေးနွေး

**ကျုံပျော် ဒီဇင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်ခရိုင်အတွင်းရှိ မဲစာရင်းများ ပြည့်စုံမှန်ကန်ရေး၊ အခြေခံလူဦးရေစာရင်းမှ စာရင်းထပ်နေမှုများအား (Cross Check) စနစ်ဖြင့် စိစစ်ခြင်းလုပ်ငန်း အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၁၉ ရက်က ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းက အမှာစကားပြောကြားပြီး ခရိုင်အတွင်း ဥပဒေနှင့်အညီ နေထိုင်သူများစာရင်းအား Cross Check ပြုလုပ်ထားမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။ ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော ဌာနဆိုင်ရာတာဝန်ခံများက မဲစာရင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။ ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းက လိုအပ်သည်များ ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**လပြည့်ဦး(ပြန်/ဆက်)**

**အိမ်ပြင်ပ၌ ထွန်းသော မီးများကို နေ့အလင်းရောင် ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

# ရန်ကုန်တိုင်းဒေသကြီး၌ ဒေသနွားမအကောင် ၅၀ ပေးအပ်ပွဲနှင့် မျိုးစေ့ချကိရိယာဖြင့် နေကြာစုပေါင်းစိုက်ပျိုးပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးဝန်ကြီးများသည် ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက တိုက်ကြီးမြို့နယ် သရက်ချောင်းကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန မြစိမ်းရောင် (အသားကဏ္ဍ) ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီမှ နွားမတစ်ကောင်လျှင် ကျပ်ခြောက်သိန်းနှုန်းဖြင့် သရက်ချောင်း၊ ဇီးဖြူကုန်း၊ အလယ်စု၊ စာဖြူစု၊ စိန်စပ်ကျေးရွာများ၏ ဒေသခံပြည်သူ ၅၀ ထံသို့ နွားမအကောင် ၅၀ ပေးအပ်ပွဲသို့ တက်ရောက်ရာ တိုင်းဒေသကြီး မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ တိုးမင်းထွန်းက တိုက်ကြီးခရိုင်အတွင်း လုပ်ငန်းဆောင်ရွက်ထားရှိမှုများနှင့် Unit Plan အစီအစဉ်ဖြင့် ကျေးရွာအတွင်းရှိ နွားများအား ခွာနာလျှာနာရောဂါ ကာကွယ်ဆေးများ ထိုးပေးနေမှုများကို ရှင်းလင်းတင်ပြပြီး ဒေသခံပြည်သူ ၅၀ (ကိုယ်စား) သရက်ချောင်းကျေးရွာ မြစိမ်းရောင် (အသားကဏ္ဍ) ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် တောင်သူတစ်ဦးတို့ထံ စာချုပ်စာတမ်းများနှင့် နွားအကောင်ရေ ၅၀ အား လွှဲပြောင်းပေးအပ်သည်။ **(ယာပုံ)**

ဆက်လက်၍ တိုင်းဒေသကြီး အစိုးရအဖွဲ့ (ကိုယ်စား) တိုက်ကြီးခရိုင်အုပ်ချုပ်ရေးမှူးက ကျောင်းသား ကျောင်းသူများအတွက် အားကစား ပစ္စည်းများကို ကျောင်းအုပ်ကြီးထံ ထောက်ပံ့ပေးအပ်သည်။

ထို့နောက် ဝန်ကြီးချုပ်က ဒေသခံတောင်သူများအား လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းမှ အတိုးနှုန်းသက်သာစွာဖြင့် ယခုလို့ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်းနှင့် တောင်သူများအနေဖြင့် တိရစ္ဆာန်များကို ဂရုတစိုက်မွေးမြူ၍ မိမိတို့ဘဝဖွံ့ဖြိုးတိုးတက်ရေး ကြိုးစားလုပ်ဆောင်ကြရန် ပြောကြားပြီး ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဝန်ကြီးချုပ်က ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေး ဆောင်ရွက်ကြရန်နှင့် ကျောင်းအဝင်လမ်းကို ကွန်ကရစ်လမ်းခင်းပေးရန်အတွက် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီးမြို့နယ် ဂျိုးဖြူကျေးရွာ တောင်သူဦးတင်ရှိန်၏ လယ်မြေ သုံးဧကတွင် တောင်သူများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးစေ့ချကိရိယာ ၄၅ ခုဖြင့် စုပေါင်း၍ နေကြာသီးနှံ မျိုးစေ့ချကွင်းလက်တွေ့စိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးပြီး ဝန်ကြီးချုပ်က တောင်သူများနှင့်တွေ့ဆုံ၍ တစ်နိုင်သုံး မျိုးစေ့ချကိရိယာများဖြင့် မိသားစုများကိုယ်တိုင် အချိန်ခဏအတွင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးနိုင်ခြင်း၊ တစ်ဦးနှင့် တစ်ဦး အပြန်အလှန်ကူညီဆောင်ရွက်ခြင်းကြောင့် ရာသီအချိန်အခါမီ စိုက်ပျိုးနိုင်ကြောင်း ပြောကြားပြီး တောင်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။



**ဆန်းကျော်ဦး(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီး၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေးကြိုးပမ်း

**နေပြည်တော် ဒီဇင်ဘာ ၁၉**

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက်မတည် ထောက်ပံ့ငွေဖြင့် ပဲခူးတိုင်းဒေသကြီး၌ စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးရေး အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေးနှင့် ပို့ကုန်တိုးမြှင့်ရေးအတွက် ကျရာအခန်းကဏ္ဍများက ပူးပေါင်း ဆောင်ရွက်ကြစေလိုကြောင်း ဒီဇင်ဘာ ၁၇ ရက်က ပဲခူးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တောင်ငူခရိုင်ရုံးအစည်းအဝေးခန်းမတွင် မွေးမြူရေးတောင်သူများ၊ မွေးမြူရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက ပြောကြားခဲ့သည်။

တွေ့ဆုံပွဲတွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ရဲထွန်းဝင်း က မွေးမြူရေးတောင်သူများ၊ မွေးမြူသူအစုအဖွဲ့များ လိုက်နာဆောင်ရွက်ရန်အချက်များ၊ ထွက်ရှိလာသည့် မွေးမြူရေးထုတ်ကုန်များကို ထိုက်သင့်သော ဈေးနှုန်းဖြင့်ရောင်းချနိုင်ရေးနှင့် ဈေးကွက်တည်ငြိမ်စေရေးတို့အတွက် ဆက်စပ်အဖွဲ့အစည်းများနှင့် ညှိနှိုင်း ဆောင်ရွက်ပေးမည့် အစီအစဉ်များကို ရှင်းလင်းပြီး တက်ရောက်လာသည့် မွေးမြူရေးတောင်သူများ၏ မေးမြန်းဆွေးနွေးမှုအပေါ် ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ကြသည်။



ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် တောင်ငူမြို့ လဲဘူးကျေးရွာအုပ်စု ရွာသစ်ကျေးရွာရှိ နှင်းဆီခိုင် ငုံးမျိုးခြံ၏ ငုံးမျိုးသားဖောက် လုပ်ငန်းကိုလည်းကောင်း၊ (ဝဲပုံ) ရေတာရှည်မြို့နယ် ကျွန်းကုန်းကျေးရွာရှိ ရွှေဝါအအေးခန်း ဥစားကြက်မွေးမြူရေးခြံ၏ ဥစားကြက်မွေးမြူထားရှိမှုများကို လည်းကောင်း ကြည့်ရှုအားပေးပြီး ပုဂ္ဂလိကကဏ္ဍ ထုတ်လုပ်မှုတိုးတက်ရေး၊ သက်ဆိုင်ရာလုပ်ငန်းများ၏ ပတ်ဝန်းကျင် သန့်ရှင်းရေး၊ လုပ်ငန်းခွင် ဆောင်ရွက်သူများ ကူးစက်ရောဂါ ကင်းစင်ရေး၊ တစ်ကိုယ်ရေသန့်ရှင်းရေး၊ လုပ်ငန်းကျွမ်းကျင်မှုတိုးမြှင့်ရေး၊ အစားအစာ ထုတ်လုပ်မှုဆိုင်ရာ စံသတ်မှတ်ချက်များအား တိကျစွာ လိုက်နာဆောင်ရွက်ရေး အလေးထား ကြပ်မတ်ရန်လိုအပ်ချက်များကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျွမ်းကျင်သော မော်တော်ယာဉ် စက်ပြင်လုပ်သားများ ပိုမိုမွေးထုတ်နိုင်ရေး အလေးထားဆောင်ရွက်

**ရန်ကုန် ဒီဇင်ဘာ ၁၉**

အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဒဂုံမြို့နယ် (၄၈)U–10 ရပ်ကွက် ဆောင်ဆန်းသူရိယလှသောင်းလမ်း အမှတ်(၉)ရှိ Lab–our Asia Training Centre ကို ကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**



ထိုသို့ စစ်ဆေးစဉ် သင်တန်းကျောင်း တည်ထောင်ထားရှိမှု၊ လုပ်ငန်း အထောက်အကူပြု အင်္ဂလိပ်စာသင်တန်းနှင့် ဂျပန်စကားပြောသင်တန်း ပို့ချနေမှု၊ ဂဟေဆက်သင်တန်းများ လက်တွေ့ စာတွေ့ပို့ချနေမှုများကို ကြည့်ရှုအားပေး၍ ဒုတိယဝန်ကြီးက သင်တန်းကျောင်း၏ ရှေ့လုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ကျွမ်းကျင်မှု သင်တန်းများ ပိုမိုဖွင့်လှစ်နိုင်ရေး၊ လုပ်ငန်းခွင် ဘေးအန္တရာယ် ကင်းရှင်းရေး၊ လက်တွေ့နယ်ပယ်တွင် ထိရောက်စွာ အသုံးချနိုင်ရန် အလေးထား သင်ကြားပေးရေး၊ ဟိုတယ် ဝန်ဆောင်မှု စီမံခန့်ခွဲရေးနှင့် နိုင်ငံတကာ အစားအစာချက်ပြုတ်ပြင်ဆင်မှုသင်တန်းများကို တိုးချဲ့သင်ကြားပေးရေး၊ အရည်အချင်းပြည့်မီသော သင်တန်းဆင်းများ ဖြစ်စေရန် ကြီးကြပ်ဆောင်ရွက်ပေးရေး မှာကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ် (၄၆) ရပ်ကွက် ပြည်ထောင်စုလမ်း အမှတ် (၁၅၄၂) ရှိ Yun Nadi Oo Voca–tional Training Center သို့ သွားရောက်ပြီး အခြေခံမော်တော်ယာဉ် စက်ပြင်သင်တန်းနှင့် အဆင့်မြင့် မော်တော်ယာဉ်စက်ပြင် သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကို ကြည့်ရှုစစ်ဆေးကာ သင်တန်းသားများကို တွေ့ဆုံအားပေးစကားပြောကြား၍ NSSA အသိအမှတ်ပြု သင်တန်းကျောင်းအဖြစ် ဦးစီးဌာနမှ အသိအမှတ်ပြုထားပြီးဖြစ်ရာ Assessment Center တည်ထောင်ရန်နှင့် ကျွမ်းကျင်သော မော်တော်ယာဉ်စက်ပြင်လုပ်သားများ ပိုမိုမွေးထုတ်နိုင်ရေး အလေးထားဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လေရှီးမြို့ လူငယ်သင်တန်းကျောင်း၌ ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး

**လေရှီး ဒီဇင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန လူငယ်သင်တန်းကျောင်း၌ ယနေ့နံနက်ပိုင်းက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြောပွဲကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမောင်က အမှာစကားပြောကြားသည်။ ယင်းနောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးဌာန ဦးစီးအရာရှိ ဦးစံကျော်ဦး၊ လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိဦးသန်းဌေးနှင့် မြို့နယ်ဥပဒေအရာရှိဦးတက်တိုးအောင် တို့က ကလေးအလုပ်သမားပပျောက်ရေး ဥပဒေအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။ အဆိုပါ အခမ်းအနားသို့ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ယွန်း(မုံရွာ၊ကိုယ်ပွား)**

# ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂) ရေယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာများရရှိ

**နေပြည်တော် ဒီဇင်ဘာ ၁၉** NUG နှင့် CRPH တို့၏ ညွှန်ကြားမှုဖြင့် PDF အမည်ခံအကြမ်းဖက်သမားများသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့တွင် ရဟန်း၊ သံဃာတော်များ၊ အစိုးရဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများအား အကြမ်းဖက်ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ဆက်ကြေးကောက်ခံခြင်း၊ အစိုးရယန္တရားများပျက်ပြားစေရန် နိုင်ငံတော်ပိုင်အဆောက်အဦများ၊ အများပြည်သူ သွားလာအသုံးပြုလျက်ရှိသော လမ်း၊ တံတားများ၊ ခရီးသွား မော်တော်ယာဉ်/ ရေယာဉ်များအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ လုပ်ဆောင်လျက်ရှိသည်။

ထိုသို့ လုပ်ဆောင်လျက်ရှိရာ ဒီဇင်ဘာ ၁၈ ရက် ညနေ ၆ နာရီ မိနစ် ၄၀ ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ် မိသားစုရပ်ကွက် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ခရီးသည်များ တင်ဆောင်မောင်းနှင်လာသည့်ပြည်တွင်းရေကြောင်းအပိုင် ချယ်ရီ (၂) ရေယာဉ်အား PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ မိုင်းဖောက်ခွဲမှုကြောင့် ရေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့်အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရလူနာများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ ဖောက်ခွဲဖျက်ဆီးခဲ့သော PDF အမည်ခံအကြမ်းဖက်သမားများကို ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး၊ ချယ်ရီ(၂) ရေယာဉ်မိုင်းပေါက်ကွဲမှု။









ရန်ကုန်တိုင်းဒေသကြီး၊ ချယ်ရီ (၂) ရေယာဉ်မိုင်းပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိမှု။

## ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂) ရေယာဉ်အား NUG ၊ CRPH တို့၏ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့မှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်များ အသီးသီးထုတ်ပြန်

**နေပြည်တော် ဒီဇင်ဘာ ၁၉** ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ (၂) ရေယာဉ်အား ဒီဇင်ဘာ ၁၈ ရက် ညနေပိုင်းတွင် NUG ၊ CRPH **တို့၏ လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းဖြင့် အကြောင်းမဲ့ လူမဆန်စွာ** မိုင်းထောင် **ဖောက်ခွဲ**ခဲ့သဖြင့် အပြစ်မဲ့ခရီးသွားပြည်သူ (၁၇) ဦး မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံစာရေးဆရာအသင်း၊ မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံးနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) တို့က လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားများ အသီးသီးထုတ်ပြန်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း ကြေညာချက်

**၁၃၈၄ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၂ ရက်**

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်**

၁။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၈ ရက် တနင်္ဂနွေနေ့ ညနေပိုင်းက ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ (၂) ရေယာဉ်အား NUG ၊ CRPH တို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် အကြောင်းမဲ့လူမဆန်စွာ မိုင်းထောင်ဖောက်ခွဲခဲ့ကြောင်း သိရှိရပါသည်။

၂။ အကြမ်းဖက် PDF တို့ ဖောက်ခွဲခဲ့မှုကြောင့် အပြစ်မဲ့ခရီးသွားပြည်သူ စုစုပေါင်း (၁၇) ဦး မိုင်းစထိမှန် ဒဏ်ရာရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့စွာ ကြားသိရပါသည်။

၃။ အပြစ်မဲ့ခရီးသွားပြည်သူများအား ဤသို့ပစ်မှတ်ထား လူမဆန်စွာ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို) က လုံးဝလက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ရှုတ်ချကြောင်း သဘောထားထုတ်ပြန် ကြေညာအပ်ပါသည်။

**ဗုဒ္ဓဘာသာကလျာဏယုဝအသင်း YMBA (ဗဟို)**

## မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်**

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ပြေးဆွဲနေသည့် ချယ်ရီ (၂)ရေယာဉ်အား အကြမ်းဖက် PDF များက လက်လုပ်မိုင်းဖြင့် လူမဆန်စွာ ဖောက်ခွဲခဲ့သည့်အတွက် ခရီးသွားပြည်သူ (၁၇) ဦး ဒဏ်ရာရရှိခဲ့ကြောင်း ကြားသိရပါသည်။

ထိုကဲ့သို့ ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် ရေယာဉ်အား လူမဆန်စွာ တိုက်ခိုက်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်ကို မိမိတို့ မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံး အဖွဲ့သူ၊ အဖွဲ့သားများမှ ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်လိုက်သည်။

**မြန်မာနိုင်ငံ ဟာသပညာရှင်များ အစည်းအရုံး**

## မြန်မာနိုင်ငံစာရေးဆရာအသင်း၏ သဘောထားထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်**

၁။ ဒီဇင်ဘာ ၁၈ ရက် ညနေ ၆ နာရီ ၄၀ မိနစ်ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ မိသားစုရပ်ကွက်၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ခရီးသည်များတင်ဆောင်မောင်းနှင်လာသည့် ပြည်တွင်းရေကြောင်းပိုင် ချယ်ရီ (၂) ရေယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း၊ မိုင်းပေါက်ကွဲမှုကြောင့် ရေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် အပြစ်မဲ့ခရီးသွားပြည်သူ ၁၇ ဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဏ်ရာရလူနာများအား ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရသည်။

၂။ ထိုသို့ အပြစ်မဲ့ခရီးသွားပြည်သူများ ထိခိုက်ဒဏ်ရာရရှိအောင် မိုင်းထောင်ဖောက်ခွဲခဲ့သည့် PDF အမည်ခံအကြမ်းဖက်သမားများအား မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ကန့်ကွက်ရှုတ်ချကြောင်း သဘောထား ထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ သဘောထားထုတ်ပြန်ချက်

(၇/၂၀၂၂)

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်

၁။ ဒီဇင်ဘာလ (၁၈) ရက်နေ့ ညနေ (၆) နာရီ မိနစ် (၄၀) ခန့်တွင် ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ခရီးသည်များ တင်ဆောင်မောင်းနှင်လာသည့် ပြည်တွင်း ရေကြောင်းပိုင် ချယ်ရီ (၂) ရေယာဉ်အား အကြမ်းဖက်သမားအချို့က ဒေသန္တရလက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ပါသည်။

၂။ အဆိုပါ လူမဆန်သည့် အကြမ်းဖက်လုပ်ရပ်ကြောင့် အပြစ်မဲ့ ပြည်သူ (၁၇) ဦး မိုင်းစထိမှန်ကာ ထိခိုက်ဒဏ်ရာများ အသီးသီးရရှိခဲ့ကြောင်း စိတ်နှလုံးမချမ်းမြေ့ဖွယ် သိရှိရပါသည်။

၃။ ယမန်နေ့က ဖောက်ခွဲဖျက်ဆီးခဲ့သည့် အကြမ်းဖက်လုပ်ရပ်သည် စားဝတ်နေရေးအတွက် နေ့စဉ်လှုပ်ရှားရုန်းကန်နေကြရသည့် အပြစ်မဲ့ပြည်သူများကို ဦးတည်ချက်ထားကာ ရည်ရွယ်လုပ်ဆောင်ခဲ့ကြောင်း ထင်ရှားသဖြင့် ၎င်းအကြမ်းဖက်လုပ်ရပ်ကို လုပ်ကိုင်ခဲ့သည့် မည်သည့်အကြမ်းဖက်အဖွဲ့အစည်းကိုမဆို မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ လုံးဝ (လုံးဝ) လက်မခံနိုင်ပါကြောင်းနှင့် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပါကြောင်း သတင်းထုတ်ပြန်ကြေညာအပ်ပါသည်။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ

## မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို) သဘောထားထုတ်ပြန်ချက်

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်

၁။ ဒီဇင်ဘာလ ၁၈ ရက်နေ့၊ ညနေ (၆) နာရီ မိနစ် (၄၀) ခန့်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ မိသားစုရပ်ကွက်၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ ဒလဆိပ်ကမ်းသို့ ထွက်ခွာမောင်းနှင်လာသည့် ချယ်ရီ(၂)ရေယာဉ်အား PDF အမည်ခံ အကြမ်းဖက်သမားများက မိုင်းထောင်ဖောက်ခွဲခဲ့သဖြင့် အပြစ်မဲ့ ခရီးသွားပြည်သူ (၁၇) ဦး မိုင်းစများထိမှန်၍ ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရှိရသည့်ဖြစ်စဉ်အပေါ် မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အနေဖြင့် လွန်စွာပင်စိတ်နှလုံးမချမ်းမြေ့ ဖြစ်ရပါသည်။

၂။ ယခုကဲ့သို့ ပြည်တွင်းရေကြောင်းအပိုင် ချယ်ရီ(၂) ရေယာဉ်ပေါ်တွင် စီးနင်းလိုက်ပါလာသည့် အပြစ်မဲ့ ခရီးသွား ပြည်သူများအား လူမဆန်စွာ ဒေသန္တရလက်လုပ်မိုင်းတစ်လုံးဖြင့် ဖောက်ခွဲဖျက်ဆီးခဲ့ကြသည့် PDF အမည်ခံ အကြမ်းဖက်သမားများကို မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)က ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို)

**မလိုအပ်သော မီးများကို ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ**

## မုဒုံမြို့နယ်၌ ကိုကိုးသီးနှံစိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်း အခြေခံသင်တန်းဖွင့်

**မုဒုံ ဒီဇင်ဘာ ၁၉**

မွန်ပြည်နယ် မုဒုံမြို့နယ်၌ ကိုကိုးသီးနှံ စိုက်ပျိုးခြင်းနှင့် ပြုစုထိန်းသိမ်းခြင်း အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ) စိုက်ပျိုးရေး အသက်မွေးမှု သင်တန်းကျောင်း၌ ကျင်းပသည်။ **(အောက်ပုံ)**

သင်တန်းဖွင့်ပွဲတွင် နှစ်ရှည်ပင်များ သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ (မုဒုံ) ခြံတာဝန်ခံက တောင်သူများသို့ နည်းပညာများ ပြန်လည်ဖြန့်ဝေနိုင်ရန်၊ ရော်ဘာစိုက်တောင်သူများက ရော်ဘာသီးနှံအပြင် ဝင်ငွေရသည့် ကိုကိုးသီးနှံကို ရော်ဘာနှင့် တွဲဖက်၍ စိုက်ပျိုးလာခြင်းဖြင့် ဝင်ငွေတိုးတက်လာပြီး မြေယာထုတ်လုပ်မှု စွမ်းအားပိုမိုမြင့်မားလာစေရန်နှင့် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန် ရည်ရွယ်၍ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နှစ်ရှည်ဌာနခွဲ ညွှန်ကြားရေးမှူး ဦးထွန်းထွန်းထွေးက နှစ်ရှည်သီးနှံ၏ သီးနှံအမယ်သစ်ဖြစ်သော ကိုကိုးသီးနှံနှင့်ပတ်သက်ပြီး ဝန်ထမ်းများ လေ့လာသိရှိနိုင်ရန်၊ လူ့စွမ်းအားအရင်းအမြစ်အမြန်ဆုံး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဝန်ထမ်းများအား သင်တန်းကို အကြိမ်ရေများများ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ ကိုကိုး အခြေခံသင်တန်းပြီးပါက ဆရာဖြစ် သင်တန်းများကိုပါ ယခုဘတ်ဂျက်အတွင်း ဌာနပိုင်ခြံဝန်ထမ်းများအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်ရှိ ဝန်ထမ်းများအား ထပ်မံပို့ချပေးသွားမည်ဖြစ်ကြောင်း ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဒုတိယပြည်နယ် ဦးစီးမှူးက စိုက်ပျိုးရေးဦးစီးဌာန၏ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။



အဆိုပါ သင်တန်းတွင် သင်တန်းနည်းပြ ခြောက်ဦးတို့က ကိုကိုးသီးနှံ၏ မျိုးပွားနိုင်သော နည်းစနစ်များနှင့် မျိုးပွားထုတ်လုပ်ခြင်း၊ မျိုးစေ့ရွေးချယ်ပျိုးထောင်ပြုစု ထိန်းသိမ်းခြင်း၊ ပိုးမွှားရောဂါများ ကာကွယ်နှိမ်နင်းခြင်း၊ အသီးခူးဆွတ်ခြင်း၊ အချဉ်ဖောက်အခြောက်လှန်းခြင်းတို့ကို ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ စိုက်ပျိုးရေးဝန်ထမ်း သင်တန်းသား သင်တန်းသူများအား စာတွေ့လက်တွေ့ဖြင့် ငါးရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

သားငယ် (ပြန်/ဆက်)



## နမ့်ဆန်ဒေသမှ တိုက်ပွဲရှောင်ပြည်သူများအား အခြေခံစားသောက်ကုန်နှင့် အဝတ်အထည်များ ထောက်ပံ့

**သီပေါ ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ့်ဆန်မြို့နယ်မှ တိုက်ပွဲရှောင်ပြည်သူ ၁၀၀၀ ကျော်တို့သည် ဇုယျှနီးကြီးဘုန်းတော်ကြီးကျောင်း တိုက်ပွဲရှောင်စခန်းသို့ တိမ်းရှောင်ရောက်ရှိကြသည်။

အဆိုပါ တိုက်ပွဲရှောင် တိုင်းရင်းသားသွေးချင်းများအား ယနေ့နံနက်ပိုင်းတွင် သီပေါမြို့နယ် တအမ်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ ဥက္ကဋ္ဌ ဦးမြမောင် ဦးဆောင်၍ မြို့နယ်မှ စေတနာရှင်ပြည်သူများက စုပေါင်းလှူဒါန်းသော ဆန်၊ ဆီ၊ ဆေး၊ ဆား စသည့်အခြေခံစားသောက်ကုန်များနှင့် ဆောင်းဝတ်အနွေးထည်၊ စောင်၊ ခြင်ထောင်နှင့် ရေသန့်ဘူးများ သွားရောက်ကူညီပံ့ပိုးပေးအပ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

❖ *ကျောဖုံးမှ*

၃၅ မှတ်ဖြင့်လည်းကောင်း၊ အမျိုးသားအလွတ်တန်း၌ Sam Par Oo အသင်းက Legend အသင်းကို ၈၄ မှတ် ၇၅ မှတ်ဖြင့် အနိုင်ရရှိခဲ့ကြသည်။ ပြိုင်ပွဲအပြီး အမျိုးသမီး Over50 ၊ အမျိုးသား Over 50 ၊ အမျိုးသမီးအလွတ်တန်း၊ အမျိုးသားအလွတ်တန်းတွင် ပထမ၊ ဒုတိယ၊ တတိယနှင့် အမျိုးသား၊ အမျိုးသမီး အကောင်းဆုံးဆုရ အားကစားသမားများကို တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီဥက္ကဋ္ဌ ဥပဒေချုပ် ဦးငွေးအောင်၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်နာယက ဒေါ်နီ၊ ဥက္ကဋ္ဌ ဦးကျော်ဝင်း၊ ဒုတိယဥက္ကဋ္ဌများက တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်ကြသည်။ ထို့နောက်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း က အမျိုးသမီး Over50 ပထမဆုရ Gold Star အသင်း၊ အမျိုးသား Over50 ပထမဆုရ Friendshipအသင်း၊ အမျိုးသမီးအလွတ်တန်း A.Studio အသင်း၊ အမျိုးသားအလွတ်တန်း Sam Par Oo အသင်းတို့အား တံခွန်စိုက်ဆုဖလားချီးမြှင့်သည်။ ယင်းပြိုင်ပွဲကို ဒီဇင်ဘာ ၁၂ ရက်မှ ၁၉ ရက်အထိ ကျင်းပခဲ့ပြီး အားကစားသမား ၂၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ မြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မြန်မာနိုင်ငံ တရုတ်ကုန်သည်များအသင်းချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **အာကာစိုး**

## မူဆယ်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်အတွင်း၌ လူဦးရေစာရင်း မြေပြင်ကွင်းဆင်းကောက်ယူရေးအတွက် လုပ်ငန်းညှိနှိုင်းစည်းဝေး

**မူဆယ် ဒီဇင်ဘာ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ်နှင့် နမ့်ခမ်းမြို့နယ်အတွင်း၌ လူဦးရေစာရင်း မြေပြင်ကွင်းဆင်း ကောက်ယူရေးအတွက် လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက မူဆယ်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ကျင်းပသည်။ **(ယာပုံ)**

ဦးစွာ မူဆယ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မူဆယ်ခရိုင် မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဇော်မိုးက အမှာစကားပြောကြားရာ ယခုလူဦးရေစာရင်း၊ မြေပြင်စာရင်း ကောက်ယူမှု မှန်ကန်မှု ရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်စာရင်း မှန်ကန်စွာ ပြုလုပ်နိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မူဆယ်ခရိုင်ဦးစီးမှူး ဦးရဲရင့်ထွန်းက လူဦးရေစာရင်း မြေပြင် ကွင်းဆင်းကောက်ယူရေး၊ လုပ်ငန်း အောင်မြင်စွာဆောင်ရွက်နိုင်ရေး ဖွဲ့စည်းမှုနှင့် အစီအမံများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ခရိုင်/မြို့နယ် မြေပြင်ကွင်းဆင်းကောက်ယူရေး ကြီးကြပ်မှု ကော်မတီအဖွဲ့နှင့် တက်ရောက် လာကြသူများက အပြန်အလှန် ဆွေးနွေးခဲ့ကြပြီး မူဆယ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လိုအပ်သည်များ ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

သန့်ဇင်(မြန်မာ့အလင်း)



## ထိုင်းတော်ဝင်ရေတပ်စစ်ရေယာဉ်တစ်စင်း နစ်မြုပ်မှုဖြစ်ပွားပြီး အမှုထမ်း ၃၁ ဦးပျောက်ဆုံးနေ



**ဘန်ကောက် ဒီဇင်ဘာ ၁၉**

ကြီးမားသည့် လှိုင်းရိုက်ပုတ်မှုဒဏ် ကြုံတွေ့ရပြီးနောက် ထိုင်းတော်ဝင်ရေတပ် စစ်ရေယာဉ်တစ်စင်း ဒီဇင်ဘာ ၁၈ ရက်ညပိုင်းက နစ်မြုပ်မှုဖြစ်ပွားကာ အမှုထမ်း ၃၁ ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

HTMS Sukhothai အမည်ရသည့် ကော်ဗက်အမျိုးအစား စစ်ရေယာဉ်သည် ပရာချွတ်ခီရီခန်းပြည်နယ် ကမ်းရိုးတန်းမှ ၃၀ ကီလိုမီတာခန့်အကွာတွင် နစ်မြုပ်ခဲ့ခြင်း ဖြစ်သည်။ ထိုစစ်ရေယာဉ်သည် စက်ချွတ်ယွင်းပြီး နစ်မြုပ်မှုမဖြစ်ပွားမီ ပြင်းထန်အားပါသည့် လှိုင်းလုံးကြီးများနှင့် လေပြင်းတိုက်ခတ်မှုတို့ ကြုံတွေ့ခဲ့ရကြောင်း ရေတပ်က ပြောသည်။

အထိမ်းအမှတ် အခမ်းအနားတစ်ခုဆီကို ဦးတည်ထွက်ခွာလာသော စစ်ရေယာဉ်သည် ယာဉ်ပေါ်တွင် အမှုထမ်း ၁၀၀ ကျော် လိုက်ပါလာကြောင်းနှင့် လက်ရှိတွင် ပျောက်ဆုံးနေသော အမှုထမ်း ၃၁ ဦးကို ရှာဖွေရန် လုပ်ဆောင်နေဆဲဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် ပရာယွတ်ချန်အိုချာက ပျောက်ဆုံးနေသူများကို ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အစွမ်းကုန် ကြိုးစားရှာဖွေကယ်ဆယ်ရန် အာဏာပိုင်များကို တိုက်တွန်းထားသည်။ စစ်ရေယာဉ် တိမ်းမှောက်နေရာသို့ သင်္ဘောများ၊ ရဟတ်ယာဉ်များနှင့် ဒရုန်းယာဉ်များ စေလွှတ်ထားသည်။ အဆိုပါ စစ်ရေယာဉ်ကို အမေရိကန်နိုင်ငံက တည်ဆောက်ထားခြင်းဖြစ်ပြီး ၁၉၈၇ ခုနှစ်တွင် တပ်တော်ဝင်ခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာနိုင်ငံသား ၆ ဒသမ ၂ သန်း အစားအစာမလုံလောက်မှုနှင့် ရင်ဆိုင်နေရ

**ကိုလံဘို ဒီဇင်ဘာ ၁၉**

သီရိလင်္ကာနိုင်ငံသား ၆ ဒသမ ၂ သန်းသည် အစားအစာမလုံလောက်မှုနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို) က ထုတ်ပြန်ထားသည်။

အိမ်ထောင်စု ၁၀ စုတွင် လေးစုမှာ ၎င်းတို့၏ ဝင်ငွေလျော့နည်းလာမှုနှင့် ကြုံတွေ့နေရပြီး အိမ်ထောင်စုနှစ်စုလျှင် တစ်စုမှာ လတ်တလောတွင် အစားအစာမရှိခြင်း သို့မဟုတ် အစားအစာဝယ်ယူရန် ငွေမရှိခြင်းနှင့် ကြုံတွေ့နေရကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့က ၂၀၂၂ ခုနှစ် ဇွန်လမှ ဒီဇင်ဘာလအထိ သုံးသပ်ချက်ကို ဒီဇင်ဘာ ၁၉ ရက်တွင် မီဒီယာသို့ ပြောကြားသည်။

သီရိလင်္ကာနိုင်ငံသား ၄၀ ရာခိုင်နှုန်းမှာ ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းအတွက် စိုက်ပျိုးရေးလုပ်ငန်းအပေါ် မှီခိုနေရကြောင်းနှင့် ၂၀၂၂ ခုနှစ်တွင် စပါးထုတ်လုပ်ရန် ကုန်ကျစရိတ်မှာ ၁၀၀ ရာခိုင်နှုန်းကျော် တိုးမြင့်လာကြောင်း အက်ဖ်အေအိုက ထုတ်ပြန်ထားသည်။ နိုင်ငံအတွင်း စားနပ်ရိက္ခာဖောင်းပွမှု မြင့်တက်လာပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လအတွင်း ၉၀ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်း အက်ဖ်အေအိုက ပြောသည်။ **ဆင်ဟွာ**




## ဂျပန်နိုင်ငံ တိုဟိုကူတောင်ပိုင်းနှင့် နီဂါတာမြို့၌ နှင်းများစံချိန်တင်ကျရောက်

**နီဂါတာ ဒီဇင်ဘာ ၁၉**

ဂျပန်နိုင်ငံ နီဂါတာပြည်နယ်နှင့် တောင်ပိုင်း တိုဟိုကူဒေသတို့၌ ပြင်းထန်သည့် အအေးဓာတ်များကြောင့် နှင်းများကျလျက်ရှိသည်။

နှင်းများ ပိုမိုကျရောက်လာနိုင်ပြီး ယာဉ်ကြောပိတ်ဆို့မှုနှင့် အခြား ပြဿနာများအတွက် အလွန်သတိရှိစွာ နေထိုင်ကြရန် ပြည်သူများကို ဂျပန်နိုင်ငံ မိုးလေဝသအေဂျင်စီက သတိပေးထားသည်။ ဒီဇင်ဘာ ၁၉ ရက် ညနေ ၅ နာရီအထိ ရာမာဂါတာပြည်နယ် အော့ခူရာကျေးရွာ၌ နှင်းထုမှာ ၂ ဒသမ ၂ မီတာခန့် ကျရောက်ကြောင်းနှင့် ယူအိုနူမာမြို့၌ နှင်းထု မှာ ၁ ဒသမ ၈ မီတာကျော် ကျရောက်ကြောင်း မိုးလေဝသ အာဏာပိုင်များက ပြောကြားသည်။




ဖူကူရှီးမားပြည်နယ် တာဒါမီမြို့၌ ဒီဇင်ဘာ ၁၉ ရက် နံနက်ပိုင်းမှ ၂၄ နာရီအတွင်း နှင်း ၁ ဒသမ ၁ မီတာ ကျရောက်ပြီး နှင်းထုမှာ ယနေ့ ညနေ ၅ နာရီအထိ ၁ ဒသမ ၆ မီတာနီးပါး ကျရောက်ကြောင်း သိရသည်။

နာဂါအိုကာမြို့၌ ၂၄ နာရီအတွင်း နှင်းကျရောက်မှုမှာ စံချိန်တင် ၈၉ စင်တီမီတာရှိကြောင်း သိရသည်။ နီဂါတာမြို့၌ ၂၄ နာရီအတွင်း နှင်းထုမှာ ၄၃ စင်တီမီတာ ကျရောက်ကြောင်း သိရသည်။ အဓိကအားဖြင့် ဂျပန် ပင်လယ်ကမ်းရိုးတန်းဘက်တွင် ဒီဇင်ဘာ ၂၀ ရက်အထိ နှင်းများ ဆက်လက်ကျရောက်မည်ဖြစ်ကြောင်း မိုးလေဝသ အာဏာပိုင်များက ခန့်မှန်းထားသည်။ **အင်န်အိတ်ချ်ကေ**

## ပါကစ္စတန်နိုင်ငံ၌ ယာဉ်မတော်တဆမှု ဖြစ်ပွားပြီး ရှစ်ဦးသေဆုံး

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၁၉**

ပါကစ္စတန်နိုင်ငံအရှေ့ပိုင်း ပန်ဂျပ်ပြည်နယ် ရာဂျန်ပူးခရိုင်၌ ဒီဇင်ဘာ ၁၉ ရက်က ခရီးသည်တင်ဘတ်စ်ကားနှစ်စီး တိုက်မိရာ ရှစ်ဦးသေဆုံးပြီး ၂၃ ဦး ဒဏ်ရာရရှိကြောင်း ပြည်တွင်းသတင်းများတွင် ဖော်ပြထားသည်။

အဆိုပါဒေသတွင် မြူများထူထပ်စွာကျရောက်ပြီး မြင်ကွင်းမရှင်းသောကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားခြင်း ဖြစ်သည်။ ဘတ်စ်ကားမောင်းနှင်သူမှာ ဆန့်ကျင်ဘက်လမ်းမှလာသည့် အခြားယာဉ်ကို မခန့်မှန်းနိုင်သောကြောင့် ယာဉ်မတော်တဆမှုဖြစ်ပွားရကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ **ဆင်ဟွာ**

## နိုင်ဂျီးရီးယားနိုင်ငံ၌ ကာလဝမ်းရောဂါဖြစ်ပွားမှုကြောင့် ၂၀ ထက်မနည်း သေဆုံး

**အဘူဂျာ ဒီဇင်ဘာ ၁၉**

နိုင်ဂျီးရီးယားနိုင်ငံ တောင်ပိုင်း ခရော့ရေးဗား ပြည်နယ်၌ ကာလဝမ်းရောဂါ ဖြစ်ပွားမှုမှ သေဆုံးသူဦးရေသည် လက်ရှိအချိန်အထိ ၂၀ ထက်မနည်း ရှိကြောင်း ဒီဇင်ဘာ ၁၉ ရက်တွင် ဒေသခံ တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရောဂါ ဖြစ်ပွားမှုကြောင့် လက်ရှိအချိန်အထိ လူပေါင်း ၃၀ ကို ဆေးရုံသို့ တင်ပို့ထားရကြောင်း ကျန်းမာရေးစောင့်ရှောက်မှု ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီမှ အကြီးအကဲဖြစ်သူ ဂျနက် အီပိုယောင်းက ပြောသည်။

ထို့ပြင် ရောဂါကူးစက် ပျံ့နှံ့မှုကာကွယ်ရန်အတွက် ဆေးဝန်ထမ်းနှင့် သက်ဆိုင်ရာ ဆေးပစ္စည်းများကို ရောဂါဖြစ်ပွားသောနေရာများသို့ ဖြန့်ကြက်ထားပြီးဖြစ်ကြောင်း ၎င်းက ဆက်ပြောသည်။ အထူးသဖြင့် လူနေထူထပ်သော နေရာဒေသများတွင် သောက်သုံးရေ လုံလောက်စွာ မရရှိခြင်းကြောင့် နိုင်ဂျီးရီးယားနိုင်ငံ၌ ကာလဝမ်းရောဂါ မကြာခဏ ဖြစ်ပွားလေ့ရှိသည်။ **ဆင်ဟွာ**



## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူသစ် ၈၆၃ ဦးနှင့် သေဆုံးသူ ၃၀ ရှိ

**မနီလာ ဒီဇင်ဘာ ၁၉**

ဖိလစ်ပိုင်နိုင်ငံ၌ ဒီဇင်ဘာ ၁၉ ရက်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူသစ် ၈၆၃ ဦးရှိသည့်အတွက် အဆိုပါ ရောဂါကူးစက်ခံရသူပေါင်း ၄၀၅၇၁၂၉ ဦးအထိ ရှိလာပြီဖြစ်သည်။

ထို့ပြင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ဆဲလူနာအရေအတွက်သည် ၁၇၅၉၃ ဦးသို့ ကျဆင်းလာသော်လည်း အဆိုပါရောဂါကြောင့် ထပ်မံသေဆုံးသူ ၃၀ ရှိသည့်အတွက် နိုင်ငံတစ်ဝန်း သေဆုံးသူပေါင်း ၆၅၀၉၄ ဦးအထိ ရှိလာပြီဖြစ်သည်။

ထပ်မံကူးစက်ခံရသူများအနက် လူဦးရေ ၁၃ သန်းကျော် နေထိုင်သော မြို့တော်မနီလာဝန်းကျင်၌ ၃၃၈ ဦး ပါဝင်ကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် ကိုဗစ်-၁၉ ရောဂါ ထပ်မံကူးစက်ခံရသူ ၃၉၀၀၄ ဦးရှိသည့်အတွက် တစ်ရက်တည်း အများဆုံးကူးစက်မှု အမြင့်ဆုံးနေ့အဖြစ် မှတ်တမ်းတင်ထားသည်။

လူဦးရေ သန်း ၁၁၀ ခန့်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ၇၃ ဒသမ ၈ သန်းကျော်သည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအကြိမ်ပြည့် ထိုးနှံထားကြောင်း သိရသည်။ **ဆင်ဟွာ**

# ဥရောပယူနီယံမှ စီးပွားရေးဖွံ့ဖြိုးမှုအားနည်းသော နိုင်ငံများသို့ တစ်ဖက်သတ်အခွင့်အရေးပေးသည့် အစီအစဉ် (Generalized System of Preferences - GSP) ကို ပြန်လည်ပြင်ဆင်မည့်ကိစ္စအပေါ် ဘုံသဘောတူညီချက်မရသေး

ဥရောပယူနီယံမှ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများသို့ တစ်ဖက်သတ်အခွင့်အရေးပေးသည့်အစီအစဉ် (Generalized System of Preferences–GSP)ကိုပြင်ဆင်ခြင်း ( ဥပမာ–သက်တမ်းတိုးခြင်း )နှင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများမှ တင်သွင်းလာသည့် ဆန်အပေါ် အလိုအလျောက် အကာအကွယ်ပေးမှု အစီအမံ (Automatic Safeguard Mechanism) ကို စတင်ကျင့်သုံးမည့်ကိစ္စများကို ဆောင်ရွက်ရန် ဥရောပယူနီယံအဖွဲ့ဝင်များအကြား ဘုံသဘောတူညီချက်မရနိုင်သေးကြောင်းကို အီတလီနိုင်ငံ၏ စိုက်ပျိုးရေး၊ အစားအသောက်နှင့် သစ်တောရေးရာ ဝန်ကြီးဌာနအောက်ရှိအမျိုးသားဆန်စပါးအသင်းချုပ်မှ ပြောကြားလိုက်သည်။

ဥရောပယူနီယံမှ စီးပွားရေးဖွံ့ဖြိုးမှုအားနည်းသော နိုင်ငံများသို့ တစ်ဖက်သတ်အခွင့်အရေးပေးသည့် အစီအစဉ် ( GSP) သည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ယင်းအစီအစဉ်ကိုပြန်လည်ပြင်ဆင်ခြင်း (ဥပမာ–ဥရောပယူနီယံမှ စီးပွားရေးဖွံ့ဖြိုးမှု အားနည်းသောနိုင်ငံများသို့တစ်ဖက်သတ်အခွင့်အရေးပေးသည့် အစီအစဉ် (GSP) ကို ၂၀၃၄ ခုနှစ်အထိ တိုးမြှင့်ခြင်း)နှင့်အတူ တစ်ဖက်သတ်အခွင့်အရေးပေးထားသည့် နိုင်ငံများမှ ဥရောပယူနီယံအဖွဲ့ဝင် နိုင်ငံများသို့ ဆန်တင်သွင်းသည့် ပမာဏနှင့် ယင်းဈေးနှုန်းများသည် အဖွဲ့ဝင်နိုင်ငံများရှိ ဆန်ထုတ်လုပ်သူများအား ခြိမ်းခြောက်မှုဖြစ်လာပါက ယင်းထုတ်လုပ်သူများအား အကာအကွယ်ပေးမည့် စနစ်ကိုပါ တစ်ပါတည်းပြဋ္ဌာန်းစေလိုကြောင်း အီတလီနိုင်ငံအပါအဝင် ဥရောပယူနီယံအဖွဲ့ဝင် နိုင်ငံအချို့မှ အဆိုပြုချက်တင်သွင်းသည့် ကိစ္စဖြစ်သည်။ ဤ GSP အစီအစဉ်ကို သက်တမ်းတိုးမြှင့်ခြင်း ကိစ္စမှာ လက်ရှိနိုင်ငံရေးအမြင်တွင် အဓိကကျသည့် ဖြေရှင်းမှုမဟုတ်သော်လည်း ဖွံ့ဖြိုးမှုအနည်းဆုံး နိုင်ငံများမှ တင်သွင်းလာသည့်ဆန်အပေါ် အလိုအလျောက် အကာအကွယ်ပေးမှုအစီအမံ (Automatic Safeguard Mechanism)ကို စတင်ကျင့်သုံးမည့်ကိစ္စသည်သာလျှင် အဓိကအရေးပါကြောင်းကို အီတလီနိုင်ငံ၏ စိုက်ပျိုးရေး၊ အစားအသောက်နှင့် သစ်တောရေးရာ ဝန်ကြီးဌာနအောက်ရှိ အမျိုးသားဆန်စပါးအသင်းချုပ်မှ ထပ်မံပြောကြားကြောင်း သိရသည်။

ရင်းမြစ် – markets.agriculturetrade.eurpoe.rice

## စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ကွမ်းစိုက်တောင်သူများအဆင်ပြေ



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တွင် ကွမ်းကို မိမိတို့အိမ်ခြံဝင်းအတွင်း တစ်နိုင်တစ်ပိုင်အနေဖြင့် လည်းကောင်း၊ အပိုဝင်ငွေ ရရှိရန်အတွက် လည်းကောင်း စိုက်ပျိုးကြကြောင်း၊ ကွမ်းကို ဆောင်းစိုက်နှင့် မိုးစိုက် ဟူ၍ နှစ်မျိုး ခွဲစိုက်ပျိုးကြပြီး မိုးစိုက်သည် ပိုးကျလွယ်သည့်အတွက် အစိုက်နည်းပြီး ဆောင်းစိုက်ကိုသာ ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

ကွမ်းပင်များကို ဝါဆိုလ (ဇွန်လ) တွင် စိုက်ပျိုးကြပြီး ကွမ်းပျိုးပင် တစ်ပင်လျှင် ကျပ် (၄၀၀–၅၀၀) ပေးဝယ်ရပြီး တစ်ဧကလျှင် ကွမ်းပင် ၃၀၀၀ ခန့် စိုက်ပျိုးရသည်။ စိုက်ပျိုးပြီး လေးလခန့် အရွယ်တွင် ခူးဆွတ်နိုင်ပြီး အစမ်းခူးသည့်အချိန်တွင် ပိဿာ(၄၅–၅၀)ထွက်ရှိကာ တစ်နှစ်ကျော်လျှင် အထွက်နှုန်းတိုးလာပြီး ပိဿာ (၂၀၀–၂၅၀) အထိ ထွက်ရှိကြောင်း၊ မြေပြုပြင်ခြင်း၊ မျိုးစိုက်ပျိုးခြင်း၊ သွင်းအားစုနှင့် လုပ်သားခများအပါအဝင် ကွမ်းအပင်ရေ ၁၀၀၀ ခန့် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ်မှာ ကျပ် ၁၅ သိန်းခန့် ကုန်ကျပြီး မြေဆီမြေသား ကောင်းမွန်မှုနှင့် ဂရုစိုက်မှုပေါ်မူတည်၍ ကွမ်းသက်တမ်း (သုံးနှစ်မှ ခုနစ်နှစ်အထိ) ကြာမြင့်သောကြောင့် အကျိုးအမြတ်အနေဖြင့် ငွေကျပ် သိန်း ၃၀ နှင့် အထက်ရရှိကြောင်း သိရသည်။

မုံရွာမြို့နယ် ကွမ်းဈေးကွက်အနေဖြင့် ဒီဇင်ဘာလပထမအပတ်တွင် ကွမ်းတစ်ပိဿာလျှင် ကျပ် (၈၅၀၀–၁၀၀၀၀) ဈေးရရှိပြီး ယခုဒီဇင်ဘာလ ဒုတိယအပတ်တွင် အရည်အသွေးအပေါ် မူတည်ပြီး တစ်ပိဿာလျှင် အနိမ့်ဆုံးဈေး ငွေကျပ် ၇၀၀၀ မှ အမြင့်ဆုံးဈေး ကျပ် (၉၀၀၀–၉၅၀၀) အထိ ရောင်းချရပြီး အရောင်းအဝယ်သွက်ကာ ကွမ်းစိုက်တောင်သူများ အဆင်ပြေနေကြောင်း တောင်သူများထံမှ စုံစမ်းသိရှိရသည်။

**DOCA(စစ်ကိုင်း)**

## ဈေးမြင့်တက်နေသည့် ရှမ်းတောင် ကော်ဖီစေ့

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်တို့တွင် ကော်ဖီသီးများ ရင့်မှည့်ချိန် နိုဝင်ဘာလမှ မတ်လအထိ ခူးဆွတ်၍ ဈေးကွက်တင် ကုန်ချောများအဖြစ် ထုတ်လုပ်ပြီး ဧပြီလမှစတင်ကာ နိုဝင်ဘာလအထိ ကာလအတွင်း ပြည်ပသို့ တင်ပို့ရောင်းချနေကြကြောင်း၊ ယခုနှစ်တွင် ကော်ဖီသီးခူးဆွတ်ချိန်ဖြစ်သည့် နိုဝင်ဘာလအတွင်းမှာပင် ထိုင်းနိုင်ငံမှ ဝယ်လက်များမှ ဒေသအရောက် ကွင်းဆင်းဝယ်ယူနေမှုကြောင့် ဈေးတက်ပြီး အရောင်းသွက်လျက်ရှိကြောင်း၊ ယခင်နှစ်က ကော်ဖီစေ့တစ်ပိဿာလျှင် ကျပ် ၈၀၀ ရှိခဲ့ရာမှ ယခုနှစ်ရာသီအစမှာပင် ကော်ဖီစေ့ တစ်ပိဿာလျှင် ကျပ် ၂၅၀၀ အထိ ဈေးနှုန်းရရှိနေမှုကြောင့် ဈေးနှုန်း သုံးဆကျော် တိုးတက်ရရှိလျက်ရှိကြောင်း သတင်းရရှိသည်။

DOCA(ရှမ်း)



## ကြက်သွန်နီဈေးကွက်အခြေအနေ

စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးကြက်သွန်စိုက်ဧက ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီး၍ ယနေ့အထိ ဧကပေါင်း ၁၆၀၀ ကျော် ရိတ်သိမ်းပြီးကြောင်းသိရသည်။ မုံရွာပွဲရုံသို့ မိုးကြက်သွန်နီများ လှိုင်လှိုင်ဝင်ရောက်နေပြီး နေ့စဉ်ပိဿာချိန် ၁၀၀၀၀ ခန့် ဝင်ရောက်လျက်ရှိသည်။ မုံရွာမြို့ပွဲရုံများသို့ ဝင်ရောက်လာသော ကြက်သွန်နီများကို ဒေသတွင်းအဆွဲများရှိခြင်း၊ ရန်ကုန်၊ မန္တလေးနှင့် ချင်းတွင်း အထက်မြစ်ရိုးတစ်လျှောက် တင်ပို့လျက်ရှိကြောင်း သိရသည်။

ယခုတစ်ပတ်အတွင်း မုံရွာပွဲရုံများတွင် ဝင်ရောက်လျက်ရှိသော မိုးကြက်သွန်နီအသစ် ပေါက်ဈေးနှုန်းအနေဖြင့် လက်ကားတစ်ပိဿာပေါက်ဈေးနှုန်းများမှာ(ကြီး) ကျပ် (၃၃၀၀–၃၄၀၀)၊ (လတ်) ကျပ် (၂၈၀၀–၃၀၀၀)၊ (သေး) ကျပ် (၂၅၀၀–၂၇၀၀)၊ အသေးဆုံးမှာ ကျပ် (၁၀၀၀–၁၃၀၀) နှုန်းနှင့် အလုံးဆိုက် အကြီးအသေး၊ အစိုအခြောက် အရောင်အသွေးပေါ်မူတည်၍ ဈေးနှုန်းများ ကွာခြားမှုရှိသည်။ မိုးကြက်သွန်နီ လက်လီဈေးနှုန်းများမှာ(ကြီး) ကျပ် (၃၅၀၀–၃၈၀၀)၊ (လတ်) ကျပ် (၃၀၀၀–၃၄၀၀)၊ (သေး) ကျပ် (၂၇၀၀–၃၀၀၀)ရှိသည်။ ယခင်အပတ်နှင့် နှိုင်းယှဉ်ပါက ပွဲစား၊ လှောင်လက်များ အဝယ်နည်းနေသဖြင့် ဈေးအနည်းငယ်ကျလျက်ရှိသည်။ ကြက်သွန်ဖြူလက်လီဈေးမှာ (ဗမာ) ကျပ် (၅၀၀၀–၆၀၀၀)၊ (ရှမ်းစ) ကျပ် (၄၅၀၀–၅၀၀၀)၊ကြူကုတ် ကျပ် (၅၅၀၀–၆၀၀၀)ဖြင့် ပစ္စည်းအရည်အသွေးပေါ်မူတည်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။ **(ဓေယျာကုန်သွယ်မှုဗဟိုဌာန)**

## ငရုတ်သီးခြောက်ဈေးအနည်းငယ်မြင့်တက်လျက်ရှိ

ကယားပြည်နယ်တွင် စားဖိုဆောင်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ငရုတ်သီးကို မိုးတွင်းနှင့် ဆောင်းတွင်း၌ စိုက်ပျိုးကြသည်။ လွိုင်ကော်မြို့နယ် ပန်ကန်းကျေးရွာ၊ ရွာတန်းရှည်ကျေးရွာ၊ ကုန်းသာကျေးရွာနှင့် လင်ဖုံလေးကျေးရွာတို့တွင် အဓိကစိုက်ပျိုးလျက်ရှိပြီး ငရုတ်သီးခြောက်တောင့်ရှည်နှင့် အပုခြောက် (ကုလားအော်သီးခြောက်) ဟူ၍ နှစ်မျိုးရှိပြီး ငရုတ်သီးခြောက်တောင့်ရှည် တစ်ပိဿာလျှင် ငွေကျပ် ၁၄၀၀၀ နှင့် ကုလားအော်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀၀ ဈေးဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ နိုဝင်ဘာလဒုတိယပတ်တွင် ငရုတ်သီးခြောက်တောင့်ရှည် တစ်ပိဿာလျှင် ငွေကျပ် ၁၃၅၀၀ ၊ ကုလားအော်သီးခြောက်တစ်ပိဿာလျှင် ငွေကျပ် ၁၉၅၀၀ ရှိခဲ့ပြီး ဒီဇင်ဘာလဒုတိယပတ်နှင့် နှိုင်းယှဉ်လျှင် ငရုတ်သီးခြောက်တောင့်ရှည် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀၊ ကုလားအော်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ ခန့် မြင့်တက်လျက်ရှိကြောင်း ငရုတ်သီးခြောက်ရောင်းချသူတစ်ဦးထံမှ စုံစမ်းသိရှိရသည်။

**DOCA(ကယား)**



## ကန်ပိုက်တီကုန်သွယ်ရေးစခန်း ကုန်သွယ်မှုအခြေအနေ

ကန်ပိုက်တီကုန်သွယ်ရေးစခန်း၏ ဒီဇင်ဘာ ၁၀ ရက်မှ ၁၆ ရက်အထိ လုပ်ငန်း ဆောင်ရွက်နိုင်မှုမှာ ပို့ကုန် ၁ ဒသမ ၉၄၅ ဒေါ်လာသန်း၊ သွင်းကုန် ဝ ဒသမ ၂၉၁ ဒေါ်လာသန်း၊ ကုန်သွယ်မှုပမာဏအနေဖြင့် (၂ ဒသမ ၂၃၆) ဒေါ်လာသန်း ဆောင်ရွက်နိုင်ခဲ့သည်။ ယခုအပတ်ပို့ကုန်ပိုင်းတွင် အဓိက ပို့ကုန်ဖြစ်သော တစ်သျှူးငှက်ပျောအပြင် ဖရဲကိုပါ တင်ပို့နိုင်ခဲ့ပြီး သွင်းကုန်ပိုင်းတွင် သံခြင်းကွန်တိန်နာများ၊ အင်ဂျင်များ၊ စက်နှင့်စက်ပစ္စည်းများ၊ သံနှင့်သံမဏိပစ္စည်းများ၊ ဝိုင်ယာကြိုးများ၊ မော်တော်ဆိုင်ကယ် အပိုပစ္စည်းများ၊ ပလတ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ တာယာနှင့် ကျွတ်များ၊ ပရိဘောဂများ၊ ကုန်ထုတ်စက္ကူများ၊ ချုပ်ပြီးအဝတ်အထည်များနှင့် အခြားလူသုံးကုန်ပစ္စည်းများ တင်သွင်းခဲ့သည်။

ကန်ပိုက်တီ ကုန်သွယ်ရေးစခန်းမှတစ်ဆင့် ဒီဇင်ဘာ ၁ ရက်မှ ဒီဇင်ဘာ ၁၈ ရက် အထိ သစ်သီးများတင်သွင်းရာတွင် ပန်းသီး ၂၁ ဒသမ ၆ တန်၊ လိမ္မော်သီး ၂၆ ဒသမ ၉ တန် တင်သွင်းခဲ့ပြီး သစ်သီးတင်သွင်းရာတွင် စိုက်ပျိုးရေးဦးစီးဌာန၏ Import Certificate (IC) ထောက်ခံချက်ရယူပြီးမှသာ သစ်သီးသွင်းကုန်လိုင်စင်များအား ခွင့်ပြုပေးလျက်ရှိသည်။

# ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃ ဦး တွေ့ရှိ

## ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၃၁) ရာခိုင်နှုန်းရှိ

**(၁၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၁၂-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၂၅၀) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၀.၃၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၇၆၅,၈၈၂) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၃,၅၆၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၈,၁၄၁) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၈) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၃၄) ရက်ဆက်တိုက် (၁) ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူယှဉ်တွဲပြီး (Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအားလိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅) နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေး ထိုးနှံပြီး (၆) လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက် ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ (သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက် လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၁၂-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၁၈၈၀ | ၁၉၂၅ | ၁၉၂၀ | ၁၈၉၀ | ၁၉၂၅ | ၁၉၅၀ | ၁၉၃၅ | ၁၉၁၀ | ၂၀၀၅ | ၂၀၂၀ | ၁၉၂၀ | ၁၉၂၅ | ၁၉၆၀ | ၁၉၆၀ | ၁၉၆၅ | ၂၁၈၅ | ၂၇၆၀ |
| 95 Ron | ၁၉၅၀ | ၂၀၀၀ | ၁၉၉၅ | ၁၉၆၀ | ၁၉၉၅ | ၂၀၂၀ | ၂၀၀၅ | ၁၉၈၅ | ၂၀၇၅ | ၂၀၉၀ | ၁၉၉၀ | ၂၀၀၅ | ၂၀၃၀ | ၂၀၃၅ | ၂၀၃၅ | ၂၂၅၅ | ၂၈၄၀ |
| HSD (500 ppm) | ၂၃၂၅ | ၂၃၇၀ | ၂၃၇၀ | ၂၃၃၅ | ၂၃၇၀ | ၂၃၉၅ | ၂၃၉၀ | ၂၃၅၅ | ၂၄၇၀ | ၂၄၆၅ | ၂၃၆၅ | ၂၃၇၅ | ၂၄၀၅ | ၂၄၀၅ | ၂၄၁၀ | ၂၆၃၀ | ၃၄၈၀ |
| HSD (50 ppm) | ၂၄၀၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၁၅ | ၂၄၅၀ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၀ | ၃၅၀၅ |
| HSD (10 ppm) | ၂၄၀၅ | ၂၄၅၀ | ၂၄၅၀ | ၂၄၁၅ | ၂၄၅၀ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၀ | ၂၅၄၅ | ၂၄၄၅ | ၂၄၅၅ | ၂၄၈၅ | ၂၄၈၅ | ၂၄၉၀ | ၂၇၁၀ | ၃၅၀၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၇၈၆ | ၁၈၅၅ |
| 95 Ron | ၁၈၅၄ | ၁၉၂၅ |
| HSD (500 ppm) | ၂၂၂၁ | ၂၂၉၅ |
| HSD (50 ppm) | ၂၂၉၅ | ၂၃၇၀ |
| HSD (10 ppm) | ၂၂၉၅ | ၂၃၇၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှု မရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မိန်းမလှကျွန်းဘေးမဲ့တောမှ မိကျောင်း ကာကွယ်စောင့်ရှောက်ရေး

**မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောသည် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်း တည်ရှိသည့် ရေချို၊ ရေငန်စပ် မိကျောင်းများအား သဘာဝအတိုင်းထိန်းသိမ်းထားရာ တစ်ခုတည်းသောနယ်မြေ ဖြစ်သည်။ အတိတ်ကာလ မြစ်ကမ်းပါးတစ်လျှောက် ဖြစ်ထွန်းပေါက်ရောက်နေသည့် ကနစိုနှင့် ဖြူးခြေထောက် အပင်များ၏ ယိမ်းနွဲ့လှုပ်ရှားနေဟန်သည် ညနေနေဝင်ရီတရော၌ မိန်းမလှလေးများ ရေခပ်ဆင်းနေကြသည့်နှယ် အလားသဏ္ဌာန်တူ၍ "မိန်းမလှကျွန်း"အဖြစ် ခေါ်စမှတ်ပြုခဲ့ကြခြင်းဖြစ်သည်။**

သိန်းညွှန့် (PZL)

**"၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း နောက်ဆုံးကွင်းဆင်း ကောက်ယူမှတ်တမ်းတင်မှုအရ ဘေးမဲ့တော၏ မြစ်ချောင်းများအတွင်း မိကျောင်းကောင်ရေ ၁၅၀ ကျက်စားနေထိုင်လျက်ရှိကြောင်း မှတ်သားရသည်။ ယင်းတို့အနက် သက်ငယ်မိကျောင်းကောင်ရေ ၁၂၆ ကောင်ဖြစ်ပြီး သက်လတ်နှင့် သက်ကြီး မိကျောင်းကောင်ရေမှာ ၁၂ ကောင်စီ ရှိကြသည်"**

ဧရာဝတီတိုင်းဒေသကြီးအတွင်း သဘာဝထိန်းသိမ်းရေးနယ်မြေနှစ်ခု ဖွဲ့စည်းတည်ထောင်ရာတွင် "မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တော" သည် တစ်ခုအပါအဝင်ဖြစ်သည်။ တိုင်းဒေသကြီး၏ အဓိက ဆန်၊ စပါး စိုက်ပျိုးရေးလုပ်ငန်းအတွက် အဟန့်အတားဖြစ်စေသည့် ပင်လယ်ရေငန်ဝင်ရောက်မှုကို ဟန့်တားကာကွယ်နိုင်ရန် ယင်းဘေးမဲ့တောက ကာကွယ်စောင့်ရှောက်ထားနိုင်သည့် အပြင် မြေပြိုတိုက်စားခြင်း၊ နုန်းမြေပို့ချမှုများ အန္တရာယ်မှလည်း ထိန်းသိမ်းပေးထားနိုင်သည်။

## ရေငန်စပ် ဂေဟစနစ်

ရေထွက်သယံဇာတပစ္စည်းများ မျိုးပွား ခိုလှုံပေါက်ပွားရာ ဒီရေတောဖြစ်တည်နေခြင်း၊ ရာသီဥတုပြောင်းလဲမှုကို လျှော့ချနိုင်ခြင်းများအတွက် ရေချို ရေငန်စပ်ဂေဟစနစ်ထိန်းသိမ်းရေးဒေသတစ်ခုအဖြစ် အရေးပါသောနယ်မြေ တစ်ခုလည်းဖြစ်သည်။

ရေချို၊ ရေငန်စပ်မိကျောင်း(ခေါ်) ငမိုးရိပ်မိကျောင်းများကို သဘာဝပတ်ဝန်းကျင် အနေအထားအတိုင်း ထိန်းသိမ်းကာကွယ်ထားသည့် ဘေးမဲ့တောဒေသလည်းဖြစ်ပါ၏။ ကမ္ဘာတစ်ခွင်တွင် အလွန်ရှားပါးနေပြီဖြစ်သော ဒေသပြောင်း "ဆောင်းခိုငှက်" များ လာရောက်ခိုလှုံကျက်စားရာနေရာ ဖြစ်ပေရာ ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးအတွက် အရေးပါသော နယ်မြေတစ်ခုအဖြစ် နိုင်ငံတော် အဆင့်၊ အမျိုးသားအဆင့်ဖြင့် ထိန်းသိမ်းရမည့် ဘေးမဲ့တောတစ်ခုအဖြစ် သစ်တောဦးစီးဌာနက စနစ်တကျ သတ်မှတ်ဆောင်ရွက်လျက်ရှိသည်။

ယင်းဘေးမဲ့တောတစ်ခွင်တွင် ဖျံ၊ တောခွေး၊ တောဝက်၊ မျောက်များ၊ မြွေမျိုးများနှင့် ဒီရေတောငှက်မျိုးများလည်း ကျက်စားပျော်စံနေကြကြောင်း သိမှတ်ရသည်။

လွန်ခဲ့သော ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၅ ရက်မှ အစပြုကာ ဘေးမဲ့တောအဖြစ် ထိန်းသိမ်းကာကွယ်သော "မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော" တွင် ယင်းနှစ် စက်တင်ဘာ ၁ ရက်မှ စတင်၍ ဘေးမဲ့တောရုံးကို တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပါသည်။ ဤကဲ့သို့ စနစ်တကျ ထိန်းသိမ်းကာကွယ်ခဲ့သော ဘေးမဲ့တောသည် ၂၀၀၃ ခုနှစ် အရောက်တွင်မူ "အာဆီယံအမွေအနှစ်ဥယျာဉ်"အဖြစ် သတ်မှတ်ခံခဲ့ရသကဲ့သို့ ကမ္ဘာ့အရေးကြီး ရေဝပ်ဒေသ (Ramsar Site) အဖြစ် ၂၀၁၇ ခုနှစ်၌ အသိအမှတ်ပြု ခြင်းခံခဲ့ရပါ၏။

ထို့ပြင်မက ကုန်းဧရိယာ ၃၁၁၁၅ ဧကနှင့် ရေဧရိယာ ၂၆၆၄ ဧကဖြင့် စုဖွဲ့ထားသော ဧရိယာစုစုပေါင်း ၃၃၇၇၉ ဧကကို ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ(၂၀၁၈)ဖြင့် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ထားသည်။


## ရေဝပ်ဒေသဂေဟစနစ် ငါးမျိုးတွေ့ရှိရ

ဒီရေတော၊ ရွှံ့နွံတော၊ မြက်ခင်းတော၊ သဲသောင်ပြင်တော၊ ရေဝပ်ဒေသဂေဟစနစ် ငါးမျိုးတွေ့ရှိရသော ယင်းဘေးမဲ့တောတွင် ကျွန်းတစ်ခုလုံးတစ်ခွင်တပြင်၌ ဒီရေအတက်အကျရှိ၍ လတာပြင်များဖြစ်ပေါ်နေသည်ကို တွေ့ရပါ၏။

၂၀၂၂ ခုနှစ် အောက်တိုဘာလအတွင်း နောက်ဆုံးကွင်းဆင်းကောက်ယူ မှတ်တမ်းတင်မှုအရ ဘေးမဲ့တော၏ မြစ်ချောင်းများအတွင်း မိကျောင်းကောင်ရေ ၁၅၀ ကျက်စားနေထိုင်လျက်ရှိကြောင်း မှတ်သားရသည်။ ယင်းတို့အနက် သက်ငယ်မိကျောင်းကောင်ရေ ၁၂၆ ကောင်ဖြစ်ပြီး သက်လတ်နှင့် သက်ကြီးမိကျောင်း ကောင်ရေမှာ ၁၂ ကောင်စီ ရှိကြသည်။

## သဘာဝအနေအထားအတိုင်း မွေးမြူ

ထို့ကြောင့် "မိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော" သည် ရေချို၊ ရေငန်စပ် မိကျောင်းများအား သဘာဝအနေအထားအတိုင်း မွေးမြူထိန်းသိမ်းထားသည့် ဒေသအဖြစ်လည်းကောင်း၊ ဒီရေတောဂေဟစနစ် ရေရှည်တည်တံ့ရေးအတွက်လည်းကောင်း၊ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းဖော်ဆောင်ရေး အထောက်အပံ့ဖြစ်စေရန်အတွက်လည်းကောင်း အရေးပါလှသည့် ရေဝပ်ဒေသကြီးတစ်ခုဖြစ်ပေသည်။ ။



မိန်းမလှကျွန်းဘေးမဲ့တောနှင့် ယင်းဒေသ၌ ကျက်စားကြသည့် ရှားပါးတောရိုင်းတိရစ္ဆာန်မျိုးစိတ်များ။

# မိတ္ထီလာမြို့နယ် အုတ်နဲ့ဘုတ်ကျေးရွာအနီး ဆောင်းခိုငှက်များ လာရောက်ကျက်စား

မိတ္ထီလာမြို့နယ် မိတ္ထီလာကန်၏ အနောက်ဘက်ကပ်လျက် တည်ရှိသော အုတ်နဲ့ဘုတ်ကျေးရွာတွင် နှစ်စဉ်လာရောက်နေကျဖြစ်သော ဆောင်းခိုငှက်များ လာရောက်ကျက်စားလျက်ရှိကြောင်း ဒေသခံ ဦးသန်းကြိုင်ထံက သိရသည်။

"နှစ်စဉ်ဆောင်းရာသီတိုင်း လာရောက်နေကြ ဆောင်းခိုငှက်တွေ နိုဝင်ဘာလလယ်ပိုင်းလောက်ကတည်းက အုတ်နဲ့ဘုတ်ကျေးရွာအနီးတစ်ဝိုက်ကို ရောက်ရှိနေပါတယ်။ ဒီနှစ် အများဆုံးတွေ့ရတဲ့ ဆောင်းခိုငှက်တွေက ခရုစုပ်ငှက်ကြီးတွေပါ။ ခရုပ်စုပ်ငှက်ကိုမှ အဖြူနဲ့ အနက်ရှိပြီး ဒီနှစ် အဖြူရောင် ခရုပ်စုပ်တွေကိုပဲ အခုချိန်ထိတွေ့ရတယ်။ အနက်ရောင် ခရုစုပ်ငှက်တွေတော့ ဒီနှစ် ရွာဘက်ကို ရောက်မလာကြသေးဘူး။ ဒီနှစ် မိုးရာသီကုန်ခါနီးမှာ မိတ္ထီလာကန်ရေက ရွာအခြေထိ ကန်ရေထောက်တဲ့နှစ်မို့ ဆောင်းခိုငှက်တွေ တော်တော်များများ လာကြပါတယ်" ဟု ၎င်းက ပြောသည်။

မိတ္ထီလာကန်တစ်ဝိုက်ရှိ ကျေးရွာများဖြစ်သော အင်းပက်လက်၊ အုတ်နဲ့ဘုတ်၊ ကျောက်ဖြူကုန်း၊ လူးခင်းကြီးနှင့် ကုလားမကျွန်းကျေးရွာများ အနီးတစ်ဝိုက်သို့ နှစ်စဉ်နိုဝင်ဘာလ လလယ်ပိုင်းအချိန်မှ ဖေဖော်ဝါရီလကုန်ခန့်အထိ ခရုစုပ်၊ ဝမ်းဘဲဟသ်ာ၊ ဒေါင်းလန်းခြေထောက် စသည့်ဆောင်းခိုငှက်များ လာရောက်ကျက်စားလေ့ရှိကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**



# ကသာမြို့အနီး ဧရာဝတီမြစ်ကြောင်း သဲသောင်နုန်းပို့ချမှု မြင့်တက်လာ

ကသာမြို့နယ်အနီးရှိ ဧရာဝတီမြစ်သည် မြစ်ကြီးနားမှ ရန်ကုန်အထိ ရေလမ်းခရီး ၂၀၀၀ ကီလိုမီတာခန့် ဖြတ်သန်းစီးဆင်းလျက်ရာ မြစ်ကြမ်းပြင်ပြောင်းလဲမှုကြောင့် သဲနုန်းပို့ချမှု မြင့်တက်လာကြောင်း သိရသည်။

ဧရာဝတီမြစ်သည် နှစ်စဉ် သဲနုန်းပျမ်းမျှကျဆင်းပမာဏ တန်ချိန် ၂၇၈ သန်းခန့် ဖြစ်ပေါ်နေခြင်းကြောင့် မြစ်ကြမ်းပြင်များ ပြောင်းလဲလာပြီး ရေလမ်းအခက်အခဲပြဿနာများ ကျော်လွှားနိုင်ရေး မြစ်ကြောင်းရေလမ်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းအဖြစ် မြစ်ကြမ်းပြင်ပြုပြင်ထိန်းသိမ်းစနစ်၊ ရေမျက်နှာပြင် ထိန်းသိမ်းနည်းစနစ်၊ ရေထုထည်စီးဆင်းနှုန်းကို ထိန်းသိမ်းနည်းစနစ်များဖြင့် တည်နေရာဒေသပေါ်မူတည်ပြီး ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြစ်အတွင်း သဲသောင်၊ ကိုင်း၊ ကျွန်း၊ နုန်းတင်မြေနုများ ဖြစ်ပေါ်လာခြင်းကြောင့် ရာသီပေါ် သီးနှံမျိုးစုံ စိုက်ပျိုးသူများ အလုပ်အကိုင်အခွင့်အလမ်းရရှိလာကြသော်လည်း ရေယာဉ်မောင်းနှင်သူများအတွက်မှာမူ နိုဝင်ဘာနှင့် မေလများအတွင်း ရေလမ်းကြောင်းအခက်အခဲများဖြစ်ပေါ်လေ့ရှိသည်။

မြန်မာနိုင်ငံအထက်ပိုင်း ဗန်းမော်မြို့အနီးမှ ရန်ကုန်အထိ ရေလမ်းခရီးအကွာအဝေး ၁၃၃၂ ကီလိုမီတာရှိရာ ဧရာဝတီမြစ်အတွင်း ပေါင်းဆုံလျက်ရှိသော မြစ်လက်တက်၊ ချောင်းလက်တက်များ မြေဆီလွှာတိုက်စားမှုနှင့် အနည်အနှစ်ပို့ချမှုများကြောင့် ဧရာဝတီမြစ်ကြမ်းပြင်မြင့်တက်လာမှုနှင့်အတူ မိုးရာသီ ကာလ၌ ဧရာဝတီမြစ်တစ်လျှောက် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်စေလျက်ရှိရာ ရေအရင်းမြစ်စီမံခန့်ခွဲမှုအတွက် ဆန်းသစ်တီထွင်မှုများ ဆောင်ရွက်ရန် လိုအပ်ကြောင်း ကုန်စည်သယ်ယူပို့ဆောင်ရေး ရေယာဉ်မောင်းတစ်ဦးက ရှင်းပြသည်။



ငွေအိုး(ကသာ)

ထိုသို့ဖြစ်ပေါ်ရသည့် အဓိကအကြောင်းရင်းများတွင် သစ်တောပြုန်းတီးမှုကြောင့် မိုးရွာသွန်းမှုများသည့်အခါ မြေဆီလွှာတိုက်စားမှုများဖြစ်ပေါ်လာပြီး အနယ်အနှစ်များစွာဝင်ရောက်ခြင်း၊ တရားမဝင်သတ္တုတူးဖော်ခြင်းလုပ်ငန်းများမှ ထွက်ရှိလာသော စွန့်ပစ်မြေစာများဝင်ရောက်လာခြင်း၊ မြစ်ကျောက်၊ မြစ်သဲများ အလွန်အကျွံထုတ်ယူခြင်းများကြောင့် မြစ်ကြောင်းပြောင်းလဲလာ၍ သဲသောင်နုန်းဖြစ်ထွန်းမှုပိုမိုဖြစ်ပေါ်လာရခြင်းဖြစ်နိုင်ကြောင်း ပညာရှင်များက သုံးသပ်ထားသည်။

# မျိုးသုဉ်းလုနီးပါး ရွှေ့ပြောင်းဆောင်းခိုငှက်မျိုးစိတ်များ

မြန်လင်းမောင်

**ကမ္ဘာ့** ရွှေ့ပြောင်းငှက်များ ပျံသန်းရာလမ်းကြောင်း ကိုးခုရှိသည့်အနက် မြန်မာနိုင်ငံသည် ဗဟိုအာရှငှက်ပျံသန်းရာ လမ်းကြောင်းနှင့် အရှေ့အာရှ-ဩစတြေးလျငှက်ပျံသန်းရာ လမ်းကြောင်းနှစ်ခုတွင် ပါဝင်ကျရောက်လျက် ရှိသည်။ ထို့ကြောင့် မြန်မာနိုင်ငံသို့ နှစ်စဉ်ရွှေ့ပြောင်း ငှက်မျိုးစိတ်ပေါင်း ၃၅၃ မျိုးခန့် လာရောက်ဆောင်းခို နေထိုင်လေ့ရှိသည့်အနက် ကမ္ဘာလုံးဆိုင်ရာ ခြိမ်းခြောက်မှုအန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့နေရသော ငှက်မျိုးစိတ်၁၈မျိုးပါဝင်ကြောင်း အပြည်ပြည်ဆိုင်ရာ သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးအဖွဲ့ (IUCN)၏ ထုတ်ပြန်ချက်အရ သိရသည်။

ယင်းတို့အနက် မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော မျိုးစိတ်သုံးမျိုး၊ မျိုးသုဉ်းရန်အန္တရာယ်ရှိသော မျိုးစိတ်ခုနစ်မျိုးနှင့် မျိုးသုဉ်းရန် အန္တရာယ်ကျရောက်နိုင်သော မျိုးစိတ်ရှစ်မျိုးတို့ပါဝင်သည်။ မျိုးသုဉ်းလုနီးပါးအန္တရာယ်ရှိသော ရွှေ့ပြောင်းငှက်မျိုးစိတ် သုံးမျိုးအနက် ရေညှောင့်နှုတ်ဝိုင်းငှက် (Spoon-billed Sandpiper)၊ ပို့ချပ်ခေါင်းစိမ်း (Baer's Pochard)နှင့် စာဝါကျားငှက် (Yellow-breasted Bunting) တို့ ပါဝင်သည်။

### ရေညှောင့်နှုတ်ဝိုင်းငှက်

ရေညှောင့်နှုတ်ဝိုင်းငှက် (Spoon-billed Sandpiper) သည် အဓိကအားဖြင့် မွန်ပြည်နယ်ရှိ မုတ္တမပင်လယ်ကွေ့နှင့် ရခိုင်ပြည်နယ်အတွင်းရှိ နံ့သာကျွန်းတို့တွင် လည်းကောင်း၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ မိန်းမလှကျွန်းနှင့် ငါးမန်းသောင်တို့တွင် လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ ရွှံ့လတာပြင်များနှင့် ဘုတ်ပြင်းမြို့နယ်ရှိ ရွှံ့လတာပြင်များတွင် လည်းကောင်း လာရောက်ဆောင်းခိုလေ့ရှိကြသည်။

မုတ္တမပင်လယ်ကွေ့ဒေသကို ဆောင်းခိုငှက်များ၊ ငါးနှင့် အခြားဇီဝမျိုးစုံမျိုးကွဲများအတွက် မြန်မာနိုင်ငံရှိ အကျယ်ပြန့်ဆုံးနှင့် အထူးခြားဆုံး ဒီရေ





အတက်အကျရှိသည့် ရွှံ့လတာပြင်အဖြစ် သတ်မှတ်ကြသည်။ ၎င်းတွင်ရှိသည့် သယံဇာတအရင်းအမြစ်ပေါကြွယ်ဝသောရွှံ့လတာပြင်များသည် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ရေညှောင့်နှုတ်ဝိုင်းငှက်၊ မျိုးသုဉ်းမည့်အန္တရာယ် ကြုံတွေ့နေရသည့် ခြေစိမ်းရေညှောင့်ငှက်နှင့် နေ့ငှက်များအပါအဝင် ခန့်မှန်းခြေ ၁၅၀၀၀၀ မှ ၂၀၀၀၀၀ ခန့်ရှိသည့် ရေပျော် ငှက်များအတွက် ဆောင်းခိုရာနေရာများ ဖြစ်ကြသည်။ မုတ္တမပင်လယ်ကွေ့ဒေသတွင် ရေပျော်ငှက်မျိုးစိတ် ၇၀ ကျော်ရှိကြောင်း မှတ်တမ်းတင်ထားသည်။ ရေညှောင့်နှုတ်ဝိုင်းငှက်များသည် မုတ္တမပင်လယ်ကွေ့ဒေသအတွက် အရေးကြီးသည့်ငှက်မျိုးစိတ်ဖြစ်ပြီး ရုရှားနိုင်ငံတွင် သားပေါက်ကာ အရှေ့-အာရှဩစတြေးလျပျံသန်းရာ လမ်းကြောင်းတစ်လျှောက် ပျံသန်းလျက် ကီလိုမီတာ ၈၀၀၀ ကျော်ကွာဝေးသည့် တောင်နှင့် အရှေ့တောင်အာရှဒေသများတွင် နှစ်စဉ်လာရောက် ဆောင်းခိုကြသည်။ တစ်ကမ္ဘာလုံးရှိ ရေညှောင့်နှုတ်ဝိုင်းငှက်ကောင်ရေ၏ ၅၀ ရာခိုင်နှုန်းကျော်သည် ဆောင်းတွင်း၌ မြန်မာနိုင်ငံရှိ မုတ္တမပင်လယ်ကွေ့ဒေသတွင် နှစ်စဉ်လာရောက်ဆောင်းခိုလေ့ရှိကြောင်း သိရသည်။

### ပို့ချပ်ခေါင်းစိမ်း

ပို့ချပ်ခေါင်းစိမ်း ရေဘဲငှက်သည် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ရေဝပ်ရေချိုကန်များနှင့်အင်းအိုင်များတွင် ဆောင်းခိုကျက်စားလျက်ရှိပါသည်။ အဓိကအားဖြင့် မြန်မာနိုင်ငံ အလယ်ပိုင်းရှိ ပျူကန်နှင့် ပုလိပ်အင်းတို့တွင် အဓိကလာရောက်ဆောင်းခိုလေ့ ရှိသည်။ ပျူကန်နှင့် ပုလိပ်အင်းတို့တွင် ရွှေ့ပြောင်းငှက်များ ဖြစ်ကြသော ရေဘဲအကောင်အရေအတွက် ၁၀၀၀၀ နီးပါးခန့် နှစ်စဉ်လာရောက်ဆောင်းခိုလေ့ရှိသည်။

### စာဝါကျားငှက်

စာဝါကျားငှက်၏ ဆောင်းခိုနေထိုင်ရာနေရာဒေသများမှာ မြန်မာနိုင်ငံ မြောက်ဘက်ခြမ်းရှိ အင်းတော်ကြီးကန်နှင့် တနိုင်းမြစ်၊ ဧရာဝတီတိုင်းဒေသကြီး၊ အရှေ့ဘက်ခြမ်းတွင် ကလောဒေသနှင့် အင်းလေးကန်၊ အလယ်ပိုင်းတွင် ပုဂံဒေသ၊ အနောက်ဘက်ပိုင်းတွင် ချင်းပြည်နယ်ရှိ၊ နတ်မတောင်နှင့် တောင်ဘက်ပိုင်းတွင် ဝါးခယ်မမြို့နယ်အတွင်းရှိလယ်ကွင်းများ၊ သံလျင်မြို့နယ်ဝန်းကျင်ရှိ နေရာများတွင် လာရောက်ဆောင်းခို နေထိုင်ကြကြောင်း သိရသည်။









ထိုသို့ မြန်မာနိုင်ငံသို့ နှစ်စဉ်လာရောက်ဆောင်းခိုကြသည့် ရွှေ့ပြောင်းဆောင်းခိုငှက်များကို ဖမ်းဆီးခြင်း၊ သတ်ဖြတ်ရောင်းချခြင်း၊ စားသောက်ခြင်းမပြုကြဘဲ ကမ္ဘာလုံးဆိုင်ရာ အရေးကြီး လှသည့် ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေး ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရန် အရေးကြီးလှသည်။

**ကိုးကား - ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝ ထိန်းသိမ်းရေးအသင်း (BANCA)**
**မုတ္တမပင်လယ်ကွေ့ (GULF OF MUTTAMA)**

# (၇၅) နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ဝန်ကြီးဌာနပေါင်းစုံ အသက်(၂၅)နှစ်အောက် ဘောလုံးပြိုင်ပွဲနှင့် ဘော်လီဘောပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌဖလား ဝန်ကြီးဌာနပေါင်းစုံ အသက် (၂၅) နှစ်အောက် (အမျိုးသား) ဘောလုံးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက ပထမအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲအဖြစ် ယှဉ်ပြိုင်ရာ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ လေ့ကျင့်ရေးကွင်း အမှတ်(၃)၌ ပြန်ကြားရေးဝန်ကြီးဌာနအသင်းက စွမ်းအင်ဝန်ကြီးဌာနအသင်းကို နှစ်ဂိုး- ဂိုးမရှိ၊ မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ငါးဂိုး- ဂိုးမရှိ၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ပြည်ထဲရေးဝန်ကြီးဌာနအသင်းက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းကို လေးဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိသည်။

ဒီဇင်ဘာ၂၀ ရက် နံနက် ၇ နာရီခွဲတွင် လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ ပညာရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ မွန်းလွဲ ၃ နာရီတွင် လေ့ကျင့်ရေးကွင်းအမှတ်(၁)၌ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ လေ့ကျင့်ရေးကွင်းအမှတ်(၃)၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

ထို့အတူ ဝန်ကြီးဌာနပေါင်းစုံ ဘော်လီဘော (အမျိုးသား/အမျိုးသမီး) ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ယနေ့နံနက် ၉ နာရီက နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဆက်လက်ကျင်းပရာ အမျိုးသမီးပြိုင်ပွဲတွင် ကာကွယ်ရေးဝန်ကြီးဌာနအသင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊(အမျိုးသား) ပြိုင်ပွဲတွင် ပြည်ထောင်စု ရာထူးဝန်အသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာနအသင်းက လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းကို သုံးပွဲ-နှစ်ပွဲဖြင့်လည်းကောင်း၊ စွမ်းအင်ဝန်ကြီးဌာနအသင်းက သမဝါယမနှင့်ကျေးလက် ဖွံ့ဖြိုးရေးဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အသင်းက ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအသင်းက သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနအသင်းကို သုံးပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရရှိသည်။




ဒီဇင်ဘာ၂၀ ရက် နံနက် ၉ နာရီတွင် ဝဏ္ဏသိဒ္ဓိအားကစားရုံ(B)၌ ဘော်လီဘော (အမျိုးသမီး) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအသင်း၊ ပညာရေးဝန်ကြီးဌာနအသင်းနှင့် နယ်စပ်ရေးရာဝန်ကြီးဌာနအသင်း၊ ဘော်လီဘော (အမျိုးသား) ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာနအသင်းနှင့် ပညာရေးဝန်ကြီးဌာနအသင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအသင်းနှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအသင်း၊ ကျန်းမာရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ လာရောက် ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

**အားကာမောင်**

## ကမ္ဘာ့ဖလားဆွတ်ခူးနိုင်သည့်အတွက် အာဂျင်တီးနားအသင်းကို ကျေးဇူးတင်ကြောင်း သမ္မတ ဖာနန်ဒက်ဇ် ပြော

ကာတာနိုင်ငံတွင် ကျင်းပသည့် ၂၀၂၂ ကမ္ဘာ့ဖလားကို အသင်းသမိုင်းတစ်လျှောက် သုံးကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့သည့်အတွက် အာဂျင်တီးနားအသင်းကို ကျေးဇူးတင်ကြောင်း သမ္မတ အယ်ဘတ်တို ဖာနန်ဒက်ဇ်က ဒီဇင်ဘာ ၁၉ ရက်တွင် ပြောသည်။

ကမ္ဘာ့ဖလားကို ထိုက်ထိုက်တန်တန် ဆွတ်ခူးနိုင်ခဲ့သည့်အတွက် အသင်းကစားသမားများနှင့် နည်းပြအဖွဲ့ကို ကျေးဇူးတင်ကြောင်း၊ အာဂျင်တီးနားအသင်း ကမ္ဘာ့ဖလား ဆွတ်ခူးနိုင်ခဲ့ခြင်းသည် အာဂျင်တီးနားလူမျိုးများအနေဖြင့် အရာရာကို လွယ်လွယ်နှင့် အလျှော့မပေးလိုသည့် ဥပမာကို ပေးရာရောက်ကြောင်း တွစ်တာမှတစ်ဆင့် ဖာနန်ဒက်ဇ် က ပြောသည်။ ထို့ပြင် ဖာနန်ဒက်ဇ်က ၎င်း၏ ဇနီး ဖေဘီယိုလာ ယာနက်ဇ်၊ သားဖြစ်သူ ဖရန့်စ္စကိုတို့နှင့် အောင်ပွဲခံသည့် ဓာတ်ပုံကိုလည်း လူမှုကွန်ရက်တွင် တင်ခဲ့သေးသည်။



ယခုနှစ် အာဂျင်တီးနားအသင်းနှင့် လက်ရှိချန်ပီယံ ပြင်သစ်အသင်းတို့၏ ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲတွင် သာမန်ပွဲကစားချိန်ရော အချိန်ပို မိနစ် ၃၀ အတွင်းပါ အနိုင်အရှုံးပြတ်သားသည့် ရလဒ်ထွက်ပေါ်ထားခြင်း မရှိသောကြောင့် ပယ်နယ်တီ အဆုံးအဖြတ် ခံယူခဲ့ရသည်အထိ အပြန်အလှန်သွင်းဂိုးများနှင့်အတူ ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။ ပယ်နယ်တီ အဆုံးအဖြတ်တွင် အာဂျင်တီးနား အသင်းက လေးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။



အာဂျင်တီးနားအသင်း ၂၀၂၂ ကမ္ဘာ့ဖလားဆွတ်ခူးပြီးနောက် အာဂျင်တီးနားနိုင်ငံ၏ မြို့တော် ဗျူနိုအေရိစ်၌ ဒီဇင်ဘာ ၁၈ ရက်က ပြည်သူများ အောင်ပွဲခံစဉ်။

အဆိုပါ ဗိုလ်လုပွဲစဉ်တွင် အာဂျင်တီးနား အသင်းမှ အကောင်းဆုံးကစားသမားဆုကို အဓိက တိုက်စစ်ကစားသမား မက်ဆီက ဆွတ်ခူးရရှိခဲ့ပြီး အကောင်းဆုံး ဂိုးသမားဆုကို အမ်လီယာနို မာတီနက်ဇ်က ဆွတ်ခူးနိုင်ခဲ့သည်။ ထို့ပြင် အကောင်းဆုံး လူငယ်ကစားသမားဆုကို အာဂျင်တီးနားအသင်းမှ ဆွတ်ခူးရရှိခဲ့ပြီး အန်ဇို ဖာနန်ဒက်ဇ်က ဆွတ်ခူးနိုင်ခဲ့သည်။

အာဂျင်တီးနားအသင်း ယခုအကြိမ် ကမ္ဘာ့ဖလား ဆွတ်ခူးနိုင်ခြင်းသည် ၁၉၇၈ ခုနှစ် (အာဂျင်တီးနား) နှင့် ၁၉၈၆ ခုနှစ် (မက္ကဆီကို) ပြီးနောက် တတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

**အောင်ဇော်**

## ပြင်သစ်တိုက်စစ်ကစားသမား ဘင်ဇီမာ နိုင်ငံတကာ ကစားသမားဘဝမှ အနားယူကြောင်း ကြေညာ

ပြင်သစ်အသင်းနှင့် ကမ္ဘာ့ဖလားပြိုင်ပွဲ ဗိုလ်လုပွဲအထိ လွဲချော်ခဲ့သည့် ကာရင်ဘင်ဇီမာသည် နိုင်ငံတကာ ကစားသမားဘဝမှ အနားယူကြောင်း ထုတ်ပြန် ကြေညာလိုက်ပြီဖြစ်သည်။

ဘင်ဇီမာသည် ယခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲ၌ ပြင်သစ်အသင်း၏ ကစားသမား ၂၆ ဦးစာရင်းတွင် ရွေးချယ်ခံခဲ့ရသော်လည်း လေ့ကျင့်ရေးအစီအစဉ်တွင် ဒဏ်ရာရရှိခဲ့သည့်အတွက် ပြိုင်ပွဲမစတင်မီတွင် အိမ်ပြန်စေလွှတ်ခဲ့ရသည်။

နောက်ပိုင်းတွင် ရီးရဲမက်ဒရစ်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားပြီးနောက် ပြင်သစ်အသင်း၏ ဗိုလ်လုပွဲတွင် ပါဝင်ကစားရန် ကာတာသို့ ပြန်လာမည်ဆိုသော သတင်းများလည်း ကျယ်ကျယ်ပြန့်ပြန့်ထွက်ပေါ်ခဲ့သေးသည်။

သို့သော်လည်း နည်းပြဒက်စ်ချမ့်နှင့် အဆင်မပြေဖြစ်ပေါ်ပြီးနောက် ကာတာသို့ ပြန်လာမည့် အခွင့်အရေးကို ဘင်ဇီမာ က ပယ်ချခဲ့သည်။ ဘင်ဇီမာသည် ပြင်သစ်အသင်းအတွက် ၉၇ ပွဲ ပါဝင်ကစားထားပြီး ၃၇ ဂိုး သွင်းယူပေးထားသည်။




**အောင်ဇော်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား


၂၀-၁၂-၂၀၂၂ အင်္ဂါနေ့

MRTV HD

၀၆:၀၀ တောင်တန်းသာသနာပြုဆရာတော် ဘုရားကြီး၏ပရိတ်တရားတော်(မေတ္တသုတ်)
၀၇:၀၀ နံနက်ခင်းသတင်း
၀၈:၀၀ ပြည်တွင်းသတင်း
၀၈:၃၅ "ဒီမိုကရေစီဆိုရာဝယ်"
၀၉:၁၀ ထူးခြားစုံလင်အာရှပစိဖိတ်အစီအစဉ်
၀၉:၃၅ "Sports Diary"
၁၀:၀၀ သတင်းထဲကသတင်း
၁၀:၃၀ "ဖားစည်မြေမှ ရောင်စုံအလှ"
၁၂:၃၀ မြန်မာဇာတ်လမ်းတွဲ "အတိုးမပေးတဲ့......ဒိုးလေး" (အပိုင်း-၂၀)
၁၃:၃၀ MRTV National News
၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၄၄)
၁၅:၂၅ "Beyond the Mountains" (Part- 1) "Changing Times"
၁၆:၃၅ ဝက်ယူဝင့်ကြွားဆီးဂိမ်းဆုတံဆိပ်ရှင်များ
၁၇:၃၅ (၇၅) နှစ်မြောက်စိန်ရတုတာပမင်္ဂလာ(ရေ)နေ့ အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ် "အဏ္ဏဝါသက်သေ သမိုင်းတည်စေ"
၁၈:၀၀ ပြည်တွင်းသတင်း
၁၈:၃၀ (၇၅)နှစ်မြောက်စိန်ရတုတာပမင်္ဂလာ(ရေ)နေ့ အထိမ်းအမှတ်တေးသီချင်း
၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
၁၉:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်ပန်းရနံ့လွင့်ပျံ့အမုန်း" (အပိုင်း-၅၀)
၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၁:၀၀ (၇၅)နှစ်မြောက်စိန်ရတုတာပမင်္ဂလာ(ရေ)နေ့ ဂုဏ်ပြုဇာတ်လမ်း "ကြယ်ညွှန်ရာသစ္စာ" (အပိုင်း-၃)
၂၂:၁၀ နိုင်ငံခြားဇာတ်လမ်းတွဲ "အောင်ပွဲမဏ္ဍိုင်ရင်ဆိုင်ချိတက်" (အပိုင်း-၁၈)

mitv

07:02 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
07:08 Gold from Garbage
07:19 Kabyar Wa Beach
07:27 Artist Life: Designer Nay Chi Win Lai Yee
07:44 Ecotourism: White City Block & Japanese Underground Hospital
08:01 News
08:26 Asia Updates: Quanzhou Puppetry (P-2)
08:41 Thatbyinnyu Temple
08:54 Myanmar Traditional Art Bronze Casting
09:01 Myanmar Social & Charitable Association(Ep-2)(Jivitadana Hospital)
09:27 Listening Pleasure, Instrumental Music (Piano) Can't help falling in love with you
09:30 Sarpay Beikman Diamond Jubilee
09:41 Lucrative Myanma Rattan Industry
10:01 News

MRTV NRC

ချင်း(လိုင်ဇိုး) (၆:၀၀)မှ(၇:၀၀) သင်မယ်၊ရေးမယ်ဒို့ချင်းစာ(အပိုင်း-၂၈)
ချင်း(ချိုး) (၇:၀၀)မှ(၈:၀၀) ချင်းရိုးရာခေါင်
မွန် (၈:၀၀)မှ(၁၀:၀၀) ငါးပုံတောင်သို့အလည်တစ်ခေါက်
ရခိုင် (၁၀:၀၀)မှ(၁၂:၀၀) ရခိုင်ဘာသာစကားပြောကြရအောင်နော် (အပိုင်း-၃)
ရှမ်း (၁၂:၀၀)မှ(၁၄:၀၀) ထိန်းသိမ်းအစဉ်အလာတို့ဓလေ့ရိုးရာ
ဝ (၁၄:၀၀ မှ ၁၆:၀၀) ပန်လုံမြို့သို့အလည်တစ်ခေါက်
ကချင် (၁၆:၀၀ မှ ၁၈:၀၀) လော်ဝေါ်ရိုးရာဝတ်စားဆင်ယင်ပုံ
ကယား (၁၈:၀၀ မှ ၂၀:၀၀) အစာသည်ဆေး ဆေးသည်အစာ အစားမှားရင်တော့ဘေး
ကရင် (၂၀:၀၀ မှ ၂၁:၀၀) ကျွဲချို
အနောက်ပိုးကရင် (၂၁:၀၀ မှ ၂၂:၀၀) သာယာလှပသဲဖြူကျွန်းအလှ
အရှေ့ပိုးကရင် (၂၂:၀၀ မှ ၂၃:၀၀) နှစ်သစ်ဦးရဲ့ကောက်သစ်ထမင်းဝိုင်း

MRTV NEWS

၀၆:၀၀ အဖွင့်၊ တေးသီချင်း
၀၆:၄၀ အားကစားသတင်း
၀၈:၃၀ နိုင်ငံတကာသတင်း (LIVE)
၀၈:၄၅ "Economic Review" (Part-12)
၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၀:၄၅ အသိပညာနှင့်အမှန်တရား "အာဠဝက၏မေးခွန်းများ"
၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
၁၁:၄၅ ရှုလေမြင်လေကမ္ဘာမြေ
၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၃:၃၀ နိုင်ငံတကာသတင်း(LIVE)
၁၄:၀၀ MRTV Navtional News
၁၅:၀၀ ပြည်တွင်းသတင်း (LIVE)

MRTV PARLIAMENT

၀၉:၀၀ အဖွင့်၊အလဲ
၀၉:၃၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို "ပြည်သူ့ဝန်ထမ်း"
၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
၁၀:၃၀ ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာဆွေးနွေးခန်း အပိုင်း-၇
၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ကိုရီးယားနိုင်ငံ) အပိုင်း-၁
၁၁:၃၀ "အတွေးအမြင်" အပိုင်း-၇

MRTV FARMERS'

၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
၀၆:၀၂ တောင်သူလယ်သမားရေးရာသတင်း
၀၆:၄၅ ရိက္ခာပြည့်ဖြိုးဝင်ငွေတိုးဖူလုံကြွယ်ဝ သားငါးကဏ္ဍ
၀၇:၁၀ ကျွန်ုပ်တို့ချစ်သောမြေအားသွင်းအားစုစရိတ် အနည်းဆုံးဖြင့် စွမ်းအင်မြှင့်တင်ပေးနိုင်ဖို့ ပဲမြစ်ဖုဇီဝမြေဩဇာသုံးကြစို့
၀၇:၅၀ "တောင်သူ့ဘဝသုတကဏ္ဍ"
၀၈:၂၀ လယ်ယာကဏ္ဍဖွံ့ဖြိုးဖို့ သုတေသနများ ဆောင်ရွက်ကြပါစို့
၀၈:၅၅ ကျန်းမာရေးအတွက်ရည်ရွယ် ဓာတုကင်းလွတ်သီးနှံစိုက်ပျိုးမယ်
၀၉:၄၀ စတော်ဘယ်ရီစိုက်ပျိုးရေး

MRTV SPORTS

၀၆:၀၀ အဖွင့်
၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
၀၇:၀၀ Sports News
၀၇:၃၀ Soccer View/ Weekly Sports Info/ Sports Diary
၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
၂၀:၀၀ ပြည်တွင်းသတင်း

Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm t.me/mrtvnews twitter.com/mrtvwebportal


# ပြည်သူ့ကြားက ပြည်သူ့စကား အစီအစဉ်ထုတ်လွှင့်မည်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်မှ **"တော်လှန်ရေးအရေခြုံ၍ လုယက်ဓားပြတိုက် သတ်ဖြတ်နေသော PDF များကို ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့် ဖမ်းဆီးရမိ"** ခေါင်းစဉ်ဖြင့် ဒီဇင်ဘာ ၂၁ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့် အပတ်ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ရန်ကုန်- ဒလ မြစ်ကူးသင်္ဘော ဖြစ်သည့် ချယ်ရီသင်္ဘောပေါ်၌ PDF အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲမှုကြောင့် ပြည်သူများ ထိခိုက်ဒဏ်ရာရရှိခဲ့မှု"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည် ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင် နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ် တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

ရတနာပုံတက္ကသိုလ် ကျောင်းဥပစာရိပ် ကောင်းမွန်စေရေးနှင့် တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာရေးအတွက် အမရပူရခရိုင်အတွင်းရှိ ဌာနဆိုင်ရာများနှင့် ရတနာပုံတက္ကသိုလ်တို့ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး(တတိယအကြိမ်) ဆောင်ရွက်ခြင်းကို ဒီဇင်ဘာ ၁၉ ရက်က ပြုလုပ်ရာ ပါမောက္ခချုပ် ဒေါက်တာတင့်မိုးသူဇာနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ဦးဆောင်မှုဖြင့် အင်အား ၂၀၀ ကျော်တို့က ဆောင်ရွက်ကြစဉ်။ (ဝ၄ဝ)



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၁၂ - ၂၀၂၂

### ရွှေ

| | |
|---|---|
| အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး တစ်ကျပ်သား ကျပ် | ၂၁၁၄၅၀၀ |
| အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး တစ်ကျပ်သား ကျပ် | ၂၁၁၂၀၀၀ |
| ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၉၅ |
| ကမ္ဘာ့ရွှေဈေးအပိတ်ဈေး တစ်အောင်စ အမေရိကန်ဒေါ်လာ | ၁၇၉၃ |

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

### စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၄၆၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၅၀၀ ကျပ် | ၂၅၄၅ ကျပ် |
| အောက်တိန်း ၉၂ | ၁၈၉၀ ကျပ် | ၁၉၄၀ ကျပ် |
| အောက်တိန်း ၉၅ | ၁၉၇၅ ကျပ် | ၂၀၂၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### နိုင်ငံတကာ ငွေကြေးများ

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၂၁၀၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၂၃၁ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၅၄၉ . ၁ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၆၀ . ၂၉၃ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၄၃ . ၇ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၇၄ . ၅၂ |
| တရုတ် | တစ်ယွမ် | ကျပ် | ၃၀၁ . ၂၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၅ . ၄၀၁ |

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၉၀၀ | ၁၀၈၂ | ၉၆၂၉၈၀၀ |
| MTSH | ၃၂၅၀ | ၃၂၅၀ | ၇၃၃ | ၂၃၈၂၂၅၀ |
| MCB | ၇၅၀၀ | ၇၆၀၀ | ၈၈ | ၆၆၁၃၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၆၉၇ | ၁၃၂၄၃၀၀၀ |
| TMH | ၂၆၀၀ | ၂၆၀၀ | ၁ | ၂၆၀၀ |
| EFR | ၂၆၅၀ | ၂၆၅၀ | ၁၈၀ | ၄၇၇၀၀၀ |
| AHP | ၄၉၀၀ | ၄၉၀၀ | ၂၀ | ၉၈၀၀၀ |

ညီညီ - စုစည်းသည်


မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ချိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ



**နေပြည်တော် ဒီဇင်ဘာ ၁၉**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို ဆောင်ရွက်လျက် ရှိရာ ယနေ့တွင် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ **(ယာပုံ)** ဒေသခံ ပြည်သူ ၅၃၁၉ ဦးနှင့် မန္တလေး တိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခရိုင်တို့၌ ဒေသခံပြည်သူ ၁၉၂၆ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံ များမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံ ပေးသည်။ ထို့အတူ ကျောင်းသား ကျောင်းသူများကိုလည်း ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးလျက်ရှိသည်။

ယနေ့တွင် ဧရာဝတီတိုင်း ဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ကျောင်းသား ကျောင်းသူ ၃၂၃ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်း များ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၁၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေး ဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများ အရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာ အဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေး သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သော်လည်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကန်ကြီးရပ်ကွက်နေ ချမ်းလင်းဘို(ခ)ဆံပင်ရှည်သည် ၎င်းအသုံးပြုသည့် “Chann Lin Bo” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့နယ် နေ ပြည့်ဖြိုးထွန်းသည် ၎င်းအသုံးပြုသည့် “Pyai Phyo Htun” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အမျိုးသမီးကို တရုတ်အမျိုးသားထံ ရောင်းစားပြီး ငွေကြေးအကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် ထောင်ဒဏ်ချမှတ်

**နေပြည်တော် ဒီဇင်ဘာ ၁၉**

အမျိုးသမီးတစ်ဦးကို တရုတ်အမျိုးသားထံရောင်းစားပြီး ငွေကြေး အကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သူများကို လူကုန်ကူးမှုဖြင့် အလုပ်နှင့်ထောင်ဒဏ် ၁၃ နှစ်စီ ချမှတ်ခဲ့ကြောင်း လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ထံမှ သိရသည်။

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်နေ မသွယ်သွယ်(ခ) မသွယ် (ခ) မခိုင်ဦးနှင့် မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန် မြို့နယ်နေ မသီတာအေး(ခ)မဒေသတို့က ပြည်ကြီးတံခွန်မြို့နယ် နေ မ ---၊ ၂၀ နှစ်ကို တရုတ်နိုင်ငံတွင် ဝင်ငွေကောင်းသည့် အလုပ် ရမည်ဟု လိမ်လည်စည်းရုံးပြောဆို၍ တရုတ်နိုင်ငံသို့ခေါ်ဆောင်ပြီး တရုတ်အမျိုးသားဖြင့် အခမ္မလက်ထပ်ရန် ရောင်းစားခဲ့ပြီး ငွေကြေး အကျိုးအမြတ်များ ခေါင်းပုံဖြတ်ရယူခဲ့သဖြင့် ပြည်ကြီးတံခွန်မြို့မ ရဲစခန်း(ပ) ၁၆/၂၀၁၈၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေ ပုဒ်မ ၂၄/ ၃၂ ဖြင့် အမှုဖွင့်၍ မဟာအောင်မြေခရိုင် တရားရုံးသို့ တရားစွဲတင်ပို့ခဲ့ရာ ဒီဇင်ဘာ ၁၆ ရက်တွင် တရားခံ မသွယ်သွယ်(ခ) မသွယ် (ခ) မခိုင်ဦးနှင့် မသီတာအေး(ခ) မဒေသတို့ နှစ်ဦးကို လူကုန်ကူးမှုတားဆီးကာကွယ်ရေး ဥပဒေပုဒ်မ ၂၄ အရ အလုပ်နှင့် ထောင်ဒဏ် (၁၃) နှစ်စီကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

## တရားမဝင် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်း ၊ လုပ်ငန်းသုံးပစ္စည်း၊ မော်တော်ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၁၉**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ် ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အကောက်ခွန်ဦးစီး ဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁၇ ရက်တွင် မွန်ပြည်နယ် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာ (ID)တွင် ကြေညာထားခြင်းမရှိသည့် MDF Board (Medium Density Fibreboard) ၂၅၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Cheng Long, Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၀၀၀၀၀၀)ကို လည်းကောင်း၊ ဒီဇင်ဘာ ၁၈ ရက်တွင် မော်လမြိုင်မြို့ ဂေါက်ကလပ် ကျွဲခြံကုန်းကျေးရွာအနီးတွင် မော်တော်ယာဉ်တစ်စီး ပေါ်မှ တရားဝင် တင်သွင်းခွင့်အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် ကတ္တရာပုံး ၅၀၀၀ ကီလိုဂရမ် (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၀၁၈၆၀၀)နှင့် အဆိုပါကုန်ပစ္စည်းများ တင်ဆောင်လာ သည့် Mitsubishi Canter Light Truck အမျိုးအစား မော်တော်ယာဉ် တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄၈၁၁၈၆၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။



### ဖမ်းဆီးရမိ

အလားတူ ဒီဇင်ဘာ ၁၈ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရား မဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး အကောက်ခွန်ဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေး ရေးအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေး အမြန်လမ်း၊ တံတားဦး အဝိုင်းထိပ်၊ BOC ဆီဆိုင်အနီး၌ မော်တော်ယာဉ် တစ်စီးပေါ်တွင် တရားဝင်တင်သွင်းခွင့် အထောက်အထား တစ်စုံ တစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း၊ လုပ်ငန်းသုံး ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၆၆၅၀၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် YUTONG အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၈၀၀၀၀၀၀)ကို လည်း ကောင်း၊ မေမြို့-မန္တလေးသွားအရှေ့မြို့ပတ်လမ်းနှင့် ၄၃-လမ်းကြား Power-5 ယာဉ်ရပ်နားဝင်းအတွင်း၌ မော်တော်ယာဉ်တစ်စီးပေါ်တွင် တရားဝင် တင်သွင်းခွင့် အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်းနှင့် လူသုံးကုန်ပစ္စည်းများ (ခန့်မှန်း တန်ဖိုးငွေကျပ် ၇၁၃၃၆၆၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင် လာသည့် YUTONG အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၈၀၀၀၀၀၀)ကိုလည်းကောင်း၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၉၄၄၀၃၁၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံး လုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### အရေးယူဆောင်ရွက်

ထို့ပြင် ဒီဇင်ဘာ ၁၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဒိုက်ဦးမြို့နယ်အတွင်း လိုင်စင်မဲ့ မော်တော်ယာဉ်ငါးစီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၅၀၀၀၀၀)ကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

### အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်

ယင်းအပြင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ကော့ကရိတ်(တံတားကျိုး)စုပေါင်း စစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြဝတီမြို့မှ ရန်ကုန်မြို့သို့ သွားရောက်မည့် မော်တော် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ထမင်းပေါင်းအိုး ၉၅ လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၁၇ ရက်၊ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဖမ်းဆီးရမိမှုစုစုပေါင်းမှာ အမှုတွဲ ၂၃ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၄၉၂၁၇၀၀ ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

○ *ကျောဖုံးမှ*

(ရတ်ချာဘူရီ၊ ထိုင်း)၊ ဝင်းမိုးကျော် (ဟံသာဝတီ)၊ **အလယ်တန်း** – အောင်နိုင်ဝင်း (ဧရာဝတီ)၊ ဝေလင်းအောင်၊ လင်းထက်စိုး (အား/ကာ သိပ္ပံ)၊ ရန်နိုင်ဦး၊ ကျော်မင်းဦး (ရန်ကုန်)၊ လွင်မိုးအောင် (Rayong၊ ထိုင်း)၊ ဟိန်းထက်အောင် (ဆီလန်ဂေါ်၊ မလေးရှား)၊ မြတ်ကောင်းခန့် (ရှမ်းယူနိုက်တက်)၊ ရဲရင့်အောင် (ရတနာပုံ)၊ **ရှေ့တန်း**– အောင်ကောင်းမာန် (အူဒုံထာနီ၊ ထိုင်း)၊ ဝင်းနိုင်ထွန်း (ရန်ကုန်) နှင့် မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ၊ ထိုင်း) တို့ ပါဝင်သည်။

**ကစားသမား သုံးဦး ထပ်မံလျှော့ချ**

မြန်မာ့ လက်ရွေးစင်အသင်း နည်းပြချုပ် အန်တွမ်နီဟေးသည် ထိုင်းခြေစမ်း ခရီးစဉ်အပြီး လျှော့ချခဲ့သည့် ပဏာမကစားသမား ၂၆ ဦးမှ သုံးဦး ထပ်မံလျှော့ချခဲ့ခြင်း ဖြစ်သည်။

**ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစား**

အပြီးသတ် ရွေးချယ်ရာတွင် ဆန်းဆက်နိုင် (ဂိုး)၊ ဇော်ရဲထွန်းနှင့် နိုင်ဇင်ထက်တို့ ကျန်ရစ်ခဲ့သည်။

မြန်မာ့ လက်ရွေးစင်အသင်းသည် ယင်းပြိုင်ပွဲအတွက် နိုဝင်ဘာ ၁၈ ရက်တွင် စတင်လေ့ကျင့်ခဲ့ပြီး ပြိုင်ပွဲအကြို ပြင်ဆင်မှုအဖြစ် နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ထိုင်းနိုင်ငံ၌ သွားရောက်လေ့ကျင့်ကာ ခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားခဲ့သည်။

၂၀၂၂ AFF Cup ပြိုင်ပွဲကို ဒီဇင်ဘာ ၂၀ ရက်မှ ဇန်နဝါရီ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**မလေးရှားနှင့် အိမ်ကွင်းကစားရမည်**

မြန်မာအသင်း သည် အုပ်စု (ခ) တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ လာအိုအသင်း တို့နှင့် ကျရောက်နေသည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် ဒီဇင်ဘာ ၂၁ ရက်တွင် မလေးရှားအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။ **ရဲရင့်လွင်**

**ဓာတ်ပုံ – MFF**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4P/7548, KING LONG Bus (4 x 2) L ယာဉ်လက်ဝယ်ရှိသူ BIG MONEY Co.Ltd က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(သာယာဝတီ)**

**ကြီးမြန်**
**သစ်ပင်**
**စိုက်ပျိုး**
**လျှင်၊**
**စွမ်းအင်**
**လည်းရ**
**ပြည်လည်းလှ**

## မူပိုင်ခွင့်ဆိုင်ရာ မေတ္တာရပ်ခံ အသိပေးခြင်း

၁။ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် ရောက်ရှိမည့် (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွဲပျော် ဂီတပွဲတော် Season-2” တေးသီချင်း သီဆိုမှုပြိုင်ပွဲနှင့် ဖျော်ဖြေပွဲကို ပြည်သူများ လွတ်လပ်ရေး၏ အနှစ်သာရကို တန်ဖိုးထားလေးစားစိတ်၊ မိမိတို့၏ အချုပ်အခြာအာဏာကို ကိုယ်တိုင်ထိန်းသိမ်းရမည်ဆိုသော ထက်သန်သည့်စိတ်တို့ ဖြစ်ပေါ်လာစေရန်၊ မျိုးဆက်သစ်လူငယ်များ ပေါ်ထွက်လာစေရန်၊ ပြည်သူများ၏ စိတ်အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြန်ကြားရေးဝန်ကြီးဌာန၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက (၂–၉–၂၀၂၂)ရက်နေ့မှစ၍ အပတ်စဉ်သောကြာနေ့ညတိုင်း တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိရာ ယင်းဖျော်ဖြေပွဲများကို(၃၀–၁၂–၂၀၂၂) ရက်နေ့အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ယခုအခါ ဒုတိယအဆင့် Level-2 ပွဲစဉ်(၁၄ ၊ ၁၅)တွင် ပြိုင်ပွဲဝင်(၇)ဦးတို့မှ ပြဋ္ဌာန်းတစ်ပုဒ်၊ စိတ်ကြိုက်တစ်ပုဒ် သီဆိုယှဉ်ပြိုင်ခဲ့ကြပြီး ပွဲစဉ်(၁၆) Result Show တွင် ပရိသတ် Voting (၇၀%)နှင့် ဒိုင်အကဲဖြတ်အမှတ် (၃၀%) ရမှတ်များဖြင့် ထွက်ပေါ်လာသည့် ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ ပြိုင်ပွဲဝင်(၆)ဦးဖြင့် ပြုလုပ်မည့် Level-2 Semi Final ပွဲစဉ်(၁၇)တွင် သီဆိုယှဉ်ပြိုင်မည့် အောက်ပါတေးသီချင်းများကို အခမဲ့အသုံးပြုသွားမည်ဖြစ်ကြောင်း မူပိုင်ခွင့်ရှိသူများအား လေးစားစွာဖြင့် မေတ္တာရပ်ခံအသိပေး အကြောင်းကြားပါသည်–

| စဉ် | သီချင်းအမည် | တိုင်း/ပြည်နယ် | ပွဲစဉ် |
|---|---|---|---|
| ၁ | မမေ့နိုင်တဲ့မြေ | ရန်ကုန်တိုင်းဒေသကြီး | (၂၃–၁၂–၂၀၂၂)ရက်နေ့ Level-2 Semi Final ပွဲစဉ်(၁၇) |
| ၂ | ဇလပ်မြေ | ပဲခူးတိုင်းဒေသကြီး | |
| ၃ | သည်နေ့သည်ရက်သည်ချိန်ခါ | ကရင်ပြည်နယ် | |
| ၄ | ပြည်ထောင်စုဥယျာဉ်နန်း | ကချင်ပြည်နယ် | |
| ၅ | ဒုံးယိမ်းည | နေပြည်တော် | |
| ၆ | ယနေ့မှ နက်ဖြန်သို့တိုင် | ဧရာဝတီတိုင်းဒေသကြီး | |
| ၇။ | မနက်ဖြန်ရဲ့လမ်းများ | ရန်ကုန်တိုင်းဒေသကြီး | |
| ၈။ | ရေလိုအေးတဲ့နွေလေးတစ်နွေ | ပဲခူးတိုင်းဒေသကြီး | |
| ၉။ | ရပ် | ကရင်ပြည်နယ် | |
| ၁၀။ | စိုးစိတ်တိုးတိတ်လွမ်းချိန် | ကချင်ပြည်နယ် | |
| ၁၁။ | မလွမ်းရဲသေးဘူး | နေပြည်တော် | |
| ၁၂။ | မွေးလွန်းသည့်ပန်း | ဧရာဝတီတိုင်းဒေသကြီး | |

## မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (ပဲခူးတိုင်းဒေသကြီး) ဖွဲ့စည်း

**ရန်ကုန် ဒီဇင်ဘာ ၁၉**

မြန်မာအပြည်ပြည်ဆိုင်ရာ အနုညာတခုံရုံးအသင်း (အမ်အိုင်အေစီ) တရားဝင်တည်ထောင်ထားသော (ပဲခူးတိုင်းဒေသကြီး) Myanmar International Arbitration Centre (MIAC) Incorporated (Bago Region) ဖွဲ့စည်းခြင်းကို ဒီဇင်ဘာ ၁၈ ရက် က ပဲခူးမြို့ Hotel Mariner-2 အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။



ရှေးဦးစွာ MIAC (ဗဟို)ဥက္ကဋ္ဌ ဦးအဲလ်ဘတ်ဇော်မင်းက အမှာစကားပြောကြားပြီး (MIAC) ပဲခူးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးခင်မောင်ရွှေက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။ ထို့နောက် (MIAC) (ဗဟိုသင်တန်းတာဝန်ခံ) ဦးကျူးခေါင်က MIAC တွင် ဖွင့်လှစ်ထားရှိသော အနုညာတစီရင် ဆုံးဖြတ်ခြင်းသင်တန်းများနှင့် ပတ်သက်၍ Basic, Advance နှင့် Britiator Course များအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် MIAC (ဗဟို) ဥက္ကဋ္ဌက (MIAC) ပဲခူးတိုင်းဒေသကြီး ဥက္ကဋ္ဌ ဦးခင်မောင်ရွှေထံသို့ အသင်းကြီး၏ တရားဝင်တည်ထောင်ခွင့်လက်မှတ်နှင့် လိုင်စင်ကိုလည်းကောင်း၊ အသင်းနှင့်သက်ဆိုင်သောစာရွက်စာတမ်းများကို လည်းကောင်း ပေးအပ်သည်။

ထို့ပြင် အမှုဆောင်များ တစ်ဦးချင်းသို့လည်း အမှုဆောင်အသိအမှတ်ပြုခန့်အပ်လွှာများ ပေးအပ်သည်။ ဆက်လက်၍ အသင်းကြီး စတင်ပေါ်ပေါက်လာပုံ၊ ဆောင်ရွက်နေမှုများနှင့် နိုင်ငံတကာအနုညာတခုံရုံးများ၊ နယူးယောက် ကွန်ဗင်းရှင်း၊ ၂၀၁၆ ခုနှစ် အနုညာတစီရင် ဆုံးဖြတ်ခြင်းဥပဒေတို့ကို ရှင်းလင်းဆွေးနွေးသည်။

MIAC အသင်းကြီးသည် ပြည်နယ်နှင့် တိုင်းဒေသကြီးအသင်းများ တိုးချဲ့ဖွဲ့စည်းလျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့ကို ဖွဲ့စည်းခဲ့ပြီး ယခုပဲခူးတိုင်းဒေသကြီး ဖွဲ့စည်းခြင်းသည် ပဉ္စမမြောက်ဖြစ်ကြောင်း သိရသည်။ **မောင်မောင်(လှုပ်စစ်)**

**မော်တော်ယာဉ်မောင်းနှင်သူများ လောင်စာဆီထည့်ရာတွင် လိုက်နာရမည့်အချက်များ(နည်းဥပဒေ ၃၁၂)**

မော်တော်ယာဉ်များ လောင်စာဆီထည့်နေစဉ် အောက်ပါတို့ကို လိုက်နာရမည်–

(က) မီးပိတ်၍ စက်သတ်ထားရမည်။

( ခ) မည်သူမျှ ဆေးလိပ်မသောက်ရ။

( ဂ) မည်သူမျှ လက်ကိုင်ဖုန်း အသုံးမပြုရ။

(ဃ) မော်တော်ယာဉ်ပေါ်တွင် ပါရှိသူများ အသက်ကယ်ထိုင်ခုံခါးပတ် ဖြုတ်ထားရမည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

**ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 1C/5016 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ်82W/53257 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက် ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊**
**တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7H/5002 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မြို့**

**ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ ဒု–တကက လှည္ဟန့်(ကိုယ်ပိုင်အမှတ် –၅၂၃၀၀၈) ၁၂/ဒဂန(နိုင်) ဝဝ၄၃၆ဝ(ဘ)ဦးအုန်းဖေ အမည်ပေါက်ပါမစ်မြေကွက်အမှတ် ပစ(င) ၄၆၄၉ အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံ ဇနီးဖြစ်သူ ဒေါ်ညိုညိုခင် ၁၂/ဒဂန(နိုင်)ဝ၂၄၈၅၈(ဘ)ဦးငွေခင် မှတရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ ဒု–တကလှည္ဟန့် သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံ ပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားထာလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

❑ *ကျောဖုံးမှ*

ပြိုင်ပွဲကို အရှေ့တောင်အာရှ ၁၁ နိုင်ငံအနက် ၁၀ နိုင်ငံ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ပြီး ပြိုင်ပွဲကို အုပ်စုနှစ်ခုခွဲ၍ ကျင်းပမည်ဖြစ်ပြီး အုပ်စု (က) တွင် လက်ရှိချန်ပီယံ ထိုင်း၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယား၊ ဘရူနိုင်း၊ အုပ်စု (ခ) တွင် ဗီယက်နမ်၊ မလေးရှား၊ စင်ကာပူ၊ မြန်မာ၊ လာအိုအသင်းတို့ ပါဝင်နေသည်။

ပြိုင်ပွဲပထမနေ့အဖြစ် ယနေ့ ညနေ ၄ နာရီခွဲတွင် ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့ရှိ မိုရိုဒေါ့တီ ချိုကွင်း၌ ကမ္ဘောဒီးယားအသင်းနှင့် ဖိလစ်ပိုင်အသင်း၊ ည ၇ နာရီတွင် မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ ကွာလာလမ်ပူကွင်း၌ ဘရူနိုင်းအသင်းနှင့် လက်ရှိချန်ပီယံ ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဘရူနိုင်းအသင်းသည် အိမ်ကွင်းလက်ခံကျင်းပနိုင်ခြင်းမရှိသဖြင့် အိမ်ကွင်း နှစ်ပွဲကို မလေးရှားနိုင်ငံ၌ ကစားခြင်းဖြစ်သည်။

အုပ်စု (က) အနေအထားအရ လက်ရှိချန်ပီယံ ထိုင်းအသင်းသည် ဆီမီးဖိုင်နယ်တက်ရောက်ရန် ရေပန်းအစားဆုံးဖြစ်နေပြီး ကျန်တစ်နေရာအတွက် အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်အသင်းတို့ အပြိုင်လုရဖွယ်ရှိနေသည်။

လက်ရှိ ချန်ပီယံ ထိုင်းအသင်းကို ၂၀၂၀ ပြိုင်ပွဲတွင် ချန်ပီယံဆုရအောင် စွမ်းဆောင်ပေးခဲ့သည့် နည်းပြ ပေါ့ကင်းက ဆက်လက်ကိုင်တွယ်နေပြီး အင်ဒိုနီးရှားအသင်းမှာလည်း ပထမဆုံး ချန်ပီယံမျှော်လင့်ချက်အတွက် လေ့ကျင့်ပြင်ဆင်ထား ကြောင်း သိရသည်။

မြန်မာအသင်းပါဝင်သော အုပ်စု (ခ) ပထမနေ့ပွဲစဉ်များကို ဒီဇင်ဘာ ၂၁ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပထမပွဲအဖြစ် မလေးရှားအသင်းနှင့် အိမ်ကွင်းကစားရမည်ဖြစ်သည်။

အုပ်စုပွဲများကို ဒီဇင်ဘာ ၂၀ ရက်မှ ဇန်နဝါရီ ၃ ရက်အထိ ကျင်းပမည်ဖြစ်သည်။

**ရဲရင့်လွင်**
**ဓာတ်ပုံ – CFF**

**ရေချိုတာရေး နည်းလမ်းများ**

◆ အဝတ်အနည်းငယ်အတွက် အဝတ်လျှော်စက် မသုံးပါနှင့်။ အဝတ်လျှော်စက် အပြည့်အဝတ်ရှိမှသာ စက်ဖြင့် လျှော်ပါ။

◆ ဘုံပိုင်ခေါင်းမှ ရေစက်ကျမနေစေရန် ကျပ်အောင်ပိတ်ပါ။ ဘုံပိုင်ခေါင်းကိုမသုံးဘဲ ဖွင့်ထားခြင်းမပြုပါနှင့်။


# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၅၀၂ ဆူ | ၂၁၈ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၆၀၀၀၀ | ၁ လုံး | ၁၉၀၀၀ သိန်း | ၄၁၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၉ ခန်း | ၁၉၁ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၆၆ ခန်း | ၃၈၉ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၉ တိုင် | ၁ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင် | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၂၀ ခု | ၅၃၁ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၇ ကျင်း | ၂၀၅၂. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၆ ကျင်း | ၁၉၂. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၂၂ ကျင်း | ၅၈၈၈. ၆၆ ကျင်း |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁၃။ | ကြွေပြား ၁ ကျင်းနှုန်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၃၀၄ ကျင်း | ၁၄၃၂. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၂၂၅၆၀. ၀၀ | ၁ | ၃၆၉၅ သိန်း | ၁၈၈၆၅ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား (၂)စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင်လျှင် ၉. ၅သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၂၉၇ စုံ | ၂၀၃ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

## Starfish Myanmar Microfinance Co.,Ltd. ဒါရိုက်တာအဖွဲ့အား ပြောင်းလဲဖွဲ့စည်းကြောင်းကြေညာခြင်း

Starfish Myanmar Microfinance Co.,Ltd. ၏ (၁၄-၁၀-၂၀၂၂)ရက်နေ့တွင် ကျင်းပြုလုပ်သော အစည်းအဝေးဆုံးဖြတ်ချက်အမှတ်စဉ် (16/012/DICA004/2022) အရ Starfish Myanmar Microfinance Co.,Ltd. ဒါရိုက်တာအဖွဲ့အား အောက်ဖော်ပြပါအတိုင်း ပြောင်းလဲဖွဲ့စည်းကြောင်း ကြေညာအပ်ပါသည်-

ယခင်ဒါရိုက်တာအဖွဲ့

| စဉ် | အမည် | ရာထူး | စဉ် | အမည် | ရာထူး | စဉ် | အမည် | ရာထူး |
|---|---|---|---|---|---|---|---|---|
| ၁။ | ဒေါ်စန်းစန်းနု | Director | ၉။ | ဦးကျော်ကျော်ဦး | Director | ၁၇။ | ဦးသိန်းထိုက် | Director |
| ၂။ | ဒေါက်တာယုဝါ | Director | ၁၀။ | ဦးကျော်ကျော်ရှိန် | Director | ၁၈။ | ဦးသက်လွင် | Director |
| ၃။ | ဦးအောင်နိုင် | Director | ၁၁။ | ဦးကျော်လွင် | Director | ၁၉။ | ဦးယုစိန် | Director |
| ၄။ | ဦးအောင်ဇော်ဟိန်း | Director | ၁၂။ | ဦးကျော်သိန်းနိုင် | Director | ၂၀။ | ဦးဇော်ဆန်း | Director |
| ၅။ | ဦးဘာစွမ် | Director | ၁၃။ | ဦးကျော်ဝင်း | Director | ၂၁။ | ဦးဇော်မျိုးလတ် | Director |
| ၆။ | ဦးဟန်ကြည်ဆွေ | Director | ၁၄။ | ဦးမင်းလွင် | Director | ၂၂။ | သိန်းထိုက် | Secretary |
| ၇။ | ဦးခင်စိုး | Director | ၁၅။ | ဦးစိုးပိုင် | Director | | | |
| ၈။ | ဦးခင်ဇော် | Director | ၁၆။ | ဦးသန်းထွဋ်ဦး | Director | | | |

ယခုပြောင်းလဲဖွဲ့စည်းသောဒါရိုက်တာအဖွဲ့

| စဉ် | အမည် | ရာထူး | စဉ် | အမည် | ရာထူး |
|---|---|---|---|---|---|
| ၁။ | ဦးသန်းထွဋ်ဦး | Managing Director | ၅။ | ဦးဟန်ကြည်ဆွေ | Director |
| ၂။ | ဦးအောင်နိုင် | Director | ၆။ | ဒေါ်နှင်းအိလွင် | Chief Finance Officer |
| ၃။ | ဒေါ်မြင့်မြတ်ဦး | Director | ၇။ | ဒေါ်လှဲ့ရည်မွန် | Secretary |
| ၄။ | ဒေါ်ဇင်မော်ဝင်း | Director | | | |

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁၊ မြေကွက်အမှတ် ၄၁၊ ဧရိယာ ၀ ဒသမ ၀၈၂ဧက၊ မြေကွက်တည်နေရာအမှတ် ၄၁၊ သာစုကန်ရပ်ကွက်၊ ရွှေပြည်သာမြို့နယ် ဦးအောင်ကိုးရွှေ ၈/စလန(နိုင်)၀၀၅၇၅၆ အမည်ပေါက် ပါမစ်မြေအား ပါမစ်မြေအမည်ပေါက် ဦးအောင်ကိုးရွှေမှ ပါမစ်မူရင်းတွင် အိမ်ရာဆောက်လုပ်နေထိုင်ခွင့်နှင့် မြေနေရာချထားပေးခံရသူများ၏ မှီခိုသူများစာရင်းတင်ပြနိုင်ခြင်းမရှိဘဲ မိသားစုဓာတ်ပုံ၊ရွှေ့ပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်သာတင်ပြ၍ မြေတိုင်း လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ရပ်ကွက်ကြီး(၅)၊ ကွင်းအကွက်အမှတ် နှင့်အမည်(၁၈/ကျောက်တောင်)၊ ဦးပိုင်အမှတ်(၉၈-၉၉)၊ မြေကွက်အမှတ်(၁၄၁၊ ၁၄၂)၊ မြေဧရိယာ(၀.၁၇၉)ဧကရှိမြေသည် ပြင်ဦးလွင်ခရိုင်ရုံး ဂရန်မှုအမှတ်(၃၅၁/ ၂၀၁၈-၂၀၁၉)အရ ဒေါ်ဝင်းဇော် အမည်ပေါက်ပိုင်ဆိုင်သောမြေကွက်အနက် ဦးပိုင်အမှတ်(၉၉)အတွင်းမှ အနောက်ဘက်ခြမ်း မြေအကျယ်အဝန်း (၄၇x၆၇)ပေ ပတ်လည်ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်ဝင်းနန္ဒာဦး ၁၂/မဂဒ(နိုင်)၁၂၆၇၀၈က ပိုင်ဆိုင်ပြီး လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်စန်းစန်းလွင် ၁၃/မရတ(နိုင်)၀၀၂၄၈၉မှ ဝယ်ယူရန် သဘောတူညီ၍ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူ မည်သူမဆို ပိုင်ရေးပိုင်ခွင့်တရားဝင် အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက် အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းဇော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၃၉၂/၂၀၁၅)**
**အမှတ်(ရ/၆၈)၊ ကျောက်စိမ်းလမ်း၊ ရပ်ကွက်ကြီး(၈)၊ ပြင်ဦးလွင်မြို့**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ်၊ မြို့မရပ်ကွက်တွင် နေထိုင်သူ မနန်းထူး၏ဖခင် အမည်မှန်မှာ ဦးစိုင်းလုံ ၁၃/မတန(နိုင်)၀၂၀၃၀၆ဖြစ်ပါကြောင်း။

**ဦးစိုင်းလုံ**

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမက(၁၈) Grade-2မှ မဝိုင်းစုခိုင်၏ ဖခင်အမည်မှန်မှာ ဦးရဲဇော်ထွန်း ၇/လပတ(နိုင်) ၁၆၃၈၈၅ ဖြစ်ပါကြောင်း။

**ဦးရဲဇော်ထွန်း**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တာချီလိတ်မြို့၊ ဝမ်ကောင်းရပ်ကွက်၊ စကားဝါလမ်း၊ အိမ်အမှတ် (၉/၃၀၉)နေ ကျွန်တော် ဦးမောင်မောင်တင် ၇/မညန(နိုင်)၀၆၉၀၀၃ နှင့် မိခင် ဒေါ်သန်းသန်းဆင့် ၇/မညန(နိုင်)၀၄၀၈၈၈ တို့၏သားဖြစ်သူ မောင်ထက်မြက်အောင်(ခ) မောင်ထက်အာကာ ၇/ပတန(နိုင်)၁၂၆၅၈၄ သည် မိဘများ၏ ဆိုဆုံးမမှုအား နာခံခြင်းမရှိဘဲ မိဘများမနှစ်သက်သည့် ကိစ္စရပ်များပြုလုပ်ပြီး မိဘနှစ်ပါးကိုယ်စိတ်နှလုံး ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်နေပါသဖြင့် ၎င်းအား ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များအား လုံး၀(လုံး၀)တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမောင်မောင်တင် ၇/မညန(နိုင်)၀၆၉၀၀၃**
**ဒေါ်သန်းသန်းဆင့် ၇/ မညန(နိုင်)၀၄၀၈၈၈**

## ငွေချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## သာစည်မြို့နယ်တရားရုံးတော်၌
## ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၃၇

ဒေါ်နှင်းဟန်နီထွန်း **နှင့်** ၁။ ဦးကိုဖြိုး
၂။ ဦးကျော်ဆွေ

**တရားလို** **တရားပြိုင်များ**

သာစည်မြို့နယ်၊ ကန့်ဖြူအုပ်စု၊ တင်းတိမ်ကာကျေးရွာနေ ဦးကိုဖြိုး(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်နှင်းဟန်နီထွန်းက "ဆိုင်ကယ်တန်ဖိုးကျန်ငွေ(၁၄၈၃၇၉၄)ကျပ်နှင့် နစ်နာကြေးငွေ(၂၇၀၀၀၀/-)ကျပ် စုစုပေါင်းငွေကျပ်(၁၇၅၃၇၉၄)ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၂ခုနှစ်၊ ဒီဇင်ဘာလ ၂၃ရက်(၁၃၈၄ခုနှစ်၊ ပြာသိုလဆန်း ၂ရက်) နံနက် ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ခုနှစ် ဒီဇင်ဘာလ ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သိန်းတန်)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**သာစည်မြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

မြိတ်မြို့၊ မြိတ်တက္ကသိုလ်၊ ပစ္စည်းဌာနမှ ဦးအောင်စိန်၏သမီး ဌာနခွဲစာရေး ဒေါ်ဝင်းဝင်းခိုင်နှင့် ဒေါ်ဝင်းခိုင် ၁၀/မဒန(နိုင်) ၁၆၇၁၃၇မှာ တစ်ဦးတည်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် အရ ၅-၇-၁၉၈၁ ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ အင်စိုင်းသာကျေးရွာနေ ဦးဇော်မင်း(ဘ) ဦးမြအေး ၇/ရတရ(နိုင်)၁၇၇၈၂၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးဇော်မင်းက လက်ရှိစီမံစိုက်ပျိုးလုပ်ကိုင်နေသော နေပြည်တော်၊ လယ်ဝေးမြို့နယ်၊ ပင်သောင်ကျေးရွာအုပ်စု၊ ကြေးပြင်ကွင်း၊ ထုံးဘိုတဲစုအတွင်းရှိ မြေလွတ်မြေလပ်နှင့် မြေရိုင်း(၇)ဧကခန့်အား ဦးသိန်းကျော် ၁၂/ကတတ(နိုင်)၀၂၁၉၈၀၊ အမှတ် ၁၇၃၊ ဖန်ချက်ဝန် ဦးရွှေအိုးလမ်း၊ စက်မှုဇုန်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံသို့ စီမံခန့်ခွဲလုပ်ပိုင်ခွင့်ကို လွှဲပြောင်းမည်ဖြစ်ပါ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ လယ်ဝေးမြို့နယ်၊ ပင်သောင်ကျေးရွာအုပ်ချုပ်ရေးမှူးရုံးသို့ဖြစ်စေ ခိုင်လုံသော မူရင်းစာရွက်စာတမ်းများနှင့်အတူ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်ခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးကျော်သောင်း(LL.B)(စဉ်-၉၂၉၇/၂၄-၁၀-၂၀၁၃)**
**တရားလွှတ်တော်ရှေ့နေ**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံး(ဝင်းအတွင်း)၊ ဦးဘဟန်လမ်း**
**ရန်အောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၄၃၁၃၈၅၆၄၊ ၀၉-၇၇၀၆၆၆၁၂၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဧယ/၁၅၄၆၊ Honda Wave 100 NCX M/C ယာဉ် လက်ဝယ်ရှိသူ ဦးအောင်နိုင်စိုး ၆/မမန(နိုင်)၂၀၉၇၄၉က (ကမ-၃) ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက် အထားများဖြင့်ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ဦးစီးမှူးရုံး**
**(မြိတ်)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 82W/53257 ယာဉ်လက်ဝယ်ရှိသူ ဦးဇင်ဗိုလ်ထက် ၇/ကဝန(နိုင်)၁၇၄၁၉၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး**
**(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာစာ

တောင်ငူမြို့နယ်၊ (၂၂)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/မင်းကြီးညိုအရှေ့)၊ ဦးပိုင်(၃၃၂-က/763)၊ ဧရိယာ (၀ဒသမ၀၇၃) ဧကအား ဦးမြတ်မင်းထွေးအမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူရှိပါက မြေပိုင်ဆိုင်မှု အထောက်အထားများ တင်ပြပြီး ယနေ့မှစ၍ ၁၅ ရက်အတွင်း ဤမြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာသော ဦးမြတ်မင်းထွေးအား မြေငှားဂရန် အသစ်ထုတ်ပေးလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**တောင်ငူမြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1M/8351, Suzuki Carry DA63T ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်မျိုး ၉/ဝတန(နိုင်)၂၂၁၂၈၅က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက် အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သဲကုန်းမြို့နယ်၊ ရပ်ကွက်(၂)၊ သဲကုန်းကြီးရပ်နေ ဦးသိန်းအေး ၈/သရန (နိုင်) ၀၂၄၄၃၅၊ ဒေါ်ခင်ဖြူဝင်း ၈/သရန(နိုင်) ၁၀၀၈၆၅တို့၏သား မောင်ကျော်ကျော်ထက် ၈/သရန(နိုင်) ၀၇၄၀၉၉ သည် မိဘတို့၏ ဆုံးမစကားကို နားမထောင်ပါသဖြင့် သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း၊ ၎င်းနှင့်ပတ်သတ်သည့် ကိစ္စများအား တာဝန်မယူပါကြောင်း။

**ဦးသိန်းအေး-ဒေါ်ခင်ဖြူဝင်း**

၁။ **CNG သုံးမီးစက်ရောင်းမည်**
Brand-CAT , Caterpillar 450 KVA
**ရောင်းဈေး ၁၁၀၀သိန်း**

၂။ **Battery Forklift ရောင်းမည်**
Brand-Nichiyu 24V/165 Ah
Capacity:700Kg
**ရောင်းဈေး ၉၅ သိန်း**

**ဆက်သွယ်ရန်ဖုန်း-၀၉-၉၇၅၀၀၉၇၃၃၊**
**၀၉-၇၉၅၆၄၈၄၅၆၊ ရန်ကုန်မြို့**

## မိဘအမည်မှန်

ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့၊ အထက Grade-8(A)မှ နန်းဝင်းငွေး၏ ဖခင် ဦးစောလင်းလင်းရွှေ(ခ)ဦးစောဖောင်အွာ ၃/လဘန(နိုင်)၁၆၁၅၀၂မှာတစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ မိခင် ဒေါ်ချမ်းမူး(ခ)ဒေါ်နန်းဆယ်မူး ၃/လဘန(နိုင်) ၁၁၀၅၃၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၈ ပ-၅)၊ ကမ်းပတ်တာလမ်းနှင့် ငမိုးရိပ်ချောင်းအကြား၊ အကျယ်အဝန်း (ပေ ၁၀၀ × ပေ ၄၀၀) ရှိ မြေကွက်နှင့် အဆိုပါမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော **ဦးအောင်မင်း** (၁၂/ သဃက (နိုင်) ၁၁၄၃၉၈) ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပိုင်ဝယ်ယူရန် ရောင်းချတန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်အားကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထားများတင်ပြပြီးကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါနေ့ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးနေဝင်းအောင်** (B.Sc,H.G.P,C.B.L)
Higher Grade Pleader
(Lawyer Lc No.19147/ 1991)
**Al-Mezan (Law Firm)**
အမှတ် (၂၀၇)၊ (ပထပ်-ဝဲ)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
09 786 786 053

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား (၁) ရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် (၁၈) ဟုခေါ်တွင်သော အကျယ်အဝန်း (၀. ၂၀၇) ဧက (၉၀၁၃ စတုရန်းပေ) ရှိမြေကွက်နှင့် အဆိုပါမြေကွက်ပေါ်ရှိအဆောက်အဦများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော **ဦးအောင်မင်း** (၁၂/ သဃက (နိုင်) ၁၁၄၃၉၈) နှင့် **ဒေါ်မေစီဦး** (၁၂/ သဃက (နိုင်) ၁၁၄၆၃၃) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေတစ်ဦးက အပိုင်ဝယ်ယူရန် ရောင်းချတန်ဖိုး၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်အားကန့်ကွက်လိုသူများရှိပါက ဤကြေညာချက်ပါရှိသည့်နေ့မှ (၁၄) ရက်အတွင်း ကျွန်ုပ်ထံ ခိုင်လုံသောအထောက်အထားများတင်ပြပြီးကန့်ကွက်နိုင်ကြောင်းနှင့် အဆိုပါနေ့ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ -**
**ဦးနေဝင်းအောင်** (B.Sc,H.G.P,C.B.L)
Higher Grade Pleader
(Lawyer Lc No.19147/ 1991)
**Al-Mezan (Law Firm)**
အမှတ် (၂၀၇)၊ (ပထပ်-ဝဲ)၊ ၃၂ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
09 786 786 053

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ငမိုးရိပ်(၆)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊ အပိုင်း(၂)၊ အမှတ်(၄၀၀)၊ မြေအကျယ်အဝန်း(၂၅ x ၆၀)ပေ၊ ၁၂၅၀ စတုရန်းပေရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၃)ထပ်ခွဲ RC အဆောက်အအုံ၏ ပထမထပ် ခြေရင်းဘက်အခန်း (ကန်ထရိုက်အခန်း)၊ အကျယ်အဝန်း (၁၂.၅ ပေ x ၅၀)ပေရှိ (အရောင်းအဝယ်စာချုပ်တွင် မှန်ခန်း၊ (B) ဟုရေးသား ဖော်ပြထားသော) တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသူ ဦးကျော်ကျော်ဦး ၁၁/တကန(နိုင်) ၀၅၉၂၁၁ထံမှ ကျွန်ုပ် ဒေါ်ခင်စု ၁၁/မပတ(နိုင်) ၀၈၉၃၆၉က ယင်းတိုက်ခန်းအား ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါသောကြောင့် ဤတိုက်ခန်း အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါ သည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်းဖြင့် ဆက်သွယ်အကြောင်းကြား ၍လည်းကောင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ခင်စု**
**အမှတ်-၁၈၉(C)၊ ငမိုးရိပ်(၈)လမ်း၊ ငမိုးရိပ်ရပ်ကွက် အပိုင်း(၃)၊**
**သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၀၆၅၀၀၆၃**




## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9W/43699 ယာဉ်လက်ဝယ်ရှိသူ ဦးအေးချမ်းမောင် ၇/တငန(နိုင်)၁၆၀၉၆၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၀ယ/၁၁၅၁၄ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိရွှေစင် ၇/တငန(နိုင်)၂၀၂၇၉၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(တောင်ငူ)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 17U/6585 ယာဉ်လက်ဝယ်ရှိသူ ဦးလှသန်း ၇/တငန(နိုင်)၀၄၆၇၇၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(တောင်ငူ)**

## ပျောက်ဆုံးကြောင်း

ကျွန်မ မချိုချိုဝင်း ၁၁/ရသတ(နိုင်)၀၄၂၂၃၀ ၏ နိုင်ငံကူးလက်မှတ်အမှတ် (နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးနေမျိုးနိုင် ၉/နထက(နိုင်)၁၈၁၄၂၆ ၏ နိုင်ငံကူး လက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေကွက် အမှတ်(ဥ-၅၂၈၅)၊မြေရေိယာ ၀ ဒသမ ၂၂၉ ဧကနှစ်(၃၀)မြေငှားစာချုပ်မြေကွက်၏ အမည်ပေါက် ဦးဇော်ဝင်း(ဘ)ဦးဘိုအေး ၁၂/ကတတ (နိုင်)၀၁၇၇၆၅ ကွယ်လွန်သွားပါသဖြင့် အမွေဆက်ခံခွင့်ရှိသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်ခင်ဌေး (ဘ)ဦးသောင်းရွှေ ၁၂/ကတတ (နိုင်)၀၁၇၇၆၆ မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

### အများသိစေရန်ကြေညာချက်

၁။ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ မြေကွက်အမှတ်(၄၀၃အေ/၃)တွင် Basement+(၂)ခန်းတွဲ (၄)ထပ်တိုက်(Roof Slab) အဆောက်အဦဆောက်လုပ်ရန် မြေရှင် ဒေါ်မြမြစိန်၊ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ ဦးတင်အောင်(RSE-834)(Construction)၊ လိုင်စင်ရကန်ထရိုက်တာ ဦးသိန်းထွဋ်(LC-838)တို့ဖြင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ အဆောက်အဦဆိုင်ရာလုပ်ငန်းတာဝန်ခံအဖွဲ့၏ ၂၇-၅-၂၀၂၀ ရက်စွဲပါ စာအမှတ်၊ ၉၉၇/၉၉၈/စည်ပင်-ယာ(အုံ)ဖြင့် ခွင့်ပြုခဲ့ခြင်းအပေါ် ဦးတင်အောင်(RSE-834) (Construction)သည် ကွယ်လွန်သွား၍ မှတ်ပုံတင်လက်မှတ်ရ အင်ဂျင်နီယာ ဦးကျော်မြင့်(RSE-1709)(Construction)သို့ အင်ဂျင်နီယာဌာန(အဆောက်အအုံ)၏ ၁၈-၁၀-၂၀၂၂ ရက်စွဲပါ စာအမှတ်၊ ၅-၃၅၄၃/ပြင်ပ/စည်ပင်-ယာ/အုံ(စစ်)ဖြင့် ပြောင်းလဲခွင့်ပြုထားပါသည်။

၂။ ယခုအခါ အဆိုပါ အဆောက်အဦအား ဆောက်လုပ်ရန် ဆန္ဒမရှိတော့ပါသဖြင့် ဆောက်လုပ်ခွင့်ပြုမိန့်အား ပယ်ဖျက်ပေးပါရန် မြေရှင်နှင့် လိုင်စင်ရကန်ထရိုက်တာ (LC) တို့မှ အင်ဂျင်နီယာဌာန(အဆောက်အအုံ)သို့ တင်ပြလျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ ရက်ပေါင်း(၁၅)ရက်အတွင်း လျှောက်ထားကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

အင်ဂျင်နီယာဌာန (အဆောက်အအုံ)
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**ကံမမြို့နယ်တရားရုံးတော်**
**၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ် (၃၉)**

ဒေါ်မြင့်မြင့်ဌေး နှင့် ဒေါ်ပုဌေး(ခ)ဒေါ်ဌေးဌေးဝင်း
**တရားလို** **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ဒါန်းကိုင်းကျေးရွာနေ ဒေါ်ပုဌေး(ခ)ဒေါ်ဌေးဌေးဝင်း သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်မြင့်မြင့်ဌေးက ချေးငွေကျန် ကျပ်သိန်း(၁၀၀)(ကျပ်သိန်းတစ်ရာတိတိ)အား ပြန်လည်ပေးဆပ်စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ်ငင်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်ဇန်နဝါရီ ၁၆ရက် (၁၃၈၄ ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက်)နံနက် ၁၀နာရီတွင် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ်သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၅ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သူရဇော်)**
**မြို့နယ်တရားသူကြီး**
**ကံမမြို့နယ်တရားရုံး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ကျော်လင်းနိုင် ၁၁/သတန(နိုင်)၀၇၀၅၉၁၁၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်မေဝင်း ၁၁/ပတန(နိုင်) ၀၅၄၁၂၈၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

## ပျောက်ဆုံးကြောင်း

ကျွန်မ မခင်မျိုးနွယ် ၁၁/စတန(နိုင်) ၁၂၉၈၀၁ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်နေပိုင်စိုး ၁၁/မဥန(နိုင်) ၁၈၀၂၉၇ ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၁၃၄၂၄၂၃

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၁/ပေါင်းလောင်း-၁)၊ ဦးပိုင်/မြေကွက်အမှတ်(၄၄၈/၈၆၂)၊ ဧရိယာ (၀ဒသမ၀၅၅)ဧကရှိ ဦးခင်မောင်တင့် အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်ခင်ကျော့ကေခိုင် ၁၂/စခန(နိုင်) ၀၆၆၇၂၅မှ ပျဉ်းမနားမြို့ မြေတိုးချဲ့နေရာချထား ရေးကော်မတီ၏ အိမ်ဝိုင်းကွက်တန်ဖိုးငွေရပြေစာ၊ အရောင်းအဝယ်စာချုပ်၊ ဝယ်ယူပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ ၁၃ ရပ်ကွက်၊ သီရိမြိုင် ၁၀လမ်း၊အမှတ် ၁၆၈/ခ၊ (၅)ထပ်တိုက်၏ မြေညီထပ်(အလျား ၁၂ ၁/၂ ပေ x အနံပေ ၅၀)(လက်ျာဘက်ခြမ်း/ခေါင်းရင်းခန်း)ရေ/မီးအစုံပါ တိုက်ခန်းနှင့် မြေပိုင်ဆိုင်မှု အကျိုးခံစားခွင့်အရပ်ရပ်အားလုံး ကို လက်ရှိထားပိုင်ဆိုင် အကျိုးခံစားခွင့်၊ ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းသန်းမော် ၁၂/မရက(နိုင်)၀၈၆၆၁၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ခိုင်သဇင်ဦး ၁၄/ဘကလ (နိုင်)၂၂၈၉၀၉ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် တန်ဖိုးငွေ အပြည့်အဝကို ၁၈-၁၂-၂၀၂၂ရက်တွင် ပေးချေပြီး တိုက်ခန်းနှင့်တကွ စာရွက်စာတမ်း မူရင်းများအားလုံးကို လက်ရောက်ရရှိပြီးဖြစ်ပါသည်။ အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ၊ ခိုင်မာသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဇော်မင်းစိုး(လသာ)**
**B.A(Hons:)Hist:, M.A(Business Law),H.G.P, D.B.L, D.M.L, D.I.L, D.I.R,D.A.Psy;D.A.E(Credit),**
**အထက်တန်းရှေ့နေ(အမှတ်စဉ်-၁၄၃၆၄/၁၉၈၇)**
**အမှတ် ၄၆၊ ဥယျာဉ်လမ်း၊ မကျီးတန်းမြောက် အရှေ့ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၈၇၆၇၄၇၀၊ ၀၉-၅၀၇၁၃၈၅**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)**
**ကံမမြို့နယ်တရားရုံးတော်**
**၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ်(၃၈)**

ဒေါ်ခင်ထွေး နှင့် ဒေါ်ပုဌေး(ခ)ဒေါ်ဌေးဌေးဝင်း
**တရားလို** **တရားပြိုင်**

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ ကံမမြို့နယ်၊ ဒါန်းကိုင်းကျေးရွာနေ ဒေါ်ပုဌေး(ခ)ဒေါ်ဌေးဌေးဝင်း သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ခင်ထွေးက ချေးငွေကျန်ကျပ်သိန်း(၄၀)(ကျပ်သိန်းလေးဆယ်တိတိ)အား ပြန်လည်ပေးဆပ်စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်း၏ရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ခုနှစ်၊ ဇန်နဝါရီလ ၁၆ရက် (၁၃၈၄ခုနှစ် ပြာသိုလပြည့်ကျော် ၁၁ရက်) နံနက် ၁၀နာရီတွင် တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ဤရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းများ အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာ ၁၅ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သူရဇော်)**
**မြို့နယ်တရားသူကြီး**
**ကံမမြို့နယ်တရားရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ်အဝေးသင်သင်တန်း ၂၀၂၀ ဥပဒေပညာအထူးပြု ၅ဥ-၁၇(၀၂၃)ဖြေဆိုအောင်မြင်ထားသော နန်းခမ်းနွန်း(ခ) အီခမ်းနွန်း ၁၃/မယတ(နိုင်)၀၂၃၈၆၈ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ဖခင် ဦးလာလုံ(ခ) အိုက်လာလုံ ၁၃/မယတ(နိုင်)၀၁၁၃၂၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ပါကြောင်း

ကျိုင်းတုံတက္ကသိုလ် အဝေးသင်သင်တန်း ၂၀၂၀ ဥပဒေပညာအထူးပြု ၅ဥ-၁၄(၀၂၃) ဖြေဆိုအောင်မြင်ထားသော မအီအွန်တစ်(ခ)နန်းအွန်တစ် ၁၃/မယတ(နိုင်)၀၂၅၈၁၅ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**မအီအွန်တစ်(ခ)နန်းအွန်တစ်**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးကျော်သိန်းလှ ၁၁/ပဏတ(နိုင်)၁၀၁၁၂၈ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၆၉၁၉၇၂၉၆၅

## ဖခင်အမည်မှန်

ဗန်းမော်မြို့၊ အထက(၁) Grade-6(A)မှ မောင်အောင်မြတ်မင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်တိုး ၁/ဗမန(နိုင်)၁၁၄၉၆၀ဖြစ်ပါကြောင်း။

**ဦးအောင်တိုး**

## ပျောက်ဆုံးကြောင်း

ကျွန်မ မလှလှ ၁၁/မဥန(နိုင်)၀၈၉၀၄၀ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ် မမှတ်မိ)သည် ပျောက်ဆုံးသွား ပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၄၄၉၃၃၁

## မိခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(ဝါးတော) Grade-3မှ နန်းနှင်းအေးဖြူ၏ မိခင်အမည်မှန်မှာ ဒေါ်မာအေး ၃/မဝတ(နိုင်) ၁၁၂၆၀၅ ဖြစ်ပါကြောင်း။

**ဒေါ်မာအေး**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ဇင်မင်းထွန်း ၁၁/ကတလ(နိုင်) ၁၀၆၅၆၅ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၄၄၉၃၃၁

## ဖခင်အမည်မှန်

ကရင်ပြည်နယ်၊ မြဝတီမြို့၊ အထက(၃) မြဝတီ Grade-7မှ မောင်အောင်ကျော်ကျော်ဇင်၏ ဖခင်အမည်မှန်မှာ ဦးချစ်သိန်း ၇/ဝမန(နိုင်) ၀၆၁၅၁၂ ဖြစ်ပါကြောင်း။

**ဦးချစ်သိန်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်လင်းထွန်း ၁၁/ကဖန(နိုင်)၁၅၀၀၄၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၅၄၄၉၃၃၁

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၂/ဥတ္တရသီရိအလယ်ရပ်၊ မြေကွက်အမှတ်(ဥ-၄၁၁၀)၊ မြေရေိယာ (၀ဒသမ၃၉၅)ဧက၊ နှစ်(၃၀)မြေငှားစာချုပ် မြေကွက်၏ အမည်ပေါက် ဦးဇော်ဝင်း (ဘ)ဦးဘိုအေး ၁၂/ကတတ(နိုင်) ၀၁၇၇၆၅ ကွယ်လွန်သွားပါသဖြင့် အမွေဆက်ခံခွင့်ရှိသော တရားဝင်ဇနီးဖြစ်သူ ဒေါ်ခင်ခင်ဌေး(ဘ)ဦးသောင်းရွှေ ၁၂/ကတတ(နိုင်) ၀၁၇၇၆၆မှ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖြန့်ဖြူးသူပြောင်းလဲကြောင်း အသိပေးကြေညာခြင်း

ပြည်ပထုတ်လုပ်သူ United Phosphorus Ltd(UPL Limited), India မှ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့တွင် မှတ်ပုံတင်ထားသော အောက်ဖော်ပြပါ ပိုးသတ်ဆေးများကို ပြည်တွင်းမူလဖြန့်ဖြူးသည့် Myanmar Arysta LifeScience Co.,Ltdမှ AGRICO LTD သို့ ဖြန့်ဖြူးသူအမည်ပြောင်းလဲ၍ တင်သွင်းဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်-

| စဉ် | ကုန်သွယ်မှုအမည် | အဆိပ်ရှိပစ္စည်းအမျိုးအစား | မှတ်ပုံတင်အမျိုးအစား | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|
| ၁။ | Lancer 75 SP | Acephate 75% SP | Full | F 2012–842 |
| ၂။ | Mallet | Imazethapyr 24% SL | Full | F 2018–1711 |
| ၃။ | Kris | Bispyribac sodium 40% SC | Provisional | P 2019–4499 |
| ၄။ | Glory | Azoxystrobin 5% + Mancozeb 70% WG | Provisional | P 2019–3215 |

သို့ဖြစ်ပါ၍ အဆိုပါဖြန့်ဖြူးသူပြောင်းလဲခြင်းကို ကန့်ကွက်လိုပါက တွဲဖက်အတွင်းရေးမှူး၊ မြန်မာနိုင်ငံပိုးသတ်ဆေးမှတ်ပုံတင်အဖွဲ့၊ သီးနှံကာကွယ်ရေးဌာနခွဲ၊ အနောက်ကြို့ကုန်း၊ အင်းစိန်မြို့သို့ ဤကြေညာပါသည့်ရက်မှစ၍ နှစ်ပတ်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

Myanmar Arysta LifeScience Co.,Ltd
Suite # 09–02, Crystal Tower, Junction Square Compound,
Kyun Taw Road, Kamayut Township, Yangon 11041, Myanmar
T:(+95)1–9339359, 9339360

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁/ဟိုတယ်ဇုန်အရှေ့ရပ်၊ မြေကွက်အမှတ်(A–၁၂)၊ ဧရိယာ ၀ဒသမ ၂၅၁ ဧကရှိ ဒေါက်တာအေးမြင့် (ဘ)ဦးလုလင် ၉/လဝန(နိုင်)၀၀၅၂၈၄ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ်မြေကွက်ကို ဒေါက်တာအေးမြင့်ထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ်(၅၃၉၃/၂၀၂၂) ၉–၁၁–၂၀၂၂ရရှိထားသူ ဦးအောင်မြတ်သန်း (ဘ)ဦးကိုကိုသန်း ၉/မနမ(နိုင်)၀၀၇၆၆၁ မှ ဒေါ်ခင်စန္ဒာဝင်း (ဘ)ဦးခင်မောင်ဝင်း ၁၂/ဥကတ(နိုင်)၁၆၅၆၃၀နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဒိုက်ဦးမြို့၊ အမှတ်(၇) စက်ကွင်းရပ်ကွက်၊ အေးမေတ္တာလမ်းတွင် နေထိုင်သော ဒေါ်နှင်းဝတ်မှုံ ၇/ဒဥန(နိုင်)၁၃၂၄၄၈ ၏ဖခင် ဦးမောင်ဦး(ခ)ဦးမောင်မောင်ဦးမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 1R/ 3891 ယာဉ်လက်ဝယ်ရှိသူ ဦးသူရထူးသာ ၉/ကဆန(နိုင်)၁၄၄၄၅၃ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ကျောက်ဆည်)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 70W/ 20322 KENBO CLICK 125 ယာဉ်လက်ဝယ်ရှိသူ ဦးငွေးမောင် ၉/ပမန(နိုင်)၂၈၉၅၃၁ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ နေပြည်တော်ရုံး**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မိုးညှင်းမြို့၊ အောင်သပြေ(၂) ရပ်ကွက်၊ အမှတ်(၃၀)နေ ဒေါ်ရှန်းသီး(ခ)ရီနားဒေဝီ၊ ဒေါ်ရီနားဒေဝီ၊ ဒေါ်ရှမ်းသီး(ခ)ရီနား(ခ)ရီနားဒေဝီ ၉/မကန(နိုင်)၁၂၂၄၀၄ သည် တစ်ဦးတည်းဖြစ်ပြီး ၎င်း၏ဖခင် ဦးရမ်ပရာဆပ်(ခ)ဦးရမ်းပရဆပ် (ခ) ဦးရမ်းပရာဆပ်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**သွေးသည် အသက်**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**ပြင်ဦးလွင်မြို့နယ်တရားရုံးတော်**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် -၂၇နှင့် ဆက်နွှယ်သည့်**
**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၄၉**

ဒေါ်စိုးသီရိ — နှင့် — ဦးမြင့်သွင်
**ဒီကရီအနိုင်ရသူ** — **တရားရှုံး**

ပြင်ဦးလွင်မြို့နယ်၊ အင်းယားကျေးရွာအုပ်စု၊ အင်းယားရွာနေ တရားရှုံးဖြစ်သူ ဦးမြင့်သွင် (ယခုနေရပ်လိပ်စာမသိ)နေသူသိစေရမည်။

ပြင်ဦးလွင်မြို့နယ်တရားရုံး၏ ၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ် ၂၇တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်စိုးသီရိက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် အကြောင်းပြ၍ ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နှင်းယုလွင်)**
**တွဲဖက်မြို့နယ်တရားသူကြီး (၂)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဓ ဥပဒေအမိန့် –၅၊ နည်းဥပဒေ –၂၀)**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် –၄၇**

၁။ဦးကျော်ကျော်လွင် — နှင့် — ဦးမောင်ကို
၂။ဒေါ်တင်တင်နွယ်
(၎င်းတို့၏ အခွင့်ရကိုယ်စားလှယ်
ဒေါ်ဖြူဖြူဝင်း)
**တရားလိုများ** — **တရားပြိုင်**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၇)၊ ရွာသစ်ကလေး၊ ပညာ့အလင်းဘေးလမ်းနေ တရားပြိုင် ဦးမောင်ကို (ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးကျော်ကျော်လွင်ပါ–၂ (၎င်းတို့၏ အခွင့်ရကိုယ်စားလှယ်ဒေါ်ဖြူဖြူဝင်း)က ပဋိညာဉ်အတိုင်း ဆောင်ရွက်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၆ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(မိုးမိုးအေး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ ကြီးပွားရေးအိမ်ရာ၊ တိုက်အမှတ် ၁၄၊ အခန်းအမှတ်(၁၂) (ပထမထပ်)ကိုမူလအမည်ပေါက် ဦးဝင်းအောင် ၁၂/ကမရ(နိုင်)၀၀၈၂၅၁ ထံမှ ပြန်လည်ဝယ်ယူထားသူ ဒေါ်ဝင်းပပလင်း ၁၂/ဗတထ(နိုင်)၀၃၂၆၄၃ က အမည်ပြောင်းလဲပြီး ပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၀၈)၊ မြေကွက်အမှတ်(၅၀၆)၊ ဦးအေးစံ ၁၁/ကဖန(နိုင်)၀၀၇၈၁၄ အမည်ပေါက်ဧရိယာအကျယ်အဝန်း ပေ(၄၀x၆၀) မြေချပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အဆက်စပ်စာချုပ်များဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိုးမိုးရည် ၁၂/ဒဂရ(နိုင်)၀၁၉၀၀၂ ထံမှ ကျွန်မဒေါ်တင်တင်အေး ၁၂/ဒဂန(နိုင်)၀၁၄၀၅၄ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော အထောက်အထားများနှင့် ကျွန်မထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်အေး ၁၂/ဒဂန(နိုင်)၀၁၄၀၅၄**
**အမှတ် ၂၈၊ ဆင်စွယ်လမ်း၊ စောရန်ပိုင်မြောက်ရပ်ကွက်၊**
**အလုံမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၅၀၃၄၃၈၉၊ ၀၉–၂၆၁၄၅၂၃၂**

## ငွေချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)**
**လှည်းကူးမြို့နယ်တရားရုံးတော်**
**၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ်–၅၄**

ဦးဇော်မင်းအောင် — နှင့် — ဒေါ်လှလှမြိုင်
**တရားလို** — **တရားပြိုင်**

ဧရာဝတီတိုင်းဒေသကြီး၊ ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းကျေးရွာ၊ စိန်မှန်လမ်း၊ အမှတ် (၆၆)နေ ဒေါ်လှလှမြိုင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "လင်မယားကွာရှင်းပေးစေလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ရက် (၁၃၈၄ခုနှစ် ပြာသိုလကွယ်နေ့) မွန်းတည့် ၁၂:၀၀ နာရီတွင် အထက်အမည်ပါ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သကြိန်ဦး)**
**ဒုတိယမြို့နယ်တရားသူကြီး**
**လှည်းကူးမြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်းထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**ပြင်ဦးလွင်မြို့နယ်တရားမရုံးတော်၌**
**၂၀၂၂ခုနှစ်၊ တရားမကြီးမှုအမှတ် ၃၃နှင့်ဆက်နွှယ်သည့်**
**၂၀၂၂ခုနှစ်၊ တရားမဇာရီမှုအမှတ်-၅၃**

ဦးတင်အောင်အေး — နှင့် — ဦးခင်မောင်မောင်
**ဒီကရီအနိုင်ရသူ** — **တရားရှုံး**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အမှတ်(၅၇၂)နေ တရားရှုံး ဦးခင်မောင်မောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၂ခုနှစ် တရားမကြီးမှုအမှတ် ၃၃ တွင် ကျရှိသည့်ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးတင်အောင်အေးက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၂၂ခုနှစ် ဒီဇင်ဘာ ၁၆ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအေး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဓဥပဒေ အမိန့် ၂၁၊ နည်းဥပဒေ ၂၂)**
**ပြင်ဦးလွင်မြို့နယ်တရားရုံးတော်၌**
**၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် ၁၆ နှင့်ဆက်သွယ်သည့်**
**၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၅၀**

ဦးတင်ဝင်း — နှင့် — ၁။ ဗိုလ်မှူးကြီးမြင့်သိန်း
၂။ ဒေါ်ဝင်း
၃။ ဦးဘုန်းအောင်ကျော်
**ဒီကရီအနိုင်ရသူ** — **တရားရှုံးများ**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃) နေ ၁။ တရားရှုံး ဗိုလ်မှူးကြီးမြင့်သိန်းနှင့် ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ ဇမ္ဗူဒီပလမ်း၊ အကွက်အမှတ် (AA–170) နေ ၂။ တရားရှုံး ဒေါ်ဝင်း (ယခုနေရပ်လိပ်စာ မသိသူများ) သိစေရမည်။

ပြင်ဦးလွင်မြို့နယ်တရားရုံး၏ ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်–၁၆ တွင် ကျရှိသည့်ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးတင်ဝင်းက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြစ်စေ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက် (၁၃၈၄ ခုနှစ် ပြာသိုလဆန်း ၁၃) ရက် မွန်းမတည့်မီ ၁၀ နာရီအရောက် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအေး )**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ ဖျောက်ဆိပ်ကုန်းကွင်း၊ ကွင်းအမှတ် (၅၁၇–က)၊ မြေကွက်အမှတ် (တတ–၁၄)၊ ဦးပိုင်အမှတ်(၅၉)၊ ဧရိယာ ၀ ဒသမ ၀၅၅၁ ဧက ပေ(၄၀x၆၀) အကျယ်အဝန်းရှိ ဒုတက အောင်သောင်း အမည်ပေါက်ဂရန်မြေကွက်၏တောင်ဘက်ခြမ်း ပေ(၂၀x၆၀) အကျယ်အဝန်းရှိ ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိနေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အရောင်းအဝယ်ကတိစာချုပ် ၊ နိုတြီကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးစိန်ဝင်း (ဘ)ဦးမော် ၉/မရမ(နိုင်)၀၁၆၁၀၉ နှင့် ဒေါ်မြမြအေး (ဘ)ဦးကြွယ်စံ ၉/မရမ(နိုင်)၀၁၆၁၀၈ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးစရန်ငွေများပေးချေထားပြီး ဖြစ်ပါသည်။

ယင်းအရောင်းအဝယ်အပေါ် ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထားဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ–**
**ဦးကျော်စွာဝင်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၄၇/၂၀၁၃)**
**၇၈လမ်း၊ ၈x၉ လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့**
**ဖုန်း–၀၉–၂၀၃၇၀၉၂**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အိမ်အမှတ် (၅၇၅)နေ ဦးမောင်သိန်း ၉/စကတ(နိုင်)၀၃၉၀၉၈–ဒေါ်မြဝင်း ၉/စကတ(နိုင်)၀၁၇၅၆၈ တို့၏သမီးဖြစ်သူ မဝေမာထွန်း (ခ)မငယ် ၉/စကတ(နိုင်)၀၆၅၄၅၉ ဖြစ်သူသည် မိဘအား ဂုဏ်သိက္ခာညှိုးနွမ်းစေရန်နှင့် စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၎င်းနှင့်ပတ်သက်သည် မည်သည့်ကိစ္စကိုမဆို တာဝန်မယူပါ။ မိဘနှင့်သက်ဆိုင်ခြင်းမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဖခင် ဦးမောင်သိန်း–မိခင် ဒေါ်မြဝင်း**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ရွှေဘိုမြို့၊ အမှတ်(၂)၊ ပြင်စျေးတောင်ရပ်ကွက်နေ ကျွန်ုပ်ဦးထွန်းလင်း (ခ)ဦးထွန်းလင်းအောင် ၅/ရဘန(နိုင်)၀၃၂၆၅၅ နှင့် ဒေါ်သီသီမြင့် ၅/ရဘန(နိုင်)၁၆၆၈၉၆ တို့၏သမီးဖြစ်သူ မသီရိရတနာ ၅/ရဘန(နိုင်)၂၃၇၀၃ သည်မိဘအား စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိဘ၏ဆိုဆုံးမမှုကို နာခံမှုမရှိခြင်းတို့ကြောင့် ၎င်း၏ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့်ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းလင်း(ခ)ဦးထွန်းလင်းအောင်–ဒေါ်သီသီမြင့်**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ညောင်ဝိုင်း အထက Grade-10 မှ မောင်စိုးမင်းလွင် ၏ ဖခင်အမည်မှန်မှာ ဦးဂျူလိုင်မိုး ၈/မလန(နိုင်)၀၉၆၉၉၀ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ညောင်ဝိုင်း အထက Grade-7မှ မောင်လင်းသစ်၏ ဖခင်အမည်မှန်မှာ ဦးအေးမင်းထွေး ၈/မလန (နိုင်) ၀၈၆၀၈၈ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

မကွေး တိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ညောင်ဝိုင်း အထက Grade-1 မှ မသွန်းခင်ခင်နှင့် Grade-4 မှ မဆုရတီမောင်တို့၏ ဖခင်အမည်မှန်မှာ ဦးညိမ်းချမ်းမောင် ၈/မလန(နိုင်)၀၉၄၈၀၅ ဖြစ်ပါသည်။

## ပတ်စ်ပို့ပျောက်

ဦးပညာသာမိ ၁/ရကန(သ)၀၀၀၂၈၈ ၏ ပိတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၆၃၅၀၇၉၉**

## ပတ်စ်ပို့ပျောက်

ကျွန်မ ဒေါ်လဖိုင်ဂျာဒင် ၁/မမန(နိုင်)၀၀၅၄၉၇ ၏ ပိတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ပျောက်ဆုံး သွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

**ဖုန်း-၀၉-၇၉၈၈၄၀၁၉၆**

## စက်မှုဝန်ကြီးဌာန
## အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း
## တင်ဒါအမှတ် - ၄ / ၂၀၂၂-၂၀၂၃ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ အိမ်သုံးပစ္စည်းစက်ရုံ (မင်းစု)ရှိ အဆောက်အအုံ(၃)လုံးနှင့် 1000 KVA Transformer (၁)လုံးတို့၏ စုစုပေါင်းဧရိယာ(23340 sqft) တို့အား (၁-၂-၂၀၂၃ မှ ၃၁-၁-၂၀၂၈)ထိ (၅)နှစ် ငှားရမ်းမည် ဖြစ်ပါသည်။

၂။ တင်ဒါအစီအစဉ်

(က) **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂၀-၁၂-၂၀၂၂ရက်၊ နံနက် ၁၀:၀၀နာရီ

(ခ) **တင်ဒါပိတ်ရက်နှင့်အချိန်** - ၃-၁-၂၀၂၃ရက်၊ ညနေ ၁၆:၀၀နာရီ

(ဂ) **တင်ဒါတင်သွင်းရမည့်နေရာ** - တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ၊ အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်

၃။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၁၂-၂၀၂၂ ရက်မှစ၍ ရုံးချိန်အတွင်း အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ်(၃)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)နေပြည်တော်တွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း- ၀၆၇-၄၀၈၃၉၃၊ ၀၉ -၄၂၅၃၁၀၃၀၂ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မော်လမြိုင်မြို့၊ လှိုင်ရပ်ကွက်၊ အကွက်အမှတ်(၂၅)၊ဦးပိုင်အမှတ်(၃၀)၊ ဧရိယာ ၀ ဒသမ ၃၀၉ဧကရှိမြေသည် ဒေါ်မလေးအမည်ပေါက် ပိုင်ဆိုင်သောမြေဖြစ်ပါသည်။ ဒေါ်မလေးနှင့်၎င်း၏ခင်ပွန်းဆုံးပါးသွားပြီးနောက် သားနှစ်ဦးဖြစ်သူ ဦးမောင်သိန်းနှင့်ဦးအုန်းငွေတို့မှပိုင်ဆိုင်လာခဲ့ပြီး ဦးမောင်သိန်းသည် ၁၉၉၃ခုနှစ်တွင်ကွယ်လွန်သွားပါသဖြင့် ဦးမောင်သိန်း၏ဇနီးဖြစ်သူ ဒေါ်ရင်ရွှေနှင့်ညီဖြစ်သူ ဦးအုန်းငွေတို့နှစ်ဦးသာ ပိုင်ဆိုင်ကြောင်းကို ကျမ်းကျိန်လွှာအား မှတ်ပုံတင်စာချုပ်အမှတ်(၈၃/၉၇)၊ (၈၄/၉၇)ဖြင့် မှတ်ပုံတင်ခဲ့ပြီး မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် အရောင်းအဝယ်စာချုပ်မှတ်ပုံတင်စာချုပ်အမှတ်(၁၆၇/၉၇)အရ အထက်ပါမြေဧရိယာ ၀ ဒသမ ၃၀၉ဧကအနက်မှ ၀ ဒသမ ၁၅၄ ဧကအား တရားဝင်ရောင်းချခဲ့ပြီးဖြစ်ပါသည်။ ယခုအခါတွင် ဦးအုန်းငွေသည် လူပျိုကြီးဘဝဖြင့် ၂၂-၁-၂၀၁၂ရက်တွင် ကွယ်လွန်သွားပြီးဖြစ်ပါသဖြင့် ကျန်ရှိသည့်မြေဧရိယာ ၀ ဒသမ ၁၅၅ ဧကအား ဦးမောင်သိန်း၏ဇနီးဖြစ်သူ ဒေါ်ရင်ရွှေတစ်ဦးတည်းသာ အမွေဆက်ခံပိုင်ဆိုင်လာပါကြောင်းနှင့် အခြားမည်သူ တစ်ဦးတစ်ယောက်မျှမကျန်ရှိတော့ပါကြောင်း ကျမ်းကျိန်လွှာ အမှတ်စဉ် (၅၁၄/ ၂၀၂၂)(၃-၁၁-၂၀၂၂) ကျမ်းကျိန်လွှာဖြင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန် မြေပုံကူးယူထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများမှ တရားဝင်အထောက်အထားများဖြင့် ကြေညာသည့်ရက်မှ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာအပ်သည်။

**ဒေါ်ရင်ရွှေ**
**၁၀/မလမ(နိုင်)၁၂၁၆၇၉**
**အမှတ်(၃၈)၊ အုတ်ဖိုလမ်း၊**
**လှိုင်ရပ်ကွက်၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ ၀ဒသမ ၁၄၆ ဧက၊ မြေကွက်အမှတ် (ဥ-၆၄၆၉) ဦးမျိုးမင်းဇော် (ဘ)ဦးစိန်သောင်း ၁၂/ဥကမ(နိုင်)၀၇၇၀၃၇ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးကျော်သန့်လွင် (ဘ) ဦးကျော်မြင့် ၉/မမန(နိုင်)၀၁၃၁၈၆ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဦးဆာဂျန်(ဘ)ဦးစီအိုလမ် ၉/မဟမ(နိုင်)၀၅၆၁၀၅ နှင့် အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၆၅၂)၊ ၃၈-လမ်း၊ ၇၈-၇၉ လမ်းကြား၊ ကားဝင်းရပ်နေ ဦးအူးဒေးကျန်၏သား ဦးအဒါကစ်ကူးမား ၉/မဟမ(နိုင်)၀၅၇၈၂၉ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေး ကြေညာအပ်ပါသည်-

မန္တလေးမြို့၊ ရွှေလုပ်ငန်းရှင်ကြီးများ အသင်းဝင်တစ်ဦးဖြစ်သူ ဦးအဒါကစ်ကူးမားသည် ရွှေရောင်းဝယ်ရေးလုပ်ငန်းများကို မန္တလေးမြို့နှင့် နယ်ဝေးဒေသများပါ ဖြန့်ဖြူးရောင်းချလျက်ရှိရာ မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စိန်ပန်းရပ်ကွက်၊ အောင်မင်္ဂလာကျောင်းလမ်း၊ အနောက်မိုးကောင်းကွေ့နေ ဦးဆာဂျန် (ဘ) ဦးစီအိုလမ် ၉/မဟမ(နိုင်)၀၅၆၁၀၅အား ရွှေ ၁၈ ပိုင်း (တစ်ပိဿာနှင့် ၈၀- ကျပ်သား) ကာလတန်ဖိုး ကျပ်သိန်း(၄၈၀၀ိ/-) ခန့်ကို ၂၅-၁၁-၂၀၂၂ရက် ညနေက လားရှိုးမြို့၊ ရွှေကုန်သည်ကြီးတစ်ဦးထံသို့ ပို့ပေးရန် စေခိုင်းခဲ့ပါသည်။

သို့ရာတွင် ဦးဆာဂျန်သည် လုပ်ငန်းရှင်ခိုင်းစေသည့်အတိုင်း ရွှေ ၁၈ပိုင်းကို လားရှိုးမြို့မှ ရွှေကုန်သည်ကြီးထံ ပေးပို့ခြင်းမရှိသည့်အပြင် မူလပိုင်ရှင်ထံသို့ ပြန်လည်အပ်နှံခြင်းလည်းမရှိ၊ အကျိုးအကြောင်းဆက်သွယ်ပြောကြားခြင်းလည်းမရှိ၊ ၎င်းကိုင်ဆောင်လေ့ရှိသည့် လက်ကိုင်ဖုန်းနှစ်လုံးကိုလည်း စက်ပိတ်ထားသည်ကို စိတ်မကောင်းဖွယ် တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ဦးဆာဂျန် အနေဖြင့် ယနေ့မှစ၍ ၁၀ ရက်အတွင်း ရွှေ ၁၈ ပိုင်းကို ကျွန်ုပ်၏ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်အပ်နှံရန်နှင့် ပျက်ကွက်ပါက ဥပဒေအရ အရေးယူမည်ဖြစ်ကြောင်း၊ ဦးဆာဂျန်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးအဒါကစ်ကူးမား** | **ဦးကျော်ကျော်** |
| | **B.Sc, H.G.P, D.B.L, D.I.L** |
| | **အထက်တန်းရှေ့နေ(စဉ်-၁၆၄၂၅/၂၉-၂-၁၉၈၈)** |
| | **အမှတ်(၅)၊ အကွက်(၃၀)၊ ဥပုသ်တော်ရပ်၊** |
| | **အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့** |
| | **ဖုန်း-၀၉-၄၃၁၇၈၄၁၃၊ ၀၉-၄၂၄၂၂၄၃၄၃** |

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန
## နေပြည်တော်
## လျှောက်လွှာခေါ်ယူခြင်း

၁။ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အောက်ဖော်ပြပါ ရာထူးနေရာများ လစ်လပ်လျက်ရှိပါသည်-

(က) အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ)ရာထူး လစ်လပ်(၁၄၀)နေရာ (လစာနှုန်းကျပ်၁၉၈၀၀၀-၂၀၀၀-၂၀၈၀၀၀)

(ခ) အငယ်တန်းစာရေးရာထူး လစ်လပ်(၁၅၀)နေရာ (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

(ဂ) အငယ်တန်းအင်ဂျင်နီယာ-၄(မြို့ပြ)ရာထူး လစ်လပ်(၁၀၀)နေရာ (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

(ဃ) ဒုလက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူးရာထူး လစ်လပ်(၁၀၀)နေရာ (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

(င) စာရင်းကိုင်-၄ရာထူး လစ်လပ်(၅၀)နေရာ (လစာနှုန်းကျပ်၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) အငယ်တန်းအင်ဂျင်နီယာ-၃(မြို့ပြ)၊ အငယ်တန်းစာရေး၊ အငယ်တန်းအင်ဂျင်နီယာ-၄ (မြို့ပြ)၊ ဒုလက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးနှင့် စာရင်းကိုင်-၄ ရာထူးများအတွက် ၃၁-၁-၂၀၂၃ ရက်နေ့တွင် အသက်(၂၈)နှစ်ထက် မကျော်လွန်သူ၊ ဝန်ထမ်းဖြစ်ပါက အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဂ) အငယ်တန်းအင်ဂျင်နီယာ-၃ရာထူးအတွက် မြို့ပြအင်ဂျင်နီယာဆိုင်ရာ ဘွဲ့တစ်ခုခုရရှိသူ ဖြစ်ရမည်။

(ဃ) အငယ်တန်းစာရေး ရာထူးအတွက် သမဝါယမတက္ကသိုလ်/တက္ကသိုလ်တစ်ခုခုမှ ဘွဲ့တစ်ခုခုရရှိသူဖြစ်ရမည်။

(င) စာရင်းကိုင်-၄ရာထူးအတွက် တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိသူ ဖြစ်ရမည်။ (စာရင်းအင်း/ စာရင်းကိုင်ပညာဆိုင်ရာဘွဲ့ရရှိသူ/ စာရင်းကိုင်ပညာဆိုင်ရာဒီပလိုမာ(DA) ရရှိသူများအား ဦးစားပေးစဉ်းစားမည်။)

(စ) အငယ်တန်းအင်ဂျင်နီယာ-၄ ရာထူးအတွက် မြို့ပြအင်ဂျင်နီယာဆိုင်ရာဘွဲ့/ ဒီပလိုမာ တစ်ခုခုရရှိသူဖြစ်ရမည်။

(ဆ) ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူးအတွက် ကွန်ပျူတာဆိုင်ရာ ဘွဲ့တစ်ခုခု ရရှိသူ/ကွန်ပျူတာဆိုင်ရာ ဒီပလိုမာ (D.C.Sc/ D.C.A)ရရှိသူများ ဖြစ်ရမည်၊

(ဇ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

(ဈ) ဌာနတွင် အနည်းဆုံး(၃)နှစ် ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

(ည) ဒေသခံများအား ဦးစားပေးစဉ်းစားမည်၊ ဝေးလံဒေသများအတွက် ပညာအရည်အချင်း/ အသက်သတ်မှတ်ချက်အား လျှော့ပေါ့စဉ်းစားမည်။

(ဋ) အခြားဝန်ထမ်းအဖွဲ့အစည်းများမှ လျှောက်ထားသူများသည် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းအကြီးအမှူး၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားရမည်။

၃။ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ဝန်ထမ်းသစ်ဖြည့်တင်း ခန့်ထားမည့်ဒေသများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန Website www.drdmyanmar.org နှင့် သက်ဆိုင်ရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ဖော်ပြကြော်ငြာထားမည် ဖြစ်ပါသည်။

၄။ လျှောက်လွှာတွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊ မွေးသက္ကရာဇ်၊ လူမျိုးနှင့် ကိုးကွယ်သည့် ဘာသာ၊ ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ မိဘအမည်၊ နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊ ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊ ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊ ဆက်သွယ်ရန်လိပ်စာ၊ ဆက်သွယ်ရန်တယ်လီဖုန်းနံပါတ်၊ အမြဲတမ်းလိပ်စာ အပြည့်အစုံ တို့ကို ဖော်ပြရမည်။

၅။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)၊

(ခ) အသက် အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ် မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်)

(ဂ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အကျင့်စာရိတ္တကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်းကို သက်ဆိုင်ရာရပ်ကွက်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ထောက်ခံချက်မူရင်း၊ (လွန်ခဲ့သော(၁)လအတွင်း) (ဝန်ထမ်းများအတွက် ကိုယ်တိုင်ဝန်ခံချက်၊ ဌာနထောက်ခံချက်)

(ဃ) နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊

(င) ကျန်းမာကြောင်းဆေးထောက်ခံစာ၊

(စ) ပတ်စ်ပို့ဓာတ်ပုံ(၃)ပုံ (လွန်ခဲ့သော(၁)လခန့်အတွင်း)။

၆။ သတ်မှတ်အရည်အချင်းနှင့်ပြည့်မီသူများသည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်) ရုံးအမှတ်(၃၆)၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ် ကျေးလက်ရုံးများနှင့် ကွပ်ကဲမှုအောက်ရှိ ခရိုင်၊ မြို့နယ်ကျေးလက်ရုံးများအတွက် သက်ဆိုင်ရာကျေးလက်ဦးစီးဌာနရုံးများသို့ ၁၃-၁-၂၀၂၃ရက် နောက်ဆုံးထား၍ လျှောက်လွှာပေးပို့ရမည်။

၇။ နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာ(၁)စောင်ကို မိမိတာဝန်ထမ်းဆောင်ရသည့် ဌာန ထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှ တစ်ဆင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်သို့ ၁၆-၁-၂၀၂၃ရက် နောက်ဆုံးထား၍ အရောက်ပေးပို့ရန် ဖြစ်ပါသည်။ (ကြိုတင်လျှောက်လွှာ(၁)စောင်ကိုရေးဖြေဖြေဆိုမည့်နေရာ၌ သတ်မှတ်လျှောက်လွှာပိတ်ရက်မတိုင်မီ တင်သွင်းရမည်။)

၈။ ရေးဖြေစာမေးပွဲကို ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အလိုက် ပြုလုပ်မည်ဖြစ်ရာ ဖြေဆိုလိုသည့် တိုင်းဒေသကြီး/ပြည်နယ်အား လျှောက်လွှာတွင် ထင်ရှားစွာဖော်ပြရန်ဖြစ်ပါသည်။ ဖြေဆိုရမည့်ဘာသာရပ်များမှာ မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ တို့ဖြစ်ပြီး စာမေးပွဲကျင်းပမည့် နေ့ရက်၊ နေရာနှင့် အချိန်တို့ကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ကြိုတင်ကြေညာပါမည်။

၉။ အရည်အချင်းသတ်မှတ်ချက်နှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အချက်အလက် မပြည့်စုံသူများနှင့် သတ်မှတ်ရက်ထက် နောက်ကျရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)၊ တယ်လီဖုန်းနံပါတ် ၀၆၇-၄၁၈၆၁၁၊ ၀၆၇-၄၁၈၆၀၉၊ ၀၆၇-၄၁၈၆၁၂ နှင့် တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများသို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေ ဦးရန်းဒါရီ ၇/ကတခ(နိုင်)၀၉၇၈၆၉ လှျပ်စစ်ပိုင်း၊ နီလာလမ်း၊ ကွင်းနောက်ရပ်ကွက်၊ ကျောက်တံခါးမြို့နေသူမှ အောက်ပါအတိုင်း ညွှန်ကြားပါသည်-

ကျွန်ုပ်၏မိတ်ဆွေမှ မကွယ်လွန်မီ မိမိပိုင်ဆိုင်သော ပစ္စည်းများအား သားသမီးများဖြစ်ကြသော ၁။ ဘီဂျိုက်ကူမာ၊ ၂။ ဒီလစ်ကူမာရ်၊ ၃။ အနီကူမာ၊ ၄။ ဆူနီကူမာ၊ ၅။ စံဂျေကူမာရ်၊ ၆။ မနိုရ်ကူမာရ်တို့အား အညီအမျှ ခွဲဝေပေးလိုပါသည်။

**ခွဲဝေပေးမည့်ပစ္စည်းစာရင်းမှာ**

၁။ လျှပ်စစ်(၂)လမ်းရှိ အိမ်အမှတ် ကန (၈၂၄)၊ ပေ(၂၃x၁၂၅) ခြံမြေ

၂။ ဂုံမင်းကွင်းအုပ်စု၊ စွတ်ကရူးရွာရှိ ပေ(၆၀x၂၀၀ ) ခြံမြေ

၃။ ဂုံမင်းကွင်းအုပ်စု၊ စွတ်ကရူးရွာရှိ လယ်(၁၀)ကေခန့်

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ သားသမီးများသည် ဤသတင်းစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ဆက်သွယ်ရန် အကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်မျိုးဦး**
**အထက်တန်းရှေ့နေ (စဉ်-၂၂၄၂၈)**
**ဦးစံကျော်လမ်း၊ ဈေးပိုင်း၊ ကျောက်တံခါးမြို့**
**ဖုန်း-၀၉-၄၄၄၁၀၅၀၈၀**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ဒူကထောင်ရပ်ကွက်၊ ကွင်းအမှတ် (၁၃/၁က)၊ ဦးပိုင်အမှတ် (၂၁၈)၊ မြေဧရိယာ၀ ဒသမ ၁၁၀ဧကရှိမြေကွက်သည် မူလက ဒေါ်ဂျာနန်အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၅၆၉(၃) ၂၀၀၃-၂၀၀၄ အရ ၆-၈-၂၀၁၈ ရက်ထိ(၁၅)နှစ် မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဒေါ်ဂျာနန်(၎င်း၏အထွေထွေကိုယ်စားလှယ်စာရရှိသူ ဦးတူးထွယ်ခေါင်)က ၃-၁၁-၂၀၂၂ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၃၉၇/၂၀၂၂) အရ ဒေါ်ချန်ဆိုင်းထံသို့ အပြီးအပိုင်ရောင်းချခဲ့ပြီးဖြစ်ပါသဖြင့် ယခုအခါ ဒေါ်ချန်ဆိုင်း ၁/ပတအ(နိုင်)၀၂၈၉၈၁ အမည်ဖြင့် (အမည်ပြောင်း)မြေငှားဂရန်လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅) ရက် ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအားလုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ်(ဒ-၄၅၉၉)၊ မြေဧရိယာ၀ဒသမ ၀၈၂ဧကရှိ ဦးမောင်မောင်သောင်း(ဘ) ဦးရန်ကင်း ၉/အမရ(နိုင်)၀၀၆၅၁၃ အမည်ပေါက်နှစ်(၃၀)မြေငှားစာချုပ်မြေကွက်အား ဦးမောင်မောင်သောင်းသည် လူပျိုကြီးဖြစ်ပြီး ၃-၈-၂၀၂၁ရက်တွင် သေဆုံးခဲ့ပြီး၊ ၎င်း၏ဖခင်ဖြစ်သူ ဦးရန်ကင်းနှင့် မိခင်ဖြစ်သူ ဒေါ်သောင်းတို့မှာလည်း သေဆုံးသွားခဲ့သဖြင့် အမည်ပေါက် ဦးမောင်မောင်သောင်း၏ မောင်နှမအရင်းများဖြစ်သူ (၆) ဦးအနက် ဒေါ်ဆန်းညွန့်ရီ(ဘ)ဦးရန်ကင်း၉/အမရ(နိုင်)၀၄၁၀၀၀၊ ဦးအေးကျော်(ဘ)ဦးရန်ကင်း ၉/အမရ(နိုင်)၀၃၉၃၀၉၊ ဦးလှမြိုင်(ဘ) ဦးရန်ကင်း ၉/အမရ(နိုင်)၀၂၀၄၅၆၊ ဦးသိန်းဝင်း(ဘ)ဦးရန်ကင်း ၉/အမရ(နိုင်)၀၃၉၅၇၂၊ ဦးကျော်ဝင်း(ဘ)ဦးရန်ကင်း ၉/အမရ(နိုင်)၀၄၀၉၈၉ တို့ထံမှ အမရပူရမြို့နယ် စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ် လွှဲစာ(၇၃၃/၂၀၂၂)ရရှိထားသူ ဒေါ်မြစန်း(ဘ)ဦးရန်ကင်း၉/အမရ(နိုင်)၀၃၉၃၀၈မှ အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်း၊ မောင်နှမ(၆)ဦးမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဦးမောင်မောင်သောင်း ၏ သေဆုံးကြောင်းလက်မှတ်မူရင်း၊ ဒက္ခိဏခရိုင်တရားရုံး၏ ၁၇-၈-၂၀၂၂ ရက်စွဲပါ အမွေဆက်ခံခွင့် လက်မှတ်ထုတ်ပေးရန်အမိန့်နှင့်အမွေဆက်ခံရန် သက်သေခံလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆)၊ မြေငှားစာချုပ်မူရင်းများ တင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများအထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီမြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်၊ မတ္တရာမြို့နယ်၊ လွန်တောင်းကျေးရွာနေ ကျွန်ုပ်ဦးကျော်တင့် ၉/မတရ(နိုင်)၀၂၃၃၅၅ နှင့် ဒေါ်ချို ၉/မတရ(နိုင်)၀၂၃၂၁၀ တို့၏ သမီးဖြစ်သူ မအိမွန်ကျော် ၉/မတရ(နိုင်)၁၂၃၅၉၃ သည် မိဘအား စိတ်ဆင်းရဲအောင် ပြုလုပ်ခြင်း၊ မိဘ၏ဆိုဆုံးမမှုကို နာခံမှုမရှိခြင်းတို့ကြောင့် ၎င်း၏ကိစ္စအဝဝတို့အား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်းနှင့် ယနေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်တင့်-ဒေါ်ချို**

## မိသားစုရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် အသင်းသားများသို့ အကြောင်းကြားခြင်း

တောင်ဥက္ကလာပ(၆)ရပ်ကွက်ရှိ မိသားစုရောင်းဝယ်ရေးသမဝါယမအသင်း အသင်းသားများကို စနစ်တကျ ပြန်လည်ဖွဲ့စည်းပြီး အသင်းပိုင်စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ကိုင်ဆောင်ရွက်နိုင်ရန်အတွက် အသင်းနှင့်ကင်းကွာနေသော ကင်းကွာအသင်းသားများနှင့် အကြောင်းအမျိုးမျိုးကြောင့် အသက်ဆုံးရှုံးသွားသော အသင်းသားများ၏ အမွေဆက်ခံသူများအားလုံး ဤကြော်ငြာပါသည့်ရက်မှ ရက် ၃၀ အတွင်း ဖြုဟ္မစိုရ်လမ်းရှိအသင်းဆိုင် (သို့) အသင်းအမှုဆောင် ဦးမြအုန်း ဖုန်း-၀၉-၇၉၅၆၂၅၇၈၁ သို့ မပျက်မကွက်ဆက်သွယ်ပါရန် အသိပေးအကြောင်းကြားအပ်ပါသည်။ လာရောက်ဆက်သွယ်မှုမရှိသော အသင်းသားများအား အသင်း၏အရပ်ရပ်ဆိုင်ရာ အစည်းအဝေး ၂/၂၀၂၂ အစည်းအဝေးမှတ်တမ်းအရ အသင်းသားအဖြစ်မှ ထုတ်ပယ်သွားမည်ဖြစ်ကြောင်းနှင့် ကင်းကွာ၊ သေဆုံးအသင်းသားတို့၏နေရာတွင် အစားထိုးအသင်းဝင်သစ်များကို စိစစ်လက်ခံသွားမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**အမှုဆောင်အဖွဲ့**
**မိသားစုရောင်းဝယ်ရေးသမဝါယမအသင်း**
**ဖြုဟ္မစိုရ်လမ်း(၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၂၁၃၆)၊ ဧရိယာ၀ဒသမ ၀၈၂ဧကရှိ ဦးသန်းမောင်(ဘ)ဦးထွန်းပ အမည်ပေါက် ပါမစ်မြေကွက်အား အမည်ပေါက်သူ ကွယ်လွန်သွားခဲ့ပြီးဖြစ်၍ ဇနီးဖြစ်သူ ဒေါ်မြလေး (ဘ)ဦးညီပု ၉/လဝန (နိုင်)၁၀၉၃၇၈ မှ ယာယီမြေပေးလက်မှတ်၊ ဝန်ခံကတိပြုချက်၊ အမွေဆက်ခံပိုင်ဆိုင်ကြောင်း တရားရုံး ကျမ်းကျိန်လွှာမှတ်ပုံတင်အ မှတ်(၈၁၉/၂၀၂၂)၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ၎င်းမြေကွက်ကို ချထားပေးသည်မှာ မှန်ကန်ကြောင်း အသိသက်သေ(၃)ဦး ထောက်ခံချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ ရဲစခန်းထောက်ခံချက် မူရင်းများတင်ပြပြီး မြေပေးမိန့်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ်(ဒ-၃၀၂၂၅)၊ မြေဧရိယာ ၀ ဒသမ ၁၄၆ဧကရှိ ဦးမောင်မောင်သောင်း(ဘ)ဦးရန်ကင်း ၉/အမရ(နိုင်)၀၀၆၅၁၃ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်အား ဦးမောင်မောင်သောင်းသည် လူပျိုကြီးဖြစ်ပြီး ၃-၈-၂၀၂၁ရက်တွင် သေဆုံးခဲ့ပြီး ၎င်း၏ ဖခင်ဖြစ်သူ ဦးရန်ကင်းနှင့် မိခင်ဖြစ်သူ ဒေါ်သောင်းတို့မှာလည်း သေဆုံးသွားခဲ့သဖြင့် အမည်ပေါက် ဦးမောင်မောင်သောင်း၏ မောင်နှမအရင်းများဖြစ်သူ (၆)ဦးအနက် ဒေါ်ဆန်းညွန့်ရီ(ဘ)ဦးရန်ကင်း ၉/အမရ(နိုင်)၀၄၁၀၀၀၊ ဦးအေးကျော်(ဘ)ဦးရန်ကင်း ၉/အမရ(နိုင်)၀၃၉၃၀၉၊ ဦးလှမြိုင်(ဘ)ဦးရန်ကင်း ၉/အမရ(နိုင်) ၀၂၀၄၅၆၊ ဦးသိန်းဝင်း(ဘ)ဦးရန်ကင်း ၉/အမရ(နိုင်)၀၃၉၅၇၂၊ ဦးကျော်ဝင်း(ဘ)ဦးရန်ကင်း ၉/အမရ(နိုင်)၀၄၀၉၈၉တို့ထံမှ အမရပူရမြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာ(၇၃၃/၂၀၂၂)ရရှိထားသူ ဒေါ်မြစန်း(ဘ)ဦးရန်ကင်း ၉/အမရ(နိုင်)၀၃၉၃၀၈မှ အထွေထွေကိုယ်စားလှယ်လွှဲစာမူရင်း၊ မောင်နှမ(၆)ဦးမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြောင်း မှတ်ပုံတင်တရားရုံးကျမ်းကျိန်လွှာမူရင်း၊ ဦးမောင်မောင်သောင်း၏ သေဆုံးကြောင်းလက်မှတ်မူရင်း၊ ဒက္ခိဏခရိုင်တရားရုံး၏၁၇-၈-၂၀၂၂ ရက်စွဲပါ အမွေဆက်ခံခွင့်လက်မှတ်ထုတ်ပေးရန် အမိန့်နှင့် အမွေဆက်ခံရန် သက်သေခံလက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စုလူဦးရေစာရင်း(ပုံစံ-၆၆)၊ မြေငှားစာချုပ်မူရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာခြင်းအား ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၅/ရပ်ကွက်၊ နဝဒေး(၃)လမ်း၊ အမှတ်-၂၇(ခေါင်းရင်းဘက်ခြမ်း)၊ အကျယ်အဝန်း (၁၃ ဒသမ ၈x၄၉)ပေရှိ မြေနှင့်နေအိမ်အား တရားဝင်အမွေခွဲဝေရရှိခဲ့ပြီး စာချုပ်အဆက်ဆက်ဖြင့် ပိုင်ဆိုင်သော ဒေါ်မာလာချို ၁၂/မရက(နိုင်)၁၂၇၄၆၃ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သဉ္ဇာငွေး ၁၂/မရက(နိုင်)၁၆၃၀၅၃က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတချို့အား ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ ကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ထိုသတ်မှတ်ထားသောရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်ကိစ္စကို အပြီးသတ်သည်အထိဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်သဉ္ဇာငွေး** | **ဦးဟိန်းမင်းဆွေ(LL.B)** |
| **၁၂/မရက(နိုင်)၁၆၃၀၅၃** | **အထက်တန်းရှေ့နေ(စဉ်-၃၃၂၅၈/၃၁-၃-၂၀၁၀)** |

**အမှတ်(၄၂)၊ စော်ဘွားလမ်း၊ (၅)ရပ်ကွက်၊**
**မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၄၂၁၀၅၆၅၂၇၊ ၀၉-၇၉၂၄၄၂၆၃၁**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (ဟော်လေးလုံးကွက်သစ်)၊ ဦးပိုင်အမှတ်(၆၅)၊ ဧရိယာ ၀ဒသမ ၁၄၇ဧက၊ အမှုတွဲအမှတ် ၂၆၅-၅/၂၀၂၀-၂၀၂၁(A)ဖြင့် ဦးညွန့်ရွှေမှ ပိုင်ဆိုင်သော မြေကွက်၏ ဧရိယာ ၀ဒသမ ၁၄၇ဧကအနက်မှ ဧရိယာ ၀ ဒသမ ၁၀၁ ဧကအား ၎င်း၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်နန်းခမ်းမွန် ၁၃/လရန(နိုင်)၀၄၁၄၁၉ မှ ရောင်း/ဝယ်စာချုပ်(၄၂၇၊/၂၀၂၂)ဖြင့် ဒေါ်နန်းနွန်းခမ်း ၁၃/သပန(နိုင်)၁၀၉၂၇၉ထံသို့ရောင်းချပေးပြီးဖြစ်၍ ဦးပိုင်ခွဲစိတ်ခွင့် လျှောက်ထားလာမှု အပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (နမ့်ခိုက်တိုးချဲ့)၊ ဦးပိုင်အမှတ်(၁၆၇၆)၊ ဧရိယာ ၀ ဒသမ ၀၉၆ဧက၊ အမှုတွဲအမှတ် ၄၀၂-၅/၂၀၁၀-၂၀၁၁(စီ)ဖြင့် ဦးကော်ဝင်းချန်မှ ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်တင်တင်စိန် ၁၃/လရန(နိုင်)၀၈၂၇၂၉မှ ရောင်း/ဝယ်စာချုပ်(၄၈၆၊/၂၀၂၂) ဖြင့် ဒေါ်နန်ထန် ၁၃/သနန(နိုင်)၀၅၅၉၈၇ ထံရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်းထပ်မံအသစ်လျှောက်ထား လာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန၊**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ် (စက်မှုလယ်ယာအရှေ့)၊ ဦးပိုင်အမှတ်(၃၀၁)၊ ဧရိယာ၀ဒသမ ၀၈၃ဧက၊ အမှုတွဲအမှတ် ၇၄၂-၅/၂၀၀၃-၂၀၀၄(စီ)ဖြင့် ဦးကျော်သူစိုးမှ ပိုင်ဆိုင်သော မြေကွက်အား ၎င်း၏ ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဒေါ်မြသွေး (ခ)မြင့်မြင့်စိန် ၁၃/လရန(နိုင်)၀၈၂၁၀၉၉မှ ရောင်း/ဝယ်စာချုပ်(၃၀၊/၂၀၂၁) ဖြင့် ဒေါ်ဆမ်ကျမ် ၁၃/တယန(နိုင်)၀၇၈၀၂၁ ထံသို့ ရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်း ထပ်မံအသစ် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေ**
**အုပ်ချုပ်ရေးဦးစီးဌာန**
**လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁)၊ အကွက်အမှတ်(စက်မှုလယ်ယာအရှေ့)၊ ဦးပိုင်အမှတ်(၆၉၃)၊ ဧရိယာ၀ဒသမ ၁၆၅ဧက၊ အမှုတွဲ အမှတ်၁၂၁၁-၅/၂၀၁၈-၂၀၁၉ဖြင့် ဦးသော်တာလင်းမှ ပိုင်ဆိုင်သောမြေကွက်အား ၎င်းမှ ရောင်း/ဝယ်စာချုပ်(၄၈၄၊/၂၀၂၂)ဖြင့် ဒေါ်နန်းမာလာလ(ခ)ကြည်ကြည်ဆွေ ၁၃/လရန(နိုင်)၀၃၆၁၇၇ထံရောင်းချပေးပြီးဖြစ်၍ အမည်ပြောင်း လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုသူများရှိပါက ရက်ပေါင်း(၂၀)အတွင်း ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လားရှိုးမြို့**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## မကွေးခရိုင်တရားရုံးတော်၌
## ၂၀၂၂ ခုနှစ်တရားမကြီးမှုအမှတ်- ၈၈

| | | |
|---|---|---|
| ဒေါ်မြင့်မြင့်ခိုင် | **နှင့်** | ၁။ အသေးစားနှင့်အလတ်စားစက်မှုလုပ်ငန်းဖွံ့ဖြိုးရေးဘဏ်(ကျောက်ပန်းတောင်းဘဏ်ခွဲ) (၎င်းဘဏ်ကိုယ်စား ဒေါ်နုနုခင်) |
| | | ၂။ ဒေါ်သန်းသန်း |
| | | ၃။ ဒေါ်ရီရီမြင့် |
| **တရားလို** | | **တရားပြိုင်များ** |

မကွေးမြို့၊ ရန်မျိုးအောင်ရပ်၊ ခွာညိုလမ်းဒေါင့်၊ (၁၇)လမ်း၊ အမှတ်-၅၀၄ နေ (၂)တရားပြိုင် ဒေါ်သန်းသန်း (၃)တရားပြိုင်ဒေါ်ရီရီမြင့်(ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

